ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုမပြုလျှင် စင်ကြယ်**

မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏။ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်သောကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာဖြစ်၏။ သူတစ်ယောက်သည် အခြား သူတစ်ယောက်ကို (ကိလေသာအညစ်အကြေးမှ စင်ကြယ် အောင်)မသုတ်သင်နိုင်။ (မကောင်းမှုကို မပြုဘဲ မိမိကိုယ်ကို စင်ကြယ်အောင် သုတ်သင်ထားရာ၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၅)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 28 September 2016 (၈၆၉၈)

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကောင်းရှန်ခွင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးရေး၊ မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ဆွေးနွေးကြပြီး ဧည့်သည်တော် ဝန်ကြီးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးလာရောက်လည်ပတ်နိုင်ပါရန် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ဖိတ်ကြားလိုက်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကောင်းရှန်ခွင်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# BPI မှ ထုတ်လုပ်သည့် ဆေးဝါးများ အတုပြုလုပ်ရောင်းချမှုအား ဖော်ထုတ်အရေးယူမှု သတင်းစာရှင်းလင်း
## ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများ၊ တံဆိပ်အတုနှင့် ဆက်စပ်ပစ္စည်း သိန်း ၂၈၀၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးများ၊ BPI တံဆိပ်အတုမျိုးစုံ စာရွက်များ၊ ဆေးဝါးအတုဖော်စပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒ ဆေးရည်များ၊ ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုသည့် အိတ်ပိတ်စက်နှင့် ဆေးရေတွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ တံဆိပ်အတုရိုက်နှိပ်သည့် ပုံနှိပ်စက်၊ စက္ကူဖြတ်စက်နှင့် နဂ္ဂတစ်ဖလင်ပြားများ စုစုပေါင်းကာလတန်ဖိုးငွေကျပ် သိန်း ၂၈၀၀၀ ကျော်ဖိုးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

သိမ်းဆည်းရမိသည့် ဆေးဝါးများကို BPI ဆေးဝါးစက်ရုံနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)သို့ ပေးပို့စိစစ်ခဲ့ရာ သိမ်းဆည်းရမိသည့် ဆေးဝါးများမှာ ဆေးဝါးအတုများနှင့် သက်တမ်းကုန်ပျက်စီးဆေးဝါးများဖြစ်သည်ဟု ဖော်ထုတ်သိရှိရကြောင်း၊ ဆေးဝါးအတု ပြုလုပ်သူများက BPI ဆေးဝါးအတုပြုလုပ်၍ BPI ဘူးခွံအတုအတွင်း ထည့်သွင်းပြီး တံဆိပ်အတုများကပ်၍ ပြန်လည်ရောင်းချခြင်း၊ BPI ထုတ် ဆေးဝါးများနှင့် ဆင်တူသော တရုတ်နိုင်ငံထုတ်ဆေးဝါးများကို BPI ဘူးခွံအတုတွင် ထည့်သွင်းပြီး တံဆိပ်အတုများကပ်၍ ပြန်လည်ရောင်းချခြင်း၊ BPI ထုတ် သက်တမ်းလွန်ဆေးများကို သက်တမ်းကုန်ဆုံးရက်ပါသော တံဆိပ်များခွာ၍ သက်တမ်းရှိ BPI တံဆိပ်အတုများ ကပ်ပြီး ပြန်လည်ရောင်းချခြင်း၊ MPF (ပြင်ဦးလွင်) နှင့် YPF (မော်ဘီ)တို့မှ ထုတ်လုပ်သော ဆေးဝါးများကို BPI ဘူးခွံအတုများတွင် ထည့်သွင်းပြီး တံဆိပ်အတုများကပ်၍ ပြန်လည်ရောင်းချခြင်းနှင့် ဆေးဝါးအတု လက်ဝယ်ထားရှိခြင်း၊ ပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်သည့် ပြစ်မှုများနှင့် ပတ်သက်ဆက်စပ်သူ ၁၄ ဦးကို သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့စခန်းများတွင် ၁၉၉၂ ခုနှစ် အမျိုးသားဆေးဝါး ဥပဒေပုဒ်မ ၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၀၉ အရ အမှုဖွင့်လှစ် ဖမ်းဆီးအရေးယူထားပြီးဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် စက်မှုဝန်ကြီးဌာနဝန်ကြီးရုံး၌ ပြုလုပ်သည့် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ ထုတ်လုပ်သည့် ဆေးဝါးများအား အတုပြုလုပ်၍ ရောင်းချဖြန့်ဖြူးနေသဖြင့် စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ဖော်ထုတ်အရေးယူမှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားချက်များအရ သိရှိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**ဆေးဝါးအတု ထုတ်လုပ်ခြင်းသည် ကျန်းမာရေးနှင့် လူမှုရေး မည်သည့်ရှုထောင့်မှ ကြည့်ကြည့် သားစဉ်မြေးဆက် ဒုက္ခရောက်နိုင်သည့်လုပ်ငန်းနှင့် အသက်အန္တရာယ် ထိပါးနိုင်သည့် လုပ်ငန်း ဖြစ်သောကြောင့် အစိုးရသစ်အနေဖြင့် လုံးဝခွင့်လွှတ်သွားမည် မဟုတ် . . .**

BBB
ဘီသုံးလုံး ကားရောင်းစင်တာ
38+40 ကမ္ဘာအေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံ

# တက်စုံရှက်စုံဖွင့်ရမည့် ပူးပေါင်းဆောင်ရွက်မှုများ

၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ ပြည်သူလူထုကိုကိုယ်စားပြု အုပ်ချုပ်သော စနစ်ပျက်သုဉ်းခဲ့ခြင်းနှင့်အတူ အလွဲလွဲ အချော်ချော် စီမံခန့်ခွဲမှုများနှင့် ချို့ယွင်းချက်များစွာရှိသော စီမံခန့်ခွဲမှုတို့ကြောင့် တိုင်းပြည်၏ကဏ္ဍပေါင်းစုံတွင် ဆုတ်ယုတ်ကျဆင်းမှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ဆန္ဒသဘောထား ဖော်ထုတ်ခွင့်များ အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခဲ့၍ အောင်မြင်မှုတချို့ ရခဲ့သော်လည်း ပြည်သူလူထုအား ကိုယ်စားပြုမှုကိုမူ အပြည့်အဝ ဖော်ဆောင်နိုင်ခဲ့ခြင်းမရှိပါ။

၂၀၁၅ ရွေးကောက်ပွဲသည် ပြည်သူလူထုအား အပြည့်အဝကိုယ်စားပြုသော လူထုအစိုးရတစ်ရပ်ကို ဖော်ဆောင်ပေးခဲ့သောကြောင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ဆုပ်ကိုင်နိုင်ခဲ့ပြီး နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အရှိန်အဟုန်မြှင့်ရယူနိုင်ခဲ့ပါသည်။ ဤသည်မှာ ပြည်သူလူထုကို ကိုယ်စားပြုသည်ဟူသော နိုင်ငံရေးအင်အားကြောင့် ပေါ်ထွက်လာသော အကျိုးရလဒ်ဖြစ်ပါသည်။ အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတို့ကို ရုပ်သိမ်းခဲ့ခြင်း၌လည်း ဤနိုင်ငံရေးအင်အားကို အခြေခံအကြောင်းရင်းတစ်ရပ်အဖြစ် မြင်တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးဩဇာအရှိန်အဝါသည်လည်း အဆိုပါပိတ်ဆို့ဒဏ်ခတ်မှု ရုပ်သိမ်းရေး၌ အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။

တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ အားကိုးယုံကြည်ထောက်ခံမှု၊ နိုင်ငံတကာ၏အပြည့်အဝပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်မှုရရှိနေသော ပစ္စုပ္ပန်ကာလသည် ပြည်ထောင်စုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသားအားလုံးတို့၏ ပကတိလိုအပ်ချက်တို့ကို ထင်ဟပ်ဖော်ဆောင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းပေးရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စု အစိုးရအဖွဲ့အပါအဝင် အုပ်ချုပ်ရေးယန္တရားအရပ်ရပ်သည်လည်း ထိရောက်လျင်မြန်၍ စွမ်းဆောင်ရည်ပြည့်ဝသော စီမံခန့်ခွဲမှုတို့ကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါသည်။ တရားစီရင်ရေးကဏ္ဍသည်လည်း ဒီမိုကရေစီစနစ်နှင့် တရားဥပဒေစိုးမိုးရေးအပေါ် ပြည်သူလူထုက ယုံကြည်ကိုးစားလာစေရန် လောကပါလတရားနှင့်အညီ စွမ်းဆောင်ပေးရမည်ဖြစ်ပါသည်။

ပုဂ္ဂလိက စီးပွားရေးကဏ္ဍသည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာသော အခွင့်အလမ်းတို့ကို အမိအရဆုပ်ကိုင်၍ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး အကျိုးရှိစေမည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုတို့ကို ပြုလုပ်ကြရမည်ဖြစ်ပါသည်။ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုရုပ်သိမ်းခြင်း အပါအဝင် အာဆီယံစီးပွားရေးရိပ်မြုံ (ASEAN Economic Community-AEC) နှင့် ပိုးလမ်းမစီမံကိန်းကဲ့သို့သော ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် အခွင့်အလမ်းကောင်းများဖြစ်သကဲ့သို့ စိန်ခေါ်မှုများလည်းဖြစ်ပါသည်။ အခွင့်အလမ်းကောင်းတို့ကို ထိထိမိမိအသုံးချနိုင်ပါက ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး စိန်ခေါ်မှုများကို ကိုင်တွယ်နိုင်စွမ်းမရှိပါက အန္တရာယ်တို့ကို ဖိတ်ခေါ်မည်ဖြစ်ပါသည်။ ခြုံငုံတင်ပြရပါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်၌ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော နိုင်ငံရေးအင်အားကို အပြည့်အဝပိုင်ဆိုင်ထားပြီဖြစ်၍ စိန်ခေါ်မှုတို့ကို ကိုင်တွယ်လျက် အခွင့်အလမ်းကောင်းတို့ကို ရာနှုန်းပြည့်အသုံးချနိုင်ရန် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက တက်စုံရှက်စုံဖွင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## အမျိုးသမီးများအတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးပိုရမ်ရှင်းလင်းခြင်းနှင့် တောင်သူများ ငွေကုန်ကြေးကျမှုမရှိသော စိုက်ပျိုးနည်းသင်တန်းဖွင့်



**မိတ္ထီလာ စက်တင်ဘာ ၂၇**

မိတ္ထီလာမြို့၌ ကျေးမအခြေပြုပြည်သူ့ဝန်ဆောင်မှုများတွင် အမျိုးသမီးများအတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဖိုရမ်၊ ကျေးရွာလူထု ပူးပေါင်းရေးဆွဲထားသည့် ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာတို့ပူးပေါင်းပြီး တောင်သူလယ်သမားများ ငွေကုန်ကြေးကျမှုမရှိသော စိုက်ပျိုးနည်းစနစ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ထီလာလိတ် ဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်ငြိမ်းတို့က အမှာစကားပြောကြားပြီး အက်ရှင်အေ့ဒ်မြန်မာမှ လက်ထောက်အရာရှိ ဦးတိုးတိုးက အလုပ်ရုံဆွေးနွေးပွဲလုပ်ဆောင်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ ထို့နောက် အိန္ဒိယနိုင်ငံ အမျိုးသမီး အခွင့်အရေးဌာန အက်ရှင်အေ့ဒ်မှ Melanie Hilton က မြန်မာပြည်ရှိ အမျိုးသမီးများ၏ အခြေအနေကို လေ့လာသုံးသပ်ချက်အား ရှင်းလင်းပြောကြားပြီး ဘရေ့စီမံချက်ဌာနမှ ဦးအောင်ကိုသန့်က ကျေးရွာလူထု ပူးပေါင်းရေးဆွဲထားသည့် ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အက်ရှင်အေ့ဒ်မြန်မာမှ ဦးဝင်းရွှေမောင်က တောင်သူလယ်သမားများ သင်တန်းဖွင့်လှစ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အမျိုးသမီးများ၊ စီမံကိန်းဝင် တောင်သူလယ်သမားများက ပြသထားသော အက်ရှင်အေ့ဒ်မြန်မာမှ ကျေးရွာအခြေပြုလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဆက်လက်၍ အိန္ဒိယနိုင်ငံ အမျိုးသမီးအခွင့်အရေးဌာန အက်ရှင်အေ့ဒ်မှ Melanie Hilton က စီမံကိန်းကျေးရွာ ၁၀ ရွာဖြစ်သည့် ရွာသစ်၊ ရေငံ(အရှေ့)(အနောက်)၊ ညောင်ပင်သာ၊ မကျီးချို၊ မြိုင်သာ၊ ကင်ပွန်းချုံ၊ဆူရစ်တန်၊ဝါးရုံစုကျေးရွာနှင့် ဝက်ကုန်းကျေးရွာများမှ တစ်ရွာလျှင် အမျိုးသမီး ငါးဦးစီဖြင့် အဆိုပါ ဟိုတယ်ရှိ အခန်း(A)ဒုတိယထပ်တွင် ကျေးမအခြေပြုပြည်သူ့ဝန်ဆောင်မှုများတွင် အမျိုးသမီးများအတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဖိုရမ်ကို ဆွေးနွေးခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာတို့ပူးပေါင်း ဖွင့်လှစ်သည့် တောင်သူလယ်သမားများ ငွေကုန်ကြေးကျမှုမရှိသော စိုက်ပျိုးနည်းစနစ်သင်တန်းကို စီမံကိန်းကျေးရွာ ၁၀ မှ တစ်ရွာလျှင် တောင်သူလယ်သမား နှစ်ဦးနှုန်းဖြင့် စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ယင်းဟိုတယ်ရှိ ဒုတိယထပ် အခန်း(B)တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွင်းကောက်မြို့တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**အင်္ဂပူ စက်တင်ဘာ ၂၇**

အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ ရွှေကျောင်းဘုန်းတော်ကြီးကျောင်းတွင် ယနေ့ နံနက် ၈ နာရီက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းလုပ်ငန်းများကို ကွင်းကောက်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မျိုးသိန်းဦးဆောင်သော တပ်ဖွဲ့ဝင် ၃၀ တို့က ဘုန်းကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**






## စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ချောင်းဆုံမြို့နယ်၌ ကျင်းပ

**ချောင်းဆုံ စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ၏ စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်/ဆက်ရုံး စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးပြည်အောင်က အမှာစကား ပြောကြားပြီး ပြန်/ဆက် ဦးစီးမှူး ဒေါ်မိသူဇာက ယခုလိုပြိုင်ပွဲများပြုလုပ်ရခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ စာဖတ်စွမ်းရည်မြှင့်တင်ခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြစ်ကြောင်းပြောသည်။


ယင်းနောက် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ (ထက်၊လယ်၊မူ)ကျောင်းများမှ ကျောင်းသူ ၁၀ ဦးတို့က အောင်ဆန်းဇာနည်၊ သွေးချင်းတို့ရဲ့ ကပွဲသဘင်၊ ရှုတိုင်းယဉ် ကဗျာများဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ နှီးမုတ်(အလက) မဇင်မိမိထိုက်က ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့




# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ရေအရင်းအမြစ်ရေးရာ အထူးသံတမန် Mr. Henk Ovink နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြန်အလှန်သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကောင်းရှန်ခွင်နှင့်ဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် မူးယစ်ဆေးဝါးထုတ်လုပ်၊ ရောင်းဝယ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိရောက်စွာတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိခိုက်စေသည့် တရားမဝင်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများကို တားဆီးကာကွယ်ရေး၊ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြန်အလှန်သတင်းဖလှယ်ရယူမှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Greg Vines နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# နမ့်ဆန်၌ မြစိမ်းရောင်ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းများ ပို့ချ

**နမ့်ဆန် စက်တင်ဘာ ၂၇**

လက်ဖက်စိုက်ပျိုးထုတ်လုပ်ရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ဝင်ငွေတိုးပွားလာရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာလေးရွာတွင် မြစိမ်းရောင်စီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်လျက်ရှိသည်။

မြစိမ်းရောင်စီမံကိန်းအရ နမ့်ဆန်မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျောက်တော်၊ တောင်ကျော်၊ ကယားလမ်း၊ မြိုင်ကျေးရွာတို့မှ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် မြစိမ်းရောင်ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းများကို ပို့ချပေးခဲ့ကြသည်။ နမ့်ဆန်မြို့နယ်၌ ကျေးလက်နေပြည်သူများနှင့် လက်ဖက်ခြံလုပ်သားများအား မြစိမ်းရောင်စီမံကိန်း၏အကူအညီဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# ကလင်တန်နှင့်ထရန့် လုံခြုံရေးနှင့် ကုန်သွယ်ရေးအပေါ် အပြင်းအထန် စကားစစ်ထိုးမှုပြုလုပ်

**နယူးယောက် စက်တင်ဘာ ၂၇**

အမေရိကန်သမ္မတလောင်းများဖြစ်ကြသည့် ဟီလာရီ ကလင်တန်နှင့် ဒေါ်နယ်ထရန့်တို့သည် ၎င်းတို့၏ ပထမဆုံးအကြိမ်စကားစစ်ထိုးပွဲတွင် ကုန်သွယ်ရေးနှင့် လုံခြုံရေးမူဝါဒများနှင့်ပတ်သက်၍ အပြန်အလှန် ပြင်းပြင်းထန်ထန်ငြင်းခုံပြောဆိုခဲ့ကြသည်။ နယူးယောက်ပြည်နယ်တက္ကသိုလ်တစ်ခုတွင် တနင်္လာနေ့ညကပြုလုပ်ခဲ့သည့် အဆိုပါစကားစစ်ထိုးပွဲကို ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ စကားစစ်ထိုးပွဲအစတွင် ကလင်တန်နှင့် ထရန့်တို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

ထရန့်က ကလင်တန်ထောက်ခံသည့် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်အဖွဲ့အစည်း (တီပီပီ)၏ ကုန်သွယ်ရေးမူဝါဒကို ထိုးနှက်တိုက်ခိုက်သည်။ ကလင်တန်က လွတ်လပ်သည့် ကုန်သွယ်ရေးစာချုပ်ကိုဆန့်ကျင်ကြောင်းပြန်လည်တုံ့ပြန်ခဲ့ပြီး ထရန့်ရရှိနေသည့် အချက်အလက်များမှားယွင်းနေသည်ဟု ဆိုသည်။ တစ်ဖန် ကလင်တန်က ထရန့်အနေဖြင့် ၎င်း၏အခွန်မှတ်တမ်းကို ထုတ်ပြန်ကြေညာခြင်းမရှိသည့်အတွက် ပြစ်တင်ဝေဖန်ခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်တွင် အမေရိကန်သမ္မတလောင်းတိုင်းသည် အခွန်မှတ်တမ်းများကို ထုတ်ပြန်ကြေညာခဲ့ကြသည်ဟုဆိုသည်။ ထရန့်အနေဖြင့် အခွန်များပေးဆောင်ခဲ့ခြင်းမရှိဟု ကလင်တန်က ပြောကြားသည်။ ထရန့်ကလည်း ကလင်တန် နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်စဉ်က ကိုယ်ပိုင်အီးမေးလ်အကောင့် အသုံးပြုခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်ထိုးနှက်ဝေဖန်ခဲ့သည်။

ကလင်တန်ဖျောက်ဖျက်ပစ်ခဲ့သည့် အီးမေးလ်အစောင် ၃၃၀၀၀ ကို ထုတ်ပြန်ပေးမည်ဆိုလျှင် ၎င်း၏အခွန်မှတ်တမ်းကိုလည်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ထရန့်က ပြောကြားသည်။ သမ္မတလောင်းနှစ်ဦးသည် ဂျပန်နှင့် အခြားသောမဟာမိတ်နိုင်ငံများနှင့် ပတ်သက်၍ အမေရိကန်ကာကွယ်ရေးမူဝါဒကိုလည်း အခြေအတင်ပြောဆိုခဲ့ကြသည်။ ကလင်တန်က ထရန့်သည် ဂျပန်၊ တောင်ကိုရီးယားနှင့် အခြားသော နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံများကို အလေးထားခြင်းမရှိကြောင်း မကြာခဏပြောဆိုနေသူဖြစ်ခြင်းကြောင့် အမေရိကန်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ရန် သင့်လျော်သူတစ်ဦးမဟုတ်ကြောင်း ပြောကြားသည်။

ထရန့်က အမေရိကန်နိုင်ငံသည် ကာကွယ်ရေးနှင့်ပတ်သက်၍ ဂျပန်၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် အခြားသောနိုင်ငံများအပေါ် ကြီးကြီးမားမားထောက်ပံ့ထားရသော်လည်း ယင်းနိုင်ငံများက သင့်တင့်မျှတသော ကုန်ကျစရိတ်ကို မျှဝေပေးခြင်းမရှိကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ ထရန့်သည် ကလင်တန်စကားပြောနေစဉ် မကြာခဏ ကြားဖြတ်ပြောဆိုမှုများပြုလုပ်မှုကြောင့် ဒိုင်အဖြစ်ဆောင်ရွက်သူများက သတိပေးမှုများပြုလုပ်ခဲ့ရသည်။



သမ္မတလောင်းများ၏ စကားစစ်ထိုးပွဲများသည် အမေရိကန်မဲဆန္ဒရှင်ပြည်သူများအတွက် မည်သူ့ကိုမဲပေးရွေးချယ်ရမည်ဟူသော ဆုံးဖြတ်ချက်ချရာတွင် များစွာအရေးပါသည်။ **အင်န်အိတ်ချ်ကေ။**

## ၇၂ နှစ်ကြာ ကိုလံဘီယာပြည်တွင်းစစ် အဆုံးသတ်ရေး သမိုင်းဝင် သဘောတူညီချက် လက်မှတ်ရေးထိုးပြီ

**ကာတာဂျီးနား စက်တင်ဘာ ၂၇**

အင်းဒီးတောင်တန်းဒေသရှိ ကိုလံဘီယာနိုင်ငံ၏ ၇၂ နှစ်ကြာ ပြည်တွင်းစစ် အဆုံးသတ်ရန် ရည်ရွယ်လျက် ကိုလံဘီယာသမ္မတ ယွန်မင်းနျူယယ်ဆန်တို့စ်နှင့် အက်ဖ်အေအာရ်စီ သူပုန်အဖွဲ့ခေါင်းဆောင် ရိုဒရစ်ဂိုလန်ဒိုနိုအီချီဗာရီတို့သည် သမိုင်းဝင် ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုလံဘီယာနိုင်ငံ ကာတာဂျီးနားမြို့၌ စက်တင်ဘာ ၂၆ ရက်က ငြိမ်းချမ်းရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။အဆိုပါ အခမ်းအနားသို့ သမ္မတ ၁၅ ဦး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်စပိန်ဘုရင်ယွန်ကာလို့စ်တို့အပါအဝင် ဖိတ်ကြားခံရသူ ဧည့်သည် ၂၅၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

အက်ဖ်အေအာရ်စီ သူပုန်အဖွဲ့ခေါင်းဆောင်သည် ငြိမ်းချမ်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးရာတွင် ကျည်ဆန်တစ်တောင့်ကို မင်တံတစ်ချောင်းအဖြစ်သို့ပြောင်းလဲထားသော ကလောင်တံကိုအသုံးပြုခဲ့သည်။ ယင်းမှာ ကိုလံဘီယာနိုင်ငံအား စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့သည့် နိုင်ငံအဖြစ်မှ ငြိမ်းချမ်းသောနိုင်ငံအဖြစ်သို့ ကူးပြောင်းသည့် လက္ခဏာကို ဖော်ကျူးလိုခြင်းဖြစ်သည်။

ကိုလံဘီယာသမ္မတကလည်း ကျည်ဆန်ကို မင်တံအဖြစ်ပြောင်းလဲထားသောကလောင်တံဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ပြည်တွင်းစစ်ကာလအတွင်း လက်နက်ဘေးကြောင့် သေဆုံးခဲ့ရသူအားလုံးအတွက် မိမိဝန်ချတောင်းပန်ပါကြောင်း သူပုန်ခေါင်းဆောင်က ပြောကြားခဲ့ရာ တက်ရောက်လာသူများက လက်ခုပ်တီး၍ ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

ငြိမ်းချမ်းရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လာသူများသည် ငြိမ်းချမ်းရေး၏အမှတ်သင်္ကေတအဖြစ် အဖြူရောင်ဝတ်စုံများကို ဆင်မြန်းခဲ့ကြသည်။ကိုလံဘီယာပြည်တွင်းစစ်အတွင်း လူပေါင်း ၂၆၀,၀၀၀ ခန့် သေဆုံးခဲ့ရပြီး ပြည်သူခြောက်သန်းကျော်မှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာကာ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။ **ရိုက်တာ။**




## ကမ္ဘာ့အရှည်ဆုံးပင်လယ်ကူးတံတား၏ ပင်မတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီး

**ကွမ်ကျိုး စက်တင်ဘာ ၂၇**

ကွမ်တုန်ပြည်နယ်ရှိ ကျူဟိုင်းမြို့နှင့် ဟောင်ကောင်၊ မကာအိုတို့နှင့်ဆက်သွယ်သည့် ကမ္ဘာ့အရှည်ဆုံးပင်လယ်ကူးတံတားကြီး၏အဓိကကျသောဆောက်လုပ်ရေးလုပ်ငန်းမှာ ပြီးစီးပြီဖြစ်သည်။

အရှည် ၅၅ ကီလိုမီတာရှိပင်လယ်ကူးလမ်းမကြီးပြီးစီးမှုနှင့် တံတားကြမ်းပြင်နှင့်ဆက်စပ်လုပ်ငန်းတပ်ဆင်မှု စတင်ခြင်းအခမ်းအနားတစ်ရပ်ကို ကျူဟိုင်းမြို့၌ ကျင်းပခဲ့သည်။ "တံတားတည်ဆောက်မှုက အပြီးသတ်အဆင့်ရောက်ရှိပြီဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်"တံတားစီမံခန့်ခွဲရေးဗျူရိုအကြီးအကဲ ကျူယောင်လင်းက ပြောကြားသည်။ အရှည် ၆ ဒသမ ၇ ကီလိုမီတာရှိရေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုနှင့် အရှည် ၂၂ ဒသမ ၉ ကီလိုမီတာရှိတံတာတစ်စင်းတည်ဆောက်ရာတွင် အီဖယ်လ်မျှော်စင် ၆၀ ခန့်တည်ဆောက်ရန်လုံလောက်သည့် သံမဏိတန်ချိန် ၄၀၀၀၀၀ ကျော် အသုံးပြုခဲ့ရသည်။

တံတားတည်ဆောက်မှုလုပ်ငန်းကို ကျူဟိုင်းမြို့၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သည်။ ဟောင်ကောင်ရှိ လန်တောင်ကျွန်းမှစတင်သောအဆိုပါ Y ပုံသဏ္ဌာန် ကမ္ဘာ့အရှည်ဆုံးပင်လယ်ကူးတံတားကြီးမှာ ကျူဟိုင်းမြို့နှင့် မကာအိုမြို့တော်သို့ လမ်းမကြီးဖြာထွက်သွားသည်။ တံတားကြီးသည် ဟောင်ကောင်မှ ကျူဟိုင်းမြို့နှင့် မကာအိုသို့ ကုန်းလမ်းဖြင့်သွားပါကလက်ရှိသွားရောက်ရသည့်အချိန် သုံးနာရီသို့မဟုတ် ပင်လယ်ပြင်မှသွားရောက်ရသည့် အချိန်တစ်နာရီကို ကားဖြင့်နာရီဝက်သာမောင်းနှင်ရတော့မည်ဟု ကျူကဆိုသည်။ **ဆင်ဟွာ။**

## တစ်ခုတည်းသော တပ်မတော်ထူထောင်ရေး အီးယူ၏အစီအစဉ် ဗြိတိန်ကန့်ကွက်

**လန်ဒန် စက်တင်ဘာ ၂၇**

ဥရောပနိုင်ငံများရှိ ကာကွယ်ရေးတပ်ဖွဲ့များကို တစ်ခုတည်းသော တပ်မတော်အဖြစ်သို့ ပေါင်းစည်းခြင်း၊ သို့မဟုတ် ဥရောပသမဂ္ဂ(အီးယူ) စစ်ဌာနချုပ်ထူထောင်ခြင်းတို့ပြုလုပ်မည့် အီးယူ၏မည်သည့်အစီအစဉ်ကိုမဆို အီးယူအတွင်း မိမိတို့နိုင်ငံအဖွဲ့ဝင်နိုင်ငံအဖြစ်ရှိနေသမျှ ကန့်ကွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ၏ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က ဆလိုဗက်ကီးယားနိုင်ငံမြို့တော် ဘရာတစ်လာဗာ၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပသော အီးယူကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ပြောကြားလိုက်သည်။

ဥရောပတိုက်ကို ကာကွယ်ရန်မှာ ဥရောပသမဂ္ဂ၏ အလုပ်မဟုတ်ဘဲ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ အလုပ်သာလျှင်ဖြစ်ကြောင်း မိုက်ကယ်ဖယ်လွန်က ပြောကြားသည်။ **ရိုက်တာ။**

## တရုတ်(တိုင်ပေ)၌ တစ်လအတွင်း တတိယမြောက်တိုင်ဖုန်းတိုက်ခတ် လူလေးဦးထက်မနည်း သေဆုံးပြီး ရာနှင့်ချီ ဒဏ်ရာရ

**တိုင်ပေ စက်တင်ဘာ ၂၇**

တရုတ်(တိုင်ပေ)တွင် စက်တင်ဘာ ၂၇ ရက်က တစ်လအတွင်းတတိယအကြိမ်အဖြစ် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူလေးဦးထက်မနည်း သေဆုံးပြီး ထိခိုက်ဒဏ်ရာရခဲ့သည့်လူသန်းနှင့်ချီကာ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် တွေ့ကြုံခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပစိဖိတ်သမုဒ္ဒရာဘက်မှ အသံကျယ်လောင်မြည်ဟည်းစွာတိုက်ခတ်လာသော တိုင်ဖုန်းမုန်တိုင်းမက်ဂီသည် လေတိုက်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၁၆၀(မိုင် ၁၀၀)နှုန်းဖြင့် တိုက်ခတ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းအများစုနှင့်အစိုးရရုံးအဆောက်အအုံများကို ပိတ်ထားလိုက်ရပြီး တရုတ်(တိုင်ပေ)တောင်နှင့်မြောက်ခုတ်မောင်းသည့်ကျည်ဆန်ရထားခရီးစဉ်များကိုလည်း ရပ်ဆိုင်းထားလိုက်ရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ၁၆၇ ဦးရှိပြီး လူ ၁၁၅၀၀၀ ဦးတို့ကို ဘေးကင်းရာသို့ ရွှေ့ပြောင်း ပေးခဲ့ရကြောင်း ဗဟိုအရေးပေါ်လုပ်ငန်းဌာနက ပြောကြားသည်။ လူနှစ်သန်းကျော်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့်တွေ့ကြုံရပြီး လူဦးရေ ၄၅၀၀၀ ကျော်မှာ ရေပြတ်လပ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်(တိုင်ပေ)ဘဏ္ဍာရေးဈေးကွက်မှာလည်း မုန်တိုင်းဒဏ်ကြောင့် ပိတ်ထားခဲ့ရသည်။ မြို့တော်တိုင်ပေရှိခရီးသည်တင်ယာဉ်များပြေးဆွဲမှုနှင့်မြေအောက်ရထားခရီးစဉ်များကိုလည်း ရပ်ဆိုင်းထားပြီး ရာနှင့်ချီသော နိုင်ငံတကာလေကြောင်းခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရသည်။

တိုင်ဖုန်းမုန်တိုင်းမက်ဂီသည် တရုတ်(တိုင်ပေ)အားဖြတ်သန်းတိုက်ခတ်ပြီး တိုင်ပေရေလက်ကြားသို့ ဦးတည်ရွေ့လျားကာ စက်တင်ဘာ ၂၈ ရက်တွင် တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျင့်ကမ်းခြေသို့ ဝင်ရောက်လိမ့်မည်ဟုခန့်မှန်းရသည်။

ယခုလအတွင်းတိုက်ခတ်ခဲ့သော ဆူပါတိုင်ဖုန်းမုန်တိုင်းမာရန်တီကြောင့် တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့တွင် လူ ၂၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူနေအိမ်ခြေတစ်သန်းကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရသည်။ **ဆင်ဟွာ။**

# နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသည့်မြန်မာနိုင်ငံသားများကို ကူညီကယ်တင်စောင့်ရှောက်ပေးပါရန်အဆိုနှင့်ပတ်သက်၍ ဆွေးနွေး



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းသုံးခုမေးမြန်းဖြေကြားကြပြီး အဆိုတစ်ခုအား ဆွေးနွေးခဲ့ကြသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၏ **မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) လက်ဝယ်ရရှိထားပြီး ယခုနှစ် လယ်ယာစိုက်ပျိုးစရိတ်ထုတ်ပေးရာတွင် ကန့်သတ်ခံထားရသော လယ်သမား ၁၂ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ဝက်လက်မြို့နယ်အတွင်းရှိ စိုင်နိုင်ကွေ့-မင်းကျီ- ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန **ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ**က အဆိုပါမြေသည် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးစန့်ကျေးရွာအုပ်စု ကွင်းအမှတ် (oss) နောင်ချိုကွင်း ဦးပိုင် (N - 1) ဖြစ်ပြီး မြသီဂီကုမ္ပဏီအမည်ဖြင့် နှစ်(၃၀)လုပ်ပိုင်ခွင့်ရရှိထားသည့်မြေလွတ်၊ မြေရိုင်းဧရိယာ (၁၀၀၀)အတွင်း ပါဝင်လျက်ရှိကြောင်း။

တောင်သူဦးတင်ထွန်းအပါအဝင် ၁၂ ဦးသည် မြသီဂီကုမ္ပဏီအား လုပ်ပိုင်ခွင့်ပြုထားသည့်မြေတွင် စာရင်းငှားများအဖြစ် ၂၀၀၈ ခုနှစ်ခန့်မှစ၍ သီးနှံစိုက်ပျိုးလုပ်ကိုင်နေသူများဖြစ်ပြီး လွန်ခဲ့သည့် ၅ နှစ်ခန့်က တောင်သူများမှ ကိုယ်ပိုင်စိုက်ပျိုးလိုသဖြင့် အဆိုပါမြေကို နှုတ်ကတိဖြင့် ငှားရမ်းပေးခဲ့ကြောင်း၊ ထိုသို့ငှားရမ်းလုပ်ကိုင်ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၂၄ ရက်တွင် ကုမ္ပဏီနှင့် တောင်သူများ နှစ်ဖက်သဘောတူ အရပ်ကတိစာချုပ်ချုပ်ဆို၍ မြေဧရိယာ (၁၃၄ ဒသမ ၃၇) ဧကကို အခကြေးငွေ သတ်မှတ်ချက်မရှိဘဲ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အခမဲ့ ၁ နှစ်ငှားရမ်းခဲ့သည်ကို သိရကြောင်း၊ မြသီဂီကုမ္ပဏီအနေဖြင့် လုပ်ပိုင်ခွင့်ပြုထားသောမြေကို အခြားတောင်သူများအား မြေငှားရမ်းစိုက်ပျိုးစေခြင်းသည် တည်ဆဲဥပဒေကို လိုက်နာခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသစ်ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေးစေ၍ ဗဟိုကော်မတီသို့ စိစစ်တင်ပြဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေကိစ္စနှင့်ပတ်သက်၍ တောင်သူများသို့ ထုတ်ပေးထားသည့် ပုံစံ(၇)သည် လုပ်ထုံးလုပ်နည်းညီညွတ်မှုမရှိဘဲ မှားယွင်းစွာထုတ်ပေးထားခြင်းကြောင့် ပြန်လည်သိမ်းဆည်းပယ်ဖျက်ထားပြီးဖြစ်သဖြင့် တောင်သူများသို့ ဘဏ်ချေးငွေ ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ မှားယွင်းစွာထုတ်ပေးသည့်ကိစ္စရပ်အတွက် သက်ဆိုင်ရာအဖွဲ့အား စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဝက်လက်မြို့နယ် စိုင်နိုင်ကွေ့-မင်းကျီ-ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာချင်းဆက်လမ်း ၁၂ မိုင် ၄ ဖာလုံကို ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေမြောင်းဖောက်လုပ်ခြင်းအပါအဝင်လုပ်ငန်းများကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ်နေမှုများကို နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဆွေးနွေးကြသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းက မြန်မာနိုင်ငံသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် ကဏ္ဍမျိုးစုံကို အဘက်ဘက်မှတိုးတက်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေရချိန်ဖြစ်သကဲ့သို့ ပြည်သူများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မာမာရပ်တည်ရန် ကြိုးပမ်းဆောင်ရွက်နေချိန်လည်းဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းချိန်တွင် အခက်အခဲများစွာရှိမည် ဖြစ်ပါကြောင်း၊ ထိုအခက်အခဲများမှ ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းရန် တာဝန်ရှိနေပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုနှင့် နယ်စပ်ဒေသများတွင် ငြိမ်းချမ်းမှုမရှိဘဲ သွားလာရခက်ခဲပြီး ဒေသထွက်သီးနှံများ တင်ပို့ရောင်းချရာတွင် အကျိုးအမြတ်နည်းကာ ဈေးကွက်မရှိခြင်းများကြောင့် မိသားစုစားဝတ်နေရေးဖြေရှင်းရန် ပြည်ပနိုင်ငံများ၌ ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်ရှိသည့်အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြရပါကြောင်း၊ စာရင်းအတည်မပြုနိုင်သည့် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူ ထောင်ပေါင်းများစွာ ရှိနေပါကြောင်း။

ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ တရားဝင်ထွက်ခွာသူများ၊ တရားမဝင်ထွက်ခွာသူများမှာ မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းပါကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် အများစုမှာ အခက်အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ တရားဝင်အထောက်အထားများနှင့် အလုပ်လုပ်နေသူများပင်လျှင် အလုပ်ရှင်များနှင့် သက်ဆိုင်ရာနိုင်ငံရဲများ ပူးပေါင်း၍ နှိပ်စက်ခြင်း၊ ခြိမ်းခြောက်၍ ငွေတောင်းခံခြင်း၊ အုပ်စုဖွဲ့

စာမျက်နှာ ၁၁ သို့ ❖

# နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းများ ဆောက်လုပ်ခွင့်ရရှိသောကုမ္ပဏီများအား သတ်မှတ်စံချိန်စံညွှန်းနှင့်မကိုက်ညီပါက အရေးယူမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ပြီး နှစ်နှစ်အတွင်း ပျက်စီးမှုရှိပါက တင်ဒါအောင်မြင်သူမှ ပြန်လည်ပြုပြင်ပေးရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လုပ်ငန်းပြီးစီးရက်ထက် ကျော်လွန်ပါကလည်း လုပ်ငန်းအပေါ်လိုက်၍ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၉)ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **“နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သော လမ်း၊ တံတားများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေးစသည့် အဆောက်အအုံများကို ဆောက်လုပ်ခွင့်ရရှိသောကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်မကိုက်ညီပါက အရေးယူခြင်းများကို လုပ်ဆောင်သွားရန်အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ “ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ” အတိုင်း ဆောင်ရွက်ရန် မူဘောင်သတ်မှတ်ချထားပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီများမှ သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှုမရှိခြင်းကြောင့် ပျက်စီးခြင်းများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီမှ စာချုပ်ပါ စည်းမျဉ်း စည်းကမ်းများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း၏ **“ကယားပြည်နယ် ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မိုင်းထမ်း-ဝမ်ချယ်-နန့်နောက်-ချိုကွဲ့-စောင်းလော့-ဝမ်အောင်း လမ်းတွင် ကျန်ရှိနေသော လမ်းပိုင်း ၉ မိုင်နှင့် ၃ ဒသမ ၅ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အတွင်းရှိ မိုင်းထမ်း-ဝမ်ချယ်-နန့်နောက်-ချိုကွဲ့-စောင်းလော့-ဝမ်အောင်း လမ်း၏ ကျန်ရှိသော တစ်ကြောင်းထိုးမြေလမ်းအပိုင်း ၉ မိုင်နှင့် ၃ ဒသမ ၅ ဖာလုံအား လမ်းတာပေါင်အကျယ် ပေ ၃၀ ချဲ့ခြင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတား ၅ စင်း တည်ဆောက်ခြင်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားကြမ်းခင်းတံတား ၁၁ စင်း တည်ဆောက်ခြင်း၊ ရေကျော် ၆ စင်း တည်ဆောက်ခြင်း၊



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



ဦးအေးမင်းဟန်

Box Culvert ၁၀ စင်း တည်ဆောက်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး မြေလမ်း ၉ မိုင် ၃ ဒသမ ၅ ဖာလုံအား ကျောက်လမ်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက ဥပဒေဆိုသည်မှာ တရားမျှတမှုနှင့် တန်းတူအခွင့်အရေးညီမျှမှုရှိခြင်းဆိုသည့် လောကပါလတရားနှင့်ကိုက်ညီစေရန် အဆင့်အတန်းညီမျှရေး၊ အခွင့်အလမ်းညီမျှရေးနှင့် တရားဥပဒေရှေ့မှောက်တွင် ညီမျှရေးဆိုသည့် မွန်မြတ်ရှင်းလင်းသည့် အခြေခံသဘောတရားများ ပြည့်စုံရမည်ဖြစ်ပါကြောင်း၊ ဤဥပဒေသည် ပြည်သူများနှင့် တိုက်ရိုက်ပတ်သက်နေသည့်အပြင် ပြည်သူ့ကိုယ်စားပြုဥပဒေ၊ ပြည်သူ့ဘဝဥပဒေ၊ ပြည်သူ့ဆန္ဒဥပဒေဖြစ်သည့်အတွက် ဥပဒေပြုရေးတာဝန်ရှိကြသည့် ပြည်သူ့ကိုယ်စားလှယ်များသည် အထူးဂရုပြုပြီး စဉ်းစားဝေဖန်ပြဌာန်းပေးကြရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုးက ယခုကာလတွင် နိုင်ငံတော်အတွင်း လက်နက်ကိုင်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နိုင်ငံတကာတွင် ခြိမ်းခြောက်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၊ လူကုန်ကူးမှုပြဿနာများနှင့် လေ့စီးဒုက္ခသည်များအရေး ကြုံတင်မြော်တွေးပြီး လုံခြုံရေးရှုထောင့်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုနေထိုင်သူများအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အသိပေးရန် လိုအပ်ပါကြောင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေသည် အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသောဥပဒေဖြစ်ပါ၍ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန် ယခုထက်မက ဖြည့်သွင်းရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ယခင်က ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရွေးချယ်ခန့်အပ်ခဲ့ပါကြောင်း၊ ယခုဥပဒေသည် အဆိုပါဦးစီးဌာန၏ လုပ်ပိုင်ခွင့်ကိုလျှော့ချပြီး ပြည်သူကိုဗဟိုပြုသည့် စနစ်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးမှူးများကို ပြည်သူများက ရွေးချယ်နိုင်ပြီဖြစ်ပါကြောင်း။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲလျက်ရှိသည့် အိမ်ထောင်စုကိုယ်စားလှယ် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပညာအရည်အချင်းသတ်မှတ်ချက်၊ ဖွဲ့စည်းမှု၊ ရွေးချယ်ခန့်အပ်ခြင်းနှင့် ဧည့်စာရင်းဆိုင်ရာပြဋ္ဌာန်းချက်များကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောက မိမိတို့ပြဋ္ဌာန်းအတည်ပြုပေးလိုက်သည့် ဥပဒေတစ်ရပ်သည် ကိုင်တွယ်ကျင့်သုံးမည့် အဖွဲ့အစည်းနှင့် ပြည်သူလူထုအတွက် မျှတမှုရှိစေရန် လိုအပ်ပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်တွင် တာဝန်ထမ်းဆောင်နေသည့် မိမိတို့ကိုယ်စားလှယ်များသည် တစ်ချိန်ချိန်တွင် သာမန်ပြည်သူတစ်ယောက်ဖြစ်လာမည် ဖြစ်သကဲ့သို့ တစ်ခါတစ်ရံတွင်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်တွင် တာဝန်ထမ်းဆောင်ရသည့် အခါမျိုးလည်း ရှိကောင်းရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတစ်ရပ်သည် အဘက်ဘက်က ရေရှည်မျှတအကျိုးရှိစေမည့် ပြဋ္ဌာန်းချက်မျိုးဖြစ်ရန် အထူးအလေးထားသင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# ဆေးရုံဆေးခန်းတွေက နာမည်ခေါ်သံ

## ထိုက်

### နာမည်ခေါ်တဲ့ စနစ်

ဒီရက်ထဲမှာ ကိုယ်တိုင်ပြရတာ မဟုတ်ပါဘဲနဲ့ သူများတွေကို အဖော်လိုက်ပေးရင်းနဲ့ ဆေးရုံ၊ ဆေးခန်းတော်တော်များများ ရောက်ဖြစ်ခဲ့ပါတယ်။ မစည်ကားသင့်တဲ့နေရာမှာ စည်ကားနေရတဲ့ လူနာတွေကလည်း မနည်းလှပါဘူး။ အဲဒီလိုတွေ သွားတိုင်းမှာ တွေ့ရတာက လူနာတွေကို နာမည်နဲ့ အော်ခေါ်ပြီး စမ်းသပ်ခန်းထဲ သွင်းတဲ့စနစ်ပါပဲ။ ဆေးရုံ၊ ဆေးခန်းတွေသာ အမည်၊ နေရာ ကွဲသွားမယ်၊ ဒီစနစ်ကတော့ အားလုံး အတူတူ ကျင့်သုံးနေကြပါတယ်။ ကိုယ့်ရောဂါမှတ်တမ်းကို ကြိုက်တဲ့ဆေးခန်းက ကြည့်လို့ရတယ်။

ကျွန်မ စင်ကာပူမှာ အလုပ်လုပ်ခဲ့စဉ်တုန်းက အတွေ့အကြုံကတော့ နာမည်ကြီး အထူးကုဆေးရုံတွေ မပြောပါ။ ရပ်ကွက်တွေထဲက ဂျီပီဆရာဝန်ထိုင်တဲ့ ရိုးရိုးဆေးခန်းလေးတွေမှာတောင် ကောင်တာမှာ ကိုယ့်ရဲ့ အလုပ်သမားကတ်ကလေးကို ပေးလိုက်တာနဲ့ တချောက်ချောက်နဲ့ ကွန်ပျူတာထဲ စာရင်းသွင်းထားလိုက်တာပါပဲ။ ပထမတစ်ခါ စာရင်းသွင်းပြီးတာနဲ့ စင်ကာပူတစ်နိုင်ငံလုံးက ဆေးရုံ၊ ဆေးခန်းတွေမှာ ကိုယ့်ရောဂါမှတ်တမ်းတွေ စာရင်းဝင်ပြီးသား ဖြစ်သွားပါတယ်။ ကြိုက်တဲ့ဆေးခန်းမှာဝင်ပြီး ကိုယ့်ကတ်ကလေးပေးလိုက်တာနဲ့ ကတ်နံပါတ်ရိုက်ထည့်လိုက်ရင် ဘယ်နေ့က ဘယ်မှာ ဘာရောဂါဖြစ်လို့ လာပြထားတယ်။ ကုသမှုဘယ်လိုခံယူထားတယ်။ ဘာဆေးတွေ ပေးထားတယ်ဆိုတာ တသီကြီး ပေါ်လာတာပါပဲ။ ကွန်ပျူတာစနစ်ကို ကောင်းကောင်းအသုံးချတတ်ကြတာမို့ FIN No လို့ ခေါ်တဲ့ အလုပ်လုပ်ခွင့် ကတ်နံပါတ်တစ်ခုတည်းနဲ့ ထိန်းချုပ်သွားတာပါ။

ဆေးခန်းတွေမှာ ဆရာဝန်နဲ့ပြချင်တယ် ပြောလိုက်တာနဲ့ တိုကင်နံပါတ်ကို စာရွက်အပိုင်းလေးပေါ်မှာ ရေးပေးလိုက်ပြီး စောင့်ခိုင်းပါတယ်။ ဆရာဝန်နဲ့ ပြပြီးရင် အဲဒီ စာရွက်ကလေး လွှင့်ပစ်ခဲ့ရုံပါပဲ။ ဆေးခန်းအကြီးတွေဆိုရင်တော့ တိုကင်အပြားနဲ့ အကျအန ပေးလေ့ရှိပါတယ်။ တိုကင်ရပြီဆိုရင်တော့ စိတ်အေးလက်အေးနဲ့ စကရင်မှာ ပေါ်လာမယ့် ကိုယ့်နံပါတ်ကို ထိုင်စောင့်ပြီး နံပါတ်ပေါ်လာရင် အခန်းထဲ ဝင်သွားရုံပါ။ မဖတ်တတ်သူများ၊ အမြင်အာရုံ အားနည်းသူများအတွက်လည်း နံပါတ်ကို အသံထွက်ခေါ်ပြီး အကြားအာရုံနဲ့ အဆင်ပြေအောင် လုပ်ပေးထားပါတယ်။

### တိုကင်ယူဖို့ မိုးမလင်းခင်က ထဖုန်းဆက်ကြရ

ကျွန်မတို့ဆီမှာတော့ ရပ်ကွက်ထဲက ဆေးခန်းကလေးတွေမှာ ဒီလို စနစ်တွေကို ကျွန်မမျှော်လင့်နေရင် မတရားရာ၊ လောဘကြီးရာ ကျပါလိမ့်မယ်။ ဒါပေမယ့် နာမည်ကြီး အထူးကုဆေးခန်းတွေမှာတော့ မျှော်လင့်မိတာ အမှန်ပါ။ အခုတော့ တိုကင်နံပါတ်ရဖို့ကို မနက် ၆နာရီလောက် နိုးစက်ပေးအိပ်ရာကထပြီး ဖုန်းဆက်ယူရင်တောင် နံပါတ် ၁၅ တို့၊ ၂၀ကျော်တို့ ရနေတတ်တယ်။ တစ်နေ့ အဆင်မပြေရင် နောက်တစ်နေ့ကို ပြလို့ရအောင်ဆိုပြီး ဆရာဝန်ထိုင်တဲ့နေ့တွေ ရှိသမျှ အကုန်ဘွတ်ကင်တင်ထားတာတွေလည်း ရှိတတ်သေးတာကိုး။

### ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲ

ဆေးခန်းပြတဲ့နေ့မှာတော့ ကိုယ်သွားတဲ့အချိန်မှာ ဆရာဝန် ရောက်နေပြီဆိုရင် တကယ့်ကံကောင်းခြင်းလက်ဆောင်လို့ မှတ်ရပါမယ်။ မရောက်သေးဘူးဆိုရင်လည်း လည်ပင်းရှည်အောင် စောင့်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။ ဆရာဝန်ကြီးတွေ ရောက်လာပြီဆိုရင်တော့ အခန်းထဲသွင်းသွားတဲ့ လူနာတွေကို ထိုင်ရေရင်း ကိုယ့်ဘာသာကိုယ် စိတ်မှန်းနဲ့ ငါ့အလှည့် ဘယ်တော့လောက်ဖြစ်မယ် တွက်ကြရတာပါပဲ။ လူနာနဲ့ ပါလာတဲ့ လူနာရှင်တွေကလည်း တစ်ခါတလေ နှစ်ယောက်၊ သုံးယောက် လိုက်ဝင်သွားကြသလို တစ်ခါသွင်းရင်လည်း လူနာလေးယောက်၊ ငါးယောက် တစ်ပြိုင်တည်း ဝင်ထိုင်ခိုင်းထားတာမို့ အဲလိုတွက်ချက်နည်းကလည်း မမှန်တာများပါတယ်။ တိုကင်သာ ပေးထားပေမယ့် ခေါ်တာကလည်း လူနာစာအုပ်ပေါ်က နာမည်နဲ့ ကိုညို၊ ဒေါ်ဖြူစသဖြင့် ခေါ်တာမို့ အဲဒီကိုညိုက တိုကင်နံပါတ် (၁)လား (၂)လား၊ ဘယ်လောက်ဆိုတာ ဘယ်လိုလုပ် မှန်းလို့ရမှာလဲ။ ကောင်တာကို တိုကင်နံပါတ် ဘယ်လောက်ရောက်ပြီလဲ သွားမေးရင်လည်း ကိုယ့်ကို ပြန်ပြူးကြည့်ပြီး မဖြေချင့် ဖြေချင်နဲ့ သူတို့ စိတ်ထဲထင်တဲ့ နံပါတ်ကို ဖြေလိုက်ကြတာချည်းပါပဲ။

### ဆေးခန်းသွားနေကျသူတွေသာ သိတဲ့ လျှို့ဝှက်ချက်

ဆေးခန်းအများစုမှာ နာမည်ကို နှစ်ခါခေါ်လေ့ရှိပါတယ်။ ပထမတစ်ခါက သွေးချိန်၊ ပေါင်ချိန်ဖို့ အတွက်ပါ။ (မျက်စိစမ်းသပ်ခန်းဆိုလည်း နှစ်ခါ ခေါ်တာ ကြုံဖူးပါတယ်)။ အဲဒါကို မသိတဲ့ လူအသစ်တွေဆိုရင် ကိုယ့်အလှည့်ရောက်လို့ ခေါ်ပြီပဲဆိုပြီး ဝမ်းသာအားရ ထသွားပြီးမှ သွေးချိန်ပြီး ပြန်ထိုင်စောင့်ပါဆိုတဲ့အခါ ကိုယ့်ထိုင်ခုံကို သူများဝင်ထိုင်သွားလို့ ထိုင်စရာ ပျောက်သွားတတ်ကြတာ ခဏခဏ တွေ့ဖူးပါတယ်။ ဒါမျိုးကတော့ ဆေးခန်းပါးဝနေတဲ့ ကျွန်မတို့လို လူမျိုးတွေမှ သိလေ့ရှိတဲ့ လျှို့ဝှက်ချက်တွေပါ။

### အားလုံးသိအောင် တစ်ခါတည်း ကြေညာပြီးသားပဲ

ကိုယ့်အလှည့်ရောက်လို့ အခန်းထဲ ဝင်ရတော့မယ်ဆိုရင်လည်း သူနာပြုတွေက နာမည်ကို ထပ်ခေါ်ပါတယ်။ ရှိပါတယ်။ ရှိပါတယ်လို့ ပြန်မပြောမချင်း လူအုပ်ထဲ လျှောက်အော်ခေါ်ကြတာပါ။ တချို့ဆေးခန်းတွေဆိုရင် နာမည်တင်မကဘဲ သေချာအောင် အသက်ပါ အော်မေးလိုက်သေးတယ်။ ဒါကြောင့် ကိုယ်ထသွားတဲ့ အချိန်မှာတော့ ဝိုင်းကြည့်နေကြတဲ့ မျက်လုံးတွေအောက်မှာ ကိုယ့်နာမည်ရော၊ အသက်ကိုပါ တစ်ခါတည်း ကြေညာပြီးသား ဖြစ်သွားတော့တာ။ သူများကို ခေါ်တဲ့အချိန်မှာလည်း ကိုယ်က အဲလိုလိုက်ကြည့်မိတာပါပဲ။ ဆေးခန်းမှာငူငေါင်ပြီး ထိုင်နေကြတဲ့ အချိန်ဆိုတော့ လုပ်စရာကလည်း မရှိဘူးလေ။

### မျက်ခြည်မပြတ်စောင့်ကြည့်

ဒါ့အပြင် အဲလိုနာမည်ခေါ်တဲ့အချိန်မကြားလိုက်မှာစိုးတော့ လူနာတွေက ဆရာဝန် စမ်းသပ်ခန်းနား နီးတဲ့နားမှာ နေရာရဖို့ လုယက်ထိုင်ကြသလို ဝေးတဲ့နေရာ ရောက်သွားတဲ့ လူနာတွေခမျာ စိတ်မဖြောင့်နိုင်တော့ဘဲ အဲဒီအခန်းကိုပဲ မျက်ခြည်မပြတ် တောင့်တောင့်ကြီးတွေ စောင့်ကြည့်နေကြရတယ်။ မကြားလိုက်လို့ကျော်သွားရင် နောက်အလှည့် ပြန်စောင့်ရမယ့် ဒုက္ခက အတော်ကြီးတာကိုး။

### လူကြားထဲ ချပြစရာကိစ္စ မဟုတ်ပါ

ဟိုတစ်လောကဆိုရင် ဆေးခန်းတစ်ခုမှာ သူနာပြုက ဆေးစစ်ချက် အဖြေလာယူတဲ့ လူနာကို ဆရာဝန်အခန်းထဲ မဝင်ခင် အဲလိုပဲ လူကြားထဲ နာမည်ခေါ်ပြီး ရှာပါတယ်။ တွေ့တဲ့အခါ ကို . . . နေ၁်၊ အသက် . . . ၊ ဘီပိုးရှိတယ်မဟုတ်လား စသဖြင့် မေးပါတယ်။ ဟိုလူနာကလည်း ဟုတ်ကဲ့ဆိုပြီး မှန်ကန်ကြောင်း ပြန်ဖြေပါတယ်။ မေးသူနဲ့ ဖြေသူ ဘာမှမထူးခြားတဲ့ ကိစ္စတစ်ခုလို လုပ်ရိုးလုပ်စဉ်အတိုင်း ပြောသွားကြတာပါ။ ဘေးက တမင်နားမထောင်ပါဘဲနဲ့ အကုန်ကြားနေရတဲ့ ကျွန်မမှာတော့ လူနာရဲ့ အတွင်းရေးတွေကို မပေါက်ကြားစေရဘူးဆိုတဲ့ ဆေးပညာကျင့်ဝတ်စည်းမျဉ်းတွေ မြန်မာပြည်မှာ ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲလို့ စိတ်ထဲမကောင်းဖြစ်ရပါတယ်။

တကယ်ဆိုရင် ဆေးစစ်ချက်အဖြေဆိုတာ ရရင်တောင် စာအိတ်ထဲ ပိတ်ပြီး ပေးရတာပါ။ သူနာပြုတွေက အဖြေကို သိထားရင်တောင် ပြောပြခွင့်မရှိပါဘူး။ ဆရာဝန်ကပဲ နှစ်ဦးချင်းတွေ့ပြီး ပြောပြ၊ ရှင်းပြခွင့် ရှိတာပါ။ အထူးသဖြင့် ဘီပိုးတို့၊ တီဘီတို့ဆိုတာ အိတ်ချ်အိုင်ဗွီပိုးထက်တောင် လေထဲက ကူးစက်မြန်တဲ့ ရောဂါတွေမို့ လူကြားထဲချပြရမယ့် ရောဂါမဟုတ်ပါဘူး။

### အားလုံး သိကုန်တော့တာပဲ

ဒါက အပြင်စောင့်နေတဲ့ နေရာမှာပဲ ရှိပါသေးတယ်။ စမ်းသပ်ခန်းထဲရောက်တော့လည်း တစ်ပြိုင်တည်း ၃-၄ယောက် သွင်းထားပြီး တန်းစီထိုင်နေတဲ့ လူနာတွေရှေ့မှာ ကိုယ့်ရောဂါအကြောင်း သူသိ၊ သူ့ရောဂါအကြောင်း ကိုယ်သိနဲ့ ဘာမှကို ပရိုက်ဗေစီ မရှိတော့ပါဘူး။ အမျိုးသမီးရောဂါများဆိုရင် ပြီးပါလေရော။ အသေးစိတ်ကို မခြွင်းမချန် မေးသမျှဖြေကြ၊ ပြောကြ၊ သိကြတော့တယ်။ အဖော်လိုက်ပေးတဲ့ အမျိုးသားတွေ ရှိနေရင်လည်း သူ့ရှေ့ငုတ်တုတ်ကြီးထားပြီး ဖြေပေတော့ပဲ။ သူတို့ကလည်း မျက်နှာမပူချင်ရင် အပြင်ထွက်ရှောင်နေရုံပဲ ရှိတော့တယ်။

### ကျင့်ဝတ်ကလေးတွေ စဉ်းစားပေးစေချင်

ဒါကြောင့် အဲလို စနစ်တွေအစား ခုနကပြောတဲ့ တိုကင်နံပါတ်ကို စကရင်မှာ ပေါ်စေတဲ့နည်းကို သုံးလိုက်ရင် သိပ်အဆင်ပြေသွားကြမယ်လို့ စဉ်းစားမိပါတယ်။ ကိုယ့်နာမည်၊ အသက်၊ ရောဂါတွေကိုလည်း လူတကာ သိစရာမလိုတော့သလို နာမည်မကြားမှာစိုးလို့ စမ်းသပ်ခန်းအနား အတင်းနေရာယူထားစရာလည်း မလိုတော့ဘူး။ ပြီးတော့ လူနာတွေ အများကြီး ခေါ်သွင်းထားတဲ့ စနစ်ကိုတော့ အမြန်ကို ပြောင်းလဲသင့်နေပါပြီ။ ဒီအတွက် ဥပဒေတော့မရှိပေမယ့် ကျင့်ဝတ်စည်းမျဉ်းဆိုတာတွေ ရှိပါတယ်၊ ထည့်စဉ်းစားပေးကြပါဦး။

> **ဆေးခန်းပြတဲ့နေ့မှာတော့ ကိုယ်သွားတဲ့အချိန်မှာ ဆရာဝန်ရောက်နေပြီဆိုရင် တကယ့်ကံကောင်းခြင်း လက်ဆောင်လို့ မှတ်ရပါမယ်။ မရောက်သေးဘူး ဆိုရင်လည်း လည်ပင်းရှည်အောင် စောင့်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။ ဆရာဝန်ကြီးတွေ ရောက်လာပြီဆိုရင်တော့ အခန်းထဲသွင်းသွားတဲ့ လူနာတွေကို ထိုင်ရေရင်း ကိုယ့်ဘာသာကိုယ် စိတ်မှန်းနဲ့ ငါ့အလှည့်ဘယ်တော့လောက်ဖြစ်မယ် တွက်ကြရတာ ပါပဲ။ လူနာနဲ့ပါလာတဲ့ လူနာရှင်တွေကလည်း...**


### ယူထားတာနဲ့တန်အောင် ပြန်ပေးကြစေချင်ပါတယ်

ဒါ့အပြင် ကွန်ပျူတာစနစ်နဲ့ စာရင်းသွင်းထားပြီး နိုင်ငံအနှံ့ မချိတ်ဆက်သေးနိုင်ရင်တောင် ဒီဆေးခန်းတစ်ခုတည်းမှာပဲ ပြန်လာပြရင် ပြန်ကြည့်လို့ရတဲ့ စနစ်ကလေး စမ်းသပ်စေချင်ပါတယ်။ ကိုယ်ကြုံဖူးတာထဲကဆိုရင် ကန်ဘာဂန် ဆေးခန်းမှာ အဲလိုကြည့်လို့ရပါတယ်။ ဆေးခန်းအသေးလေးတွေမှာ လူနာမှတ်တမ်းစာအုပ်နဲ့ပဲ စခန်းသွားနေကြတာ နားလည်ပေးလို့ ရပေမယ့် တစ်နေ့တစ်နေ့ကို လူနာထောင်နဲ့ချီပြီး ကုသမှုပေးနေရတဲ့ ဆေးခန်းကြီးတွေအနေနဲ့ ဒီလောက်ကတော့ ပြန်ပြီး ပေးသင့်၊ အားထုတ်သင့်ပါတယ်။

### လုပ်ချင်ရင် လုပ်လို့ရပါတယ်

အခုလောလောဆယ် တွေ့မိတာက ပုဂ္ဂလိကဆေးရုံတစ်ခုရဲ့ ဆေးယူတဲ့နေရာမှာ တိုကင်နံပါတ်နဲ့ ဘယ်ကောင်တာမှာ လာယူလို့ရပါတယ်ဆိုတာ ကြေညာပါတယ်။ (စကရင်မှာ ပြထားတဲ့ နံပါတ်နဲ့ ကောင်တာ မှားနေပေမယ့် မိုက်ကရိုဖုန်းနဲ့ ကြေညာပေးတာကတော့ အမှန်ပါ)။ ဒါပေမယ့် အပေါ်ထပ် လူနာ ကြည့်တဲ့နေရာကျတော့ အဲလိုစနစ်ကို မသုံးဘဲ ရှေးရိုး နာမည်ခေါ်တဲ့နည်းကိုပဲ သုံးနေပြန်တယ်။ ဘာပဲဖြစ်ဖြစ် မြန်မာပြည်မှာ လုပ်လို့ရနေတယ်ဆိုတာ သက်သေတစ်ခုပါပဲ။ လုပ်ချင်စိတ်ရှိဖို့နဲ့ စလုပ်ဖို့သာ လိုတာပါ။

ဆေးရုံဆေးခန်းတွေမှာ အဲလို စနစ်ကောင်းကလေးတွေနဲ့ အပြိုင်အဆိုင် ဝန်ဆောင်မှု ပေးသွားကြမယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်၊ အားလုံးက ကျေးဇူးတင်ကြမှာ သေချာပါတယ်။ ။




## မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အသိပညာပေးဟောပြော

**လယ်ဝေး စက်တင်ဘာ ၂၇**

မူးယစ်ဆေးစွဲနေသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် လယ်ဝေးမြို့နယ် စာရေးဆရာအသင်းတို့ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက လယ်ဝေးမြို့နယ် အေလာ အထက(၅)၌ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲနေသူများပြန်လည်ထူထောင်ရေးအသင်းဥက္ကဋ္ဌ ဦးစံရှိန်က အသင်းကဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဌာနမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲဆိုးကျိုး အန္တရာယ်များအကြောင်း သိကောင်းစရာများအား ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်းမှသံတမန် ဟာသလူရွှင်တော် ချစ်ချောက မူးယစ်ဆေးဝါး၏ဆိုးကျိုးများအကြောင်း အသိပညာပေးဆွေးနွေးသည်။ ထို့နောက် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို လယ်ဝေးမြို့ အလက (၂) နေပြည်တော်တွင် ယနေ့ မွန်းလွဲ ၂ နာရီက ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တာ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသန့်၊ မြို့နယ်ပညာရေးမှူးဒေါ်စန်းစန်းကြွယ်နှင့် ကျောင်းအုပ်ဆရာမကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**(ရွှေမိုးငယ်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဘတ်ဂျက်လိုငွေနှင့် ငွေကြေးဖောင်းပွမှု တက်ပြီးပြန်မကျသည့် ကုန်ဈေးနှုန်း

## အငြိမ်းစားအရာရှိတစ်ဦး

ကုန်ဈေးနှုန်းသည် တရိပ်ရိပ်တက်လျက်ရှိပြီး ပြန်ကျရိုးထုံးစံမရှိသည့်အတွက် ပြည်သူများခါးစည်းပြီး ခံစားနေကြရပါသည်။ ကုန်ဈေးနှုန်းတက်ရသည့် အကြောင်းအရင်းမှာ ငွေကြေးဖောင်းပွမှုသည်လည်း အဓိကအကြောင်းအရင်းဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကြေးဖောင်းပွမှုမှာ ၁၁ ဒသမ ၄၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုလက်ရှိအခြေအနေတွင် ၁၂ ဒသမ ၁၄ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ ဘတ်ဂျက်ရေးဆွဲရာတွင် ပိုငွေပြဘတ်ဂျက်၊ ရငွေနှင့်အသုံးစရိတ်မျှနေသည့်ဘက်မျှဘတ်ဂျက်နှင့် ရငွေနည်းကာအသုံးစရိတ်များသော လိုငွေပြဘတ်ဂျက်ဟူ၍ သုံးမျိုးရေးဆွဲကြပါသည်။ ပထမအကြိမ် ယခင်အစိုးရသက်တမ်းတွင် လိုငွေပြဘတ်ဂျက်ဖြင့် ရေးဆွဲခဲ့ပါသည်။ ပြည်တွင်းသို့ပြည်ပမှ တရားမဝင်သောနည်းလမ်းများဖြင့် ဝင်ရောက်လာသောငွေမဲများအပြင် အခြားသော နည်းလမ်းများဖြင့်စီးဝင်လာသော ငွေကြေးများနှင့် ဗဟိုဘဏ်မှ ချေးယူရသောငွေကြေးများကြောင့် ဖောင်းပွလာခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။ ယခင်အစိုးရအဆက်ဆက်မှ မြင့်မားလာသည့် ငွေကြေးဖောင်းပွမှုသည် ယခုတိုင်ရပ်နားခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ် ငွေကြေးဖောင်းပွမှုမြင့်မားလျက်ရှိပါသည်။

အစိုးရသစ်အနေဖြင့် အချိန်တိုအတွင်း ကုန်ဈေးနှုန်းမြင့်မားမှုကို ကုစားရန်အခက်အခဲရှိနိုင်ပါသည်။ ဩဂုတ် ၃၀ ရက်တွင် မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်လှိုင်ဝင်းက ဆောင်ရွက်နေကျဖြစ်သည့် ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်မှ ချေးယူသည့်စနစ်အား ဆက်လက်ကျင့်သုံးမည်ဆိုပါက ငွေကြေးဖောင်းပွမှုဆက်လက်ဖြစ်ပေါ်လာနိုင်သည်ကို "နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ ဆပ်ငွေစာရင်း၏ လိုငွေ ၁၂၃၆ ဘီလီယံအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူရန် ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့ခြင်းအပေါ် ဗဟိုဘဏ်က လိုငွေကို ချေးယူသည့်စနစ်ဖြင့် ဖြည့်စွက်ပါက ယင်းပိုက်ဆံများ ဈေးကွက်ထဲ ဝင်ရောက်လာပြီး စီးဝင်လာသည့်အတွက် ငွေကြေးဖောင်းပွမှုဖြစ်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းတက်လာနိုင်ကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်လိုငွေအား ဗဟိုဘဏ်မှချေးယူသောစနစ်ကို မလုပ်ဆောင်သင့်ကြောင်း၊ နိုင်ငံတကာတွင် ဗဟိုဘဏ်မှ တိုက်ရိုက်ချေးယူသည့်စနစ်အား ပိတ်ပင်ထားကြောင်းနှင့် အဆိုပါလွှတ်တော်ကိုယ်စားလှယ်မှ ငွေကြေးဖောင်းပွမှုအရှိန်ကြောင့် အခြေခံစားကုန်ဈေးနှုန်းများ တက်လာကြောင်း၊ ချေးငွေရယူပါက ဈေးကွက်အတွင်း ငွေကြေးဖောင်းပွမှုဘယ်လောက်အထိမြင့်တက်လာနိုင်ကြောင်း၊ အခြေခံစားကုန်ဈေးနှုန်းများကို မည်သို့ထိန်းချုပ်မည်နှင့် ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းတက်လာမည်ကို ပွင့်လင်းစွာချပြလျက် ချေးငွေကို ရယူသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ကုန်ဈေးနှုန်းကို ထိန်းညှိရန်မှာ ငွေကြေးဖောင်းပွမှုနှင့် ဆက်စပ်လျက်ရှိပါသည်။ ကုန်ဈေးနှုန်းကျဆင်းလာစေရန် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ငွေကြေးဖောင်းပွမှုကို လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုတိုးမြှင့်ထုတ်လုပ်ရန်ဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုဒဏ်ကို ဒေသအတော်များများတွင် ခံစားနေရပြီး စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရေကြီးနစ်မြုပ်သည့်ဒေသများမှ

> **တရိပ်ရိပ်တက်နေသည့် ကုန်ဈေးနှုန်းကို တားဆီးနိုင်ရေးအတွက် ပြည်သူမှ အားကိုးယုံကြည်၍ ရွေးချယ်ထားသော အစိုးရဖြစ်သည့်အတွက် ပြည်သူများ ခါးသီးစွာခံစားနေရသည့် ကုန်ဈေးနှုန်းမြင့်မားလာမှုကို တည်ငြိမ်ကျဆင်းလာနိုင်ရေးအတွက် ပြည်ပမှ စက်သုံးဆီအမျိုးမျိုး တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ဈေးနှုန်းအား ထိန်းညှိလာနိုင်မည်ဖြစ်။**

ထွက်ကုန်များသည် ယခင်နှစ်ထက် လျော့နည်းကျဆင်းနိုင်ပါသည်။ ငွေကြေးဖောင်းပွမှုကို အခြားသော နည်းလမ်းမျိုးစုံဖြင့် ထိန်းချုပ်ရန်အတွက် ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်မှ ချေးယူသည့်စနစ်မှအပ အခြားနည်းဖြင့် ဖြည့်ဆည်းရန်နည်းမရှိပါက ငွေကြေးစီးဆင်းမှု ဈေးကွက်အတွင်း ကျုံ့လာစေရန် အခွန်အကောက်ကို တိုးမြှင့်ကောက်ခံရမည်သာဖြစ်သော်လည်း ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်၊ သွယ်ဝိုက်ခွန်(ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်)များကို တိုးမြှင့်ကောက်ခံခြင်းသည် စားသုံးသူမှ ပေးဆောင်ရသည့်အခွန်ဖြစ်၍ ကုန်ဈေးနှုန်းကို မြင့်မားလာစေနိုင်ပါသည်။ တိုက်ရိုက်ခွန်ဖြစ်သည့် ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်ဖြစ်သည့် ဝင်ငွေခွန်ကို လွတ်ကင်းနေသည့်အခွန်များ၊ တိမ်းရှောင်နေသည့်အခွန်များဖော်ထုတ်၍ ရသင့်ရထိုက်သော အခွန်ငွေများကိုရရှိစေရန်နှင့် သိသာထင်ရှားစွာ တိုးတက်ကောက်ခံရရှိအောင် အဓိကထားဆောင်ရွက်သင့်ပါသည်။

တစ်ဆက်တည်းကုန်ဈေးနှုန်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့် စက်သုံးဆီဈေးနှုန်း မြင့်မားလာရသည့် အကြောင်းအရင်းကို တင်ပြလိုပါသည်။ ၂၀၁၆ ခုနှစ်မတိုင်မီက ပြည်ပမှ တင်သွင်းသူ(Importer) များသည် ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းနှင့် ဝင်ငွေခွန်(ကြိုတင်) နှစ်ရာခိုင်နှုန်း၊ အကောက်ခွန် ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်း ၈ ဒသမ ၅ ရာခိုင်နှုန်း ပေးဆောင်လျက် ပြည်တွင်းသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှ ၂၀၁၆ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၁)ဖြင့် အထူးကုန်စည်ခွန်ဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေမှာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကျိုးသက်ရောက်ခဲ့ပြီး စက်သုံးဆီအပါအဝင် ကုန်စည် ၁၆ မျိုးမှာ ပြည်ပမှ တင်သွင်းပါက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းအပြင် အထူးကုန်စည်ဥပဒေအရ ထပ်မံပေးဆောင်ရပါသည်။ အခွန်ငွေကို ကုန်စည်အမျိုးအစားအလိုက် ရာခိုင်နှုန်းအသီးသီးဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ စက်သုံးဆီမှာ အထူးကုန်စည်ခွန်နှင့် အကျုံးဝင်သဖြင့် ပြည်ပမှ တင်သွင်းပါက အထူးကုန်စည်ခွန် ငါးရာခိုင်နှုန်းထပ်မံပေးဆောင်ရမည်ဖြစ်၍ ယခင်ဘဏ္ဍာနှစ်က ၈ ဒသမ ၅ ရာခိုင်နှုန်း ပေးဆောင်နေခဲ့ရသည်မှာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အကောက်ခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် အထူးကုန်စည်ခွန်များကို ၁၃ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်လာရပါသည်။ ဥပမာအားဖြင့် ဒီဇယ်တစ်ဂါလန်၏ ကုန်းပေါ်ရောက်တန်ဖိုးမှာ ဩဂုတ်လပေါက်ဈေးဖြင့် ပျမ်းမျှ ကျပ် ၂၀၆၀ ဝန်းကျင်တွင်ရှိနေပြီး ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းအပြင် အထူးကုန်စည်ခွန် ငါးရာခိုင်နှုန်းပေးဆောင်ရသဖြင့် ၁၀ ရာခိုင်နှုန်းအပေါ် ၂၀၆ ကျပ် အခွန်ပေးဆောင်ရပါသည်။

ယခင်အစိုးရလက်ထက်က စက်သုံးဆီကြီးမြင့်မှုသည် ကုန်ဈေးနှုန်းကို မြင့်မားလာစေနိုင်သဖြင့် နိုင်ငံတော်မှ အရှုံးခံလျက် သုံးစွဲသူပြည်သူလူထုအား ရောင်းချပေးခဲ့သည့်သာဓကများရှိပါသည်။ စက်သုံးဆီအမျိုးမျိုးသည် နိုင်ငံအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်အမျိုးမျိုးကို သယ်ယူပို့ဆောင်ပေးနေသည့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းများဖြင့် အဓိကသုံးစွဲနေပြီး ပြည်သူလူထုအတွက် မသုံးမဖြစ်သော ကုန်ပစ္စည်း(Essential Goods) ဖြစ်၍ စက်သုံးဆီအမျိုးမျိုးအပေါ် အထူးကုန်စည်ခွန်ဖြင့် ကောက်ခံမှုအား ပြန်လည်သုံးသပ်သင့်သည်ဟု ယူဆပါသည်။ အကယ်၍သာ စက်သုံးဆီတင်သွင်းမှုအပေါ် အထူးကုန်စည်ခွန် ငါးရာခိုင်နှုန်းကို (Tax Exemption) ခွင့်ပြုပေးပါက တစ်ဂါလန်လျှင် ပျမ်းမျှ ကျပ် ၁၀၀ ဝန်းကျင် စက်သုံးဆီဈေးနှုန်း ကျဆင်းလာမည်ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၉(ခ)တွင် "ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

တရိပ်ရိပ်တက်နေသည့် ကုန်ဈေးနှုန်းကို တားဆီးနိုင်ရေးအတွက် ပြည်သူမှ အားကိုးယုံကြည်၍ ရွေးချယ်ထားသော အစိုးရဖြစ်သည့်အတွက် ပြည်သူများ ခါးသီးစွာခံစားနေရသည့် ကုန်ဈေးနှုန်းမြင့်မားလာမှုကို တည်ငြိမ်ကျဆင်းလာနိုင်ရေးအတွက် ပြည်ပမှ စက်သုံးဆီအမျိုးမျိုး တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ဈေးနှုန်းအား ထိန်းညှိလာနိုင်မည်ဖြစ်သည်ကို အကြံပြုတင်ပြလိုက်ရပါသည်။

# မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး) ဒုတိယအကြိမ်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာ ဟောပြောပွဲကိုစက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးအမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းတင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆန်းရီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အသင်းအတွင်းရေးမှူးက အသင်း၏လှုပ်ရှားမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးစာရင်းရှင်းတမ်းအား ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ အသင်းဝင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

မွန်းလွဲ ၁ နာရီတွင် စီးပွားရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ဦးတင်ဇံကျော်က New Business Opportunities in Retailing ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆရာ ဦးတင်ဇံကျော် ဦးဆောင်ကာ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းမှအတွင်းရေးမှူး ဦးသူရိန်ငြိမ်း၊ ဒေါ်ဝေသစ်လွင်၊ Sumsung Myanmar မှ ဦးဇာနည်ဝင်းထက်၊ Coca Cola မှ ဦးဇော်လင်းရှိန်းတို့က ဈေးကွက်အောင်မြင်ခြင်းစကားဝိုင်း ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေးကို ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃၊ ၄၊ ၅၊ ၆ရက် (၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်) ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇၊ ၈ ရက် (၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁၊ ၂၂ ရက်) တနင်္လာ၊ အင်္ဂါနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်) ဗုဒ္ဓဟူးနေ့အရောက် ကြွတော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါ နေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးပြီးသော သစ်ပင်များအား အလေအလွင့်မရှိစေရန် ပြုပြင်ထိန်းသိမ်းပေး**

**အမ်း စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့ သစ်တောဦးစီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်စုများမှ လူထုများပူးပေါင်းကာ ၂၀၁၆ ခုနှစ် မိုးရာသီတွင် အမ်းမြို့နယ်အတွင်းရှိ စိုက်ပျိုးခဲ့သော ကျွန်းပင်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်အမျိုးအစားပါသစ်ပင် ၄၀၀၀၀ ကို စိုက်ပျိုးပေးနိုင်ခဲ့၍ ကျေးရွာ တစ်ပိုင်တစ်နိုင်စိုက်ခင်းအဖြစ် ခပ်စီကျေးရွာ၊ မျှားကျေးရွာ၊ ဒုက္ကန်ကျေးရွာနှင့် ရှောက်ခြုံကျေးရွာများတွင် တစ်ပိုင်တစ်နိုင်တစ်ဧကစီ ယူကလစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

ယင်းသစ်ပင်များအလေအလွင့်မရှိစေရန် လူထုများမှ ပေါင်းမြက်ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်တစ်ခုလုံးတွင် အမ်းမြို့နယ်သည် ဧရိယာအကျယ်အဝန်းအားဖြင့် အကြီးဆုံးသော မြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

(၅၂၂)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ပြည်လည်းလှ**

**❒ရွှေဖုံးမှ**

ဖြစ်စဉ်မှာ စက်မှုဝန်ကြီးဌာနက BPI ဆေးဝါးအတုများ ဈေးကွက်တွင် ပေါ်ထွက်လာသည့် သတင်းကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ကြောင်း၊ အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအား ဆက်လက်တာဝန်ပေးအပ်ခဲ့ကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက သတင်းနှင့်ပတ်သက်၍ ဆေးဆိုင်များ၊ ဆေးသိုလှောင်ရုံများကို လေ့လာစောင့်ကြည့်ခြင်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ နေရာ ၁၁ နေရာရှိ ဆေးဆိုင်နှင့် သိုလှောင်ရုံ ၂၂ နေရာအား စီးနင်းရှာဖွေခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြည်သူလူထုနှင့် လူသားထုတစ်ရပ်လုံးကို သားစဉ်မြေးဆက် ဒုက္ခပေးနိုင်မည့် အလွန်အန္တရာယ်များသော ဆေးဝါးအတုလုပ်ငန်းသည် ဒုက္ခရောက်သူအား ပိုပြီးဒုက္ခရောက်စေပါကြောင်း၊ မည်သည့်ရှုထောင့်မှ ကြည့်ကြည့် လုံးဝခွင့်မလွှတ်နိုင်သော လုပ်ငန်းမျိုးကို ရပ်တန်းမှရပ်ပြီး စစ်မှန်သော ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို မိမိတို့နှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို အသိပေးတင်ပြချင်ပါကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဆေးဝါးအတုအပလုပ်ငန်းကို ဖော်ထုတ်အရေးယူပြီး ရှေ့ဆက်မှန်ကန်သည့် လုပ်ငန်းဖြစ်ရန် ယခုကဲ့သို့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံ့အကြီးအကဲများကလည်း သေသေချာချာ တိတိကျကျ ပြည်သူလူထုဘက်မှ ရပ်တည်ရန် မှာကြားသည့်အတွက် မိမိတို့အနေဖြင့် လွန်ခဲ့သောနှစ်လမှစတင်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူသားများအတွက် အစဉ်အမြဲ နှောင့်ယှက်ပေးနေသည့် ဆေးဝါးအတုအပလုပ်ငန်းများကို ရပ်တန်းမှရပ်၍ တရားနည်းလမ်းတကျ ဆေးဝါးထုတ်မှုများကို အားပေးအားမြှောက်ပြုနိုင်ရန် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်ကို ယနေ့မှစ၍ အပြီးသတ်ချေမှုန်းပြီး ထိုက်သင့်သော အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် သတင်းမီဒီယာများမှ ပူးပေါင်းဆောင်ရွက်ပါက ပြည်သူများအနေဖြင့် ဆေးဝါးအတုပြဿနာကို သိရှိသွားမည်ဖြစ်ပါကြောင်း၊ ဆေးဝါးအတု ထုတ်လုပ်ခြင်းသည် ကျန်းမာရေးနှင့် လူမှုရေး မည်သည့်ရှုထောင့်မှ ကြည့်ကြည့် သားစဉ်မြေးဆက် ဒုက္ခရောက်နိုင်သည့်လုပ်ငန်းနှင့် အသက်အန္တရာယ် ထိပါးနိုင်သည့် လုပ်ငန်းဖြစ်သောကြောင့် အစိုးရသစ်အနေဖြင့် လုံးဝခွင့်လွှတ်သွားမည် မဟုတ်ပါကြောင်း၊ အရေးယူမှုများကိုလည်း ယခုစတင်၍ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ဆေးဝါးတုပမှုကြောင့် ပြည်သူများ မည်မျှဒုက္ခရောက်သည်ကို ထဲထဲဝင်ဝင် သိရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ ကောင်းရန်အတွက် ဘာမဆိုရပ်တည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကို မသမာသူများက ပြုလုပ်ဖြန့်ဖြူးရောင်းချနေမှုအပေါ် ပြည်သူများအနေဖြင့် ဆေးဝါးအတုမှန်း မသိဘဲ ဝယ်ယူသုံးစွဲမိပါက အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် မှုခင်းတွင် ပါဝင်ပတ်သက်ဆက်နွှယ်သူများ၊ အမှုနှင့်ပတ်သက်သည့် ကွင်းဆက်တရားခံများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဆေးဝါးအတုများ တစ်ဆင့်ဝယ်ယူရောင်းချသူများကို စစ်ဆေးဖော်ထုတ်အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ဆေးဝါးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်သွားရန်အတွက် ဈေးကွက်သုတေသနပြုလုပ်စဉ် ဈေးကွက်အတွင်း မသင်္ကာဖွယ် ဆေးဝါးအတုများကို သတိပြုမိခဲ့ကြောင်း၊ ဆက်လက်စုံစမ်းလေ့လာခဲ့ရာမှ BPI စက်ရုံထုတ်ဆေးဝါးများကို အတုအပပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချနေသည်ကို အထင်အရှားသိရှိရသည့်အတွက် ဩဂုတ် ၃၁ ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အစားအစာနှင့် ဆေးဝါး

## ဖမ်းဆီးရမိသော ဆေးဝါးအတုများ နှင့် တံဆိပ်အတုများ

### ဆေးဝါးအတု(၄၄)မျိုး

**ဆေးပြား (၂၉) မျိုး**

1. Allopurinol Tablet
2. Aminophylline Tablet
3. Amoxicillin Capsule
4. Ampicillin Capsule
5. Antichol Tablet
6. Behexavit Tablet
7. Bevit Tablet
8. Burmeton Tablet
9. Buspro Tablet
10. Burplex Tablet
11. Cevit Tablet
12. Co-trimoxazole Tablet
13. Cough Tablet
14. Cream of Magnesia Tablet
15. Dexamethasone Tablet
16. Digoxin Tablet
17. Diruton Tablet
18. Ergometrine Tablet
19. Folic Tablet
20. Frusemide Tablet
21. Furamin BC Tablet
22. Paracetamol Tablet
23. Penicillin V Tablet
24. Prednisolone Tablet
25. Ribovit Tablet
26. Rifampicin Capsule
27. Sodamint Tablet
28. Tiovit Tablet
29. Vitazone Tablet

**ဆေးဆီ/ဆေးရည် (၆) မျိုး**

1. Burplex Elixir
2. Gripe Mixture
3. Vitazone Elixir
4. Aseptol
5. Lyecresol
6. Methylated Spirit

**လိမ်းဆေးရည် (၄) မျိုး**

1. Burscabe Lotion
2. Mezineal Lotion
3. Repito Lotion
4. Taw Shauk Lotion

**ဆေးမှုန့် (၁) မျိုး**

1. Cal-D Glucose

**ထိုးဆေး (၄) မျိုး**

1. Burplex Fort Injection
2. Burplex I.V Injection
3. Calcium Gluconate Injection
4. Quinine Dihydrochloride Inj:

### တံဆိပ်အတု(၁၈)မျိုး

**ဆေးပြားတံဆိပ်(၈)မျိုး**

1. Metronidazole Tablet
2. Gelmag Tablet
3. K-Vit Tablet
4. Ferrous Sulfate Tablet
5. Isoniazid Tablet
6. Cold Tablet
7. Chloramphenicol Capsule
8. Tetracycline Capsule

**လိမ်းဆေးတံဆိပ်(၂)မျိုး**

1. Burodine
2. Cardamide Drop

**ထိုးဆေးတံဆိပ်(၈)မျိုး**

1. Adrenaline Injection
2. Burmeton Injection
3. Dextrose 50% Injection
4. Benzyl Penicillin Injection
5. Procaine Penicillin Injection
6. Magnesium Sulphate Injection
7. Potassium Chloride Injection
8. Testoron Injection

## ဆေးဝါးအတု ဖော်ထုတ်ဖမ်းဆီး ရရှိခဲ့မှု အခြေအနေ

| စဉ် | ဆေးဆိုင်အမည် | စမ်းသပ်ဆေးဝါး/ တံဆိပ် | ဆေးဝါး/ တံဆိပ်အတု | သက်တမ်းလွန် ဆေးဝါး | မှတ်ချက် |
|---|---|---|---|---|---|
| (က) | လောကချမ်းသာ | (၇၄) မျိုး | (၆၅) မျိုး | (၆) မျိုး | ဆေးအတု ရောင်း/ဝယ်သည့် ဆေးဆိုင်များ (၇) ဦး |
| (ခ) | ကျော်ဦး/ ဇော်ဦး ဆေးဆိုင် (၄၇၄/ ၄၇၅) | (၉) မျိုး | (၈) မျိုး | (၁) မျိုး | |
| (ဂ) | ဝင်းနိုင် ဆေးဆိုင် | (၂၂) မျိုး | (၁၁) မျိုး | (၁၁) မျိုး | |
| (ဃ) | ချမ်းမြေ့ပြည့်စုံ | (၉) မျိုး | (၈) မျိုး | (၁) မျိုး | |
| (င) | ကိုမျိုးဝင်း ဆေးဆိုင် | (၃) မျိုး | (၃) မျိုး | | |
| (စ) | ဦးကျော်ကျော်ဝင်း | (၄) မျိုး | (၄) မျိုး | | |
| (ဆ) | ဦးမျိုးသန့် ဆေးဆိုင် | (၃၀) မျိုး | (၂၈) မျိုး | (၁) မျိုး | |
| (ဇ) | ဦးအောင်သန်းထွန်း | (၃၃) မျိုး | (၂၉) မျိုး | | ဆေးအတု ပြုလုပ်/ ရောင်းချ ဖြန့်ဖြူးသူများ (၄) ဦး |
| (ဈ) | ဦးစန်းညွန့်ဦး | (၁၀) မျိုး | (၆) မျိုး | | |
| (ည) | ဒေါ်စိုးစိုးဝေ | (၃၉) မျိုး | (၃၀) မျိုး | | |
| (ဋ) | ဦးဝင်းမင်းအောင် (ခ) ဘဲဥ | (၁) မျိုး | (၁) မျိုး | | |
| (ဌ) | ဘိုးတော်စိုးဝင်း (ခ) ကျော်ဝင်း | (၃၄) မျိုး | (၃၄) မျိုး | | ဆေးဝါးတံဆိပ် အတုပြုလုပ် ရောင်းချသူများ (၂) ဦး |
| (ဍ) | ဦးထွန်းထွန်းဝင်း | | | ဆေးတံဆိပ်အတု ပြုလုပ်သည့် ဖလင်ပြား (၅၄) မျိုး | |
| (ဎ) | ရွှေစကား | | | (၉၈) မျိုး | သက်တမ်းလွန် ဆေးဝါးများကို ရှင်းပြချက်မဲ့ သိုလှောင်ထားသူ |

စုစုပေါင်း ဆေးဝါးအတု အမျိုးအစား ( ၄၄ ) မျိုး၊ အရေအတွက် ( ၄၆ဝ ) ခန့်
စုစုပေါင်း ခန့်မှန်းတန်ဖိုး ( ၂ ဒသမ ၈၀၇ ) ဘီလီယံကျပ်

ကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗိုလ်ချုပ်ဈေးနှင့် ရွှေပြည့်စုံဈေးတို့တွင် မသင်္ကာဖွယ် ဆေးဝါးအတုများကို ဖမ်းဆီးခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

BPI စက်ရုံမှ ထုတ်လုပ်သော ဆေးဝါးများကို တုပခြင်းမှ ကာကွယ်နိုင်ရန်အတွက် အောက်တိုဘာ ၁ ရက်မှစ၍ BPI အသားတံဆိပ်ပါ ဆေးဝါးအဖုံး၊ ဘူးခွံနှင့် Top Seal များဖြင့် ထုတ်လုပ်ခြင်း၊ BPI စက်ရုံမှ ထုတ်လုပ်သော ဆေးပြားများတွင် BPI အသားတံဆိပ်ရိုက်နှိပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အရွယ်အစားအရ သို့မဟုတ် ဆေးမျက်နှာပြင် အခြေအနေအရ BPI အသားတံဆိပ်ရိုက်နှိပ်ရန် ခက်ခဲသည့်ဆေးပြားများကို Film Coating ဖြင့် ထုတ်လုပ်၍ Blister ထုတ်လုပ်မှုပုံစံဖြင့် စီမံဆောင်ရွက်လျက်ရှိခြင်း၊ BPI စက်ရုံမှ ထုတ်လုပ်သည့် ထိုးဆေးများကို ထုပ်ပိုးမှုပုံစံအသစ် Printed Box with Plastic Tray များဖြင့် ပြောင်းလဲထုတ်လုပ်နေခြင်း၊ BPI စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် ဆေးပြား ၃၁ မျိုးအား Blister ထုပ်ပိုးမှုပုံစံဖြင့် ထုတ်လုပ်ခြင်း၊ Cal-D Glucose အား အတုအပကင်းဝေးစေရန် ထုပ်ပိုးမှု ပုံစံအသစ်ဖြင့် ထုတ်လုပ်ခြင်း၊ Market Surveillance Team အားဖွဲ့စည်းပြီး ဈေးကွက်အတွင်း ဆေးဝါးအတုအပများ ရှိ၊ မရှိ စဉ်ဆက်မပြတ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်ရုံမှူး ဦးကိုကိုအောင်က ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးနေမှုများနှင့်ပတ်သက်၍ ဆေးဝါးစက်ရုံမှ ထုတ်လုပ်သည့် ဆေးဝါးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ကို အဓိကဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ပိုလျှံသည့် ဆေးဝါးများကို ၂၀၁၄ ခုနှစ်အထိ တစ်ဦးတည်း အရောင်းကိုယ်စားလှယ်ဖြင့် ရောင်းချခဲ့ပါကြောင်း၊ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် အရောင်းကိုယ်စားလှယ် သုံးဦးဖြင့် တိုးမြှင့်ရောင်းချခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြည်သူများထံ သက်သာသောနှုန်းဖြင့် ပျံ့ပျံ့နှံ့နှံ့ရောက်ရှိအောင် အရောင်းကိုယ်စားလှယ်များကို တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ တင်ဒါလျှောက်ထားသူ ၁၀ ဦးအား စနစ်တကျ စိစစ်ရွေးချယ်၍ အရောင်းကိုယ်စားလှယ် ငါးဦးကို ရွေးချယ်ခဲ့ပါကြောင်း၊ ယခုရွေးချယ်ခဲ့သည့် အရောင်းကိုယ်စားလှယ်များကို ဝန်ကြီးဌာနမှ အမြဲမပြတ် စောင့်ကြည့်နေမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ မကိုက်ညီပါက အရောင်းကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆေးဝါးများ ဖမ်းဆီးရရှိမှုနှင့်ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဗိုလ်ချုပ်ဈေးနှင့် ရွှေပြည့်စုံဈေးတို့မှ မသင်္ကာဖွယ် ဆေးဝါးအတုများကို ဖမ်းဆီးခဲ့ရာတွင် ဆေးပြား ၂၉ မျိုး၊ ဆေးဆီ၊ ဆေးရည်၊ ဆေးမှုန့် ခြောက်မျိုး၊ လိမ်းဆေးရည် လေးမျိုး၊ ဆေးမှုန့် တစ်မျိုးနှင့် ထိုးဆေး လေးမျိုး စုစုပေါင်းဆေးဝါးအတု ၄၄ မျိုး၊ ဆေးပြား တံဆိပ်အတု ရှစ်မျိုး၊ လိမ်းဆေးတံဆိပ်အတု နှစ်မျိုးနှင့် ထိုးဆေးတံဆိပ်အတု ရှစ်မျိုး စုစုပေါင်းတံဆိပ်အတု ၁၈ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၉၈ မျိုးနှင့် သံသယဖြစ်ဖွယ် ဆေးဝါး ၂၁ မျိုးတို့ သိုလှောင်ထားခြင်း၊ ဆေးဝါးတံဆိပ်အတုများ ပြုလုပ်ရာတွင် အသုံးပြုသော ဖလင်ပြားများနှင့် ဆေးဝါးအတုပြုလုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းများဖြစ်သည့် Gripe Mixture သောက်ဆေးရည်အတု၊ Glucose ဆေးမှုန့်အတုနှင့် အရက်ပြင်းများ အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၂ ဒသမ ၈၀၇ ဘီလီယံ သိမ်းဆည်းရမိပါကြောင်း၊ ဆေးဝါးအတု ပြုလုပ်ရောင်းချသူ ခုနစ်ဦး၊ ဆေးဝါးအတု ပြုလုပ်သူ လေးဦး၊ တံဆိပ်အတုပြုလုပ်သူ နှစ်ဦးနှင့် သက်တမ်းလွန် ဆေးဝါးသိုလှောင်ထားရှိသူတစ်ဦး စုစုပေါင်း ၁၄ ဦးကို ဖမ်းဆီးရမိခဲ့ပါကြောင်း ဖြေကြားသည်။

သိမ်းဆည်းရမိဆေးဝါးများ ဖျက်သိမ်းခြင်းနှင့် ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် ဖမ်းဆီးရမိသည့် ဆေးဝါးအတုများနှင့် သက်တမ်းကုန် ဆေးဝါးများကို ဆေးဝါးဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ဓာတုဆေးရည်ဖြင့် ဖျက်ဆီးနိုင်မည့် ဆေးဝါးများကို ဖျက်ဆီးသွားမည့်အပြင် ဖျက်ဆီး၍မရသည့် ဆေးဝါးများကို ဓာတုဗေဒပညာရှင်များနှင့် ညှိနှိုင်းပြီး သတင်းမီဒီယာများ ရှေ့မှောက်တွင် ဖျက်ဆီးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ဆေးဝါးစက်ရုံ(အင်းစိန်)ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝန်ကြီးများ (၂၃၄) ကြိမ်မြောက် အစည်းအဝေး၊ ပထမအကြိမ် ပြည်တော်သာညီလာခံ၏ ခွင့်ပြုချက်အရ ၁၉၅၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့မှ အီးဗန့် မယ်ဒီကယ် ဆပ်ပလိုင်း ကုမ္ပဏီ (Evans Medical Supplies Ltd;)နှင့် စာချုပ်ချုပ်ဆို၍ ငွေကျပ် သန်း ၆၀ ဖြင့် တည်ဆောက်ခဲ့ပြီး ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) ယခင် BPI စက်ရုံသည် ၁၉၅၈ ခုနှစ်မှစ၍ ပြည်သူလူထုအတွက် ထိုးဆေး၊ သောက်ဆေး အမျိုးမျိုးနှင့် ပဋိဇီဝပိုးသတ်ဆေးများကို ထုတ်လုပ်လျက်ရှိပြီး ယခုအချိန်တွင် ဆေးပြား၊ ဆေးတောင့် အမျိုး ၇၀၊ ဆေးရည် ၂၂ မျိုး၊ လိမ်းဆေး ၁၀ မျိုး၊ ဆေးမှုန့် သုံးမျိုး၊ ထိုးဆေး အမျိုး ၅၀၊ သွေးကြောသွင်းဆေးအမျိုး ၅၀၊ ပဋိဇီဝဆေး ၁၁ မျိုး စုစုပေါင်း ၁၈၁ မျိုးတို့ကို ထုတ်လုပ်လျက်ရှိသည်။ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက် ဆေးဝါးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရန် New BPI Project ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၉၉ ရာခိုင်နှုန်း ပြီးစီး၍ မကြာမီဆေးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်သွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်ရန် ဆေးဝါးအတုပြုလုပ်ဖြန့်ဖြူးရောင်းချသူများကို အမြစ်ပြတ်ချေမှုန်းတိုက်ဖျက်သွားမည်



ဦးကိုကိုလွင်



ဒေါက်တာ ဉက္ကာဖြိုး



ဒေါက်တာ မင်းဇော်



ဦးဇော်မင်းထွန်း

**နေပြည်တော် စက်တင်ဘာ ၂၇**

လူသားအားလုံးအတွက် အမြဲတစေ အန္တရာယ်ပေးနေသော ဆေးဝါးအတုအပလုပ်ငန်းများ နိဂုံးချုပ်သွားစေရန်နှင့် ပြည်သူလူထုအားလုံး၏ ကျန်းမာရေးကို ရှေးရှုပြီး BPI ဆေးဝါးများအား အတုပြုလုပ်၍ ရောင်းချဖြန့်ဖြူးနေသူများကို စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်း၍ ဖော်ထုတ်အရေးယူမှုနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ဆေးဝါးစက်ရုံ(အင်းစိန်) ယခင် BPI စက်ရုံသည် ဆေးဝါးအမယ်သစ်များ တိုးချဲ့ထုတ်သွားရန်အတွက် ဈေးကွက်သုတေသနပြုလုပ်စဉ် ဈေးကွက်အတွင်း မသင်္ကာဖွယ်ဆေးဝါးအတုများကို သတိပြုမိခဲ့ပြီး စုံစမ်းခဲ့ရာ BPI စက်ရုံထုတ်ဆေးဝါးများကို အတုအပပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရသည့်အတွက် ဩဂုတ် ၃၁ ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗိုလ်ချုပ်ဈေးနှင့် ရွှေပြည့်စုံဈေးတို့တွင် မသင်္ကာဖွယ်ဆေးဝါးအတုများကို ဖမ်းဆီးခဲ့ရာ ဆေးဝါးအတုမျိုးစုံ ၄၄ မျိုး၊ တံဆိပ်အတုစုစုပေါင်း ၁၈ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၉၈ မျိုးနှင့် သံသယဖြစ်ဖွယ်ဆေးဝါး ၂၁ မျိုးတို့ သိုလှောင်ထားခြင်းနှင့် ဆေးဝါးတံဆိပ်အတုများပြုလုပ်ရာတွင် အသုံးပြုသော ဖလင်ပြားများနှင့် ဆေးဝါးအတုပြုလုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းများဖြစ်သည့် Gripe Mixture သောက်ဆေးရည်အတု၊ Glucose ဆေးမှုန့်အတုနှင့် အရက်ပြင်းများကို သိမ်းဆည်းရရှိခဲ့သည်။ ဆေးဝါးအတုနှင့် သက်တမ်းလွန်ဆေးဝါးများ စုစုပေါင်း တန်ဖိုးငွေကျပ် ၂ ဒသမ ၈၀၇ ဘီလီယံဖိုး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

BPI သက်တမ်းလွန်ဆေးဝါးများ အများဆုံးသိမ်းဆည်းရမိခြင်းနှင့် ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က "BPI ဆေးဝါးနဲ့ပတ်သက်ပြီး သူ့ရဲ့သက်တမ်းကို ဆေးရဲ့အမျိုးအစားအလိုက် ကျွန်တော်တို့ အများဆုံး သုံးနှစ်အထိ ပေးပါတယ်။ သက်တမ်းလွန်သွားရတဲ့ အကြောင်းရင်းကတော့ ရောင်းချတဲ့သူတွေအနေနဲ့ ပျံ့ပျံ့နှံ့နှံ့ မရောင်းနိုင်ဘူး။ အဲဒီလိုဖြစ်တဲ့အခါ ရောင်းချရန် သိုလှောင်ထားတဲ့ ဆေးဝါးပစ္စည်းတွေဟာ သက်တမ်းလွန်သွားတာတွေရှိတယ်။ ဥပမာ ရွှေစကား ဆေးဝါးရောင်းဝယ်ရေးကုမ္ပဏီဟာဆိုရင် အရင်က ကျွန်တော်တို့ BPI ဆေးဝါးစက်ရုံရဲ့ တစ်ဦးတည်းကိုယ်စားလှယ်ရယူထားတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ဆေးဝါးတွေကို ပျံ့ပျံ့နှံ့နှံ့ မရောင်းနိုင်ပါဘူး။ အဲဒီအချိန်မှာပဲ ဆေးဝါးအတုတွေဟာ ဈေးကွက်ထဲကို ဈေးနှုန်းသက်သာစွာနဲ့ ဝင်လာတဲ့အတွက် သူ့အနေနဲ့ စီးပွားရေးတွက်ခြေမကိုက်ဘူး။ နောက်ပြီး ဆေးတွေ မရောင်းရတဲ့အတွက် သူသိုလှောင်းထားတဲ့ ဆေးဝါးတွေဟာ သက်တမ်းလွန်သွားပါတယ်။ သူ ဒါကိုတော့ ထိန်းသိမ်းထားတယ်။ အဲဒီအပေါ်မှာ ဘယ်လိုဆောင်ရွက်မလဲဆိုတာကတော့ အခုမှသိရတဲ့အတွက် ကျွန်တော်တို့ စစ်ဆေးဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး သူတို့အနေနဲ့ ဆေးဝါးဥပဒေပါပြဋ္ဌာန်းချက်တွေကို သိရှိနားလည်ဖို့လိုပါတယ်။ မသိလို့ လုပ်မိတယ်ဆိုပေမယ့် ဥပဒေအရတော့ ခွင့်လွှတ်မှာမဟုတ်ပါဘူး။ ထိုက်သင့်တဲ့ အရေးယူမှုတော့ ခံယူရမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီလိုမဖြစ်အောင်လည်း အခုဆိုရင် ဆေးဝါးအရောင်းကိုယ်စားလှယ်ကြီးတွေ ငါးဦးအထိပေးထားပါတယ်။ သူတို့ကိုလည်း ဥပဒေအတိုင်းလုပ်ပါ။ အခက်အခဲတွေရှိရင်လည်း ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးပါဆိုပြီး ရှင်းပြထားပါတယ်။ အရောင်းကိုယ်စားလှယ်တွေအနေနဲ့ ဆေးဝါးတွေ သက်တမ်းကုန်ပြီဆိုရင် သက်ဆိုင်ရာ ဆေးဝါးကုမ္ပဏီတွေကို ချက်ချင်းအကြောင်းကြားပြီး ဖျက်ဆီးဖို့ ပြောရပါမယ်"ဟု ၎င်း၏ အမြင်ကို ပြောသည်။

"အခုက ဒီ BPI ဆေးဝါးအတုတွေကို စက်မှုဝန်ကြီးဌာန BPI ဆေးဝါးစက်ရုံနဲ့ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ဖမ်းဆီးတာဖြစ်ပါတယ်။ ကျွန်တော်တို့အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ကတော့ သူတို့ဖမ်းဆီးရမိတဲ့ ဆေးဝါးတွေကို ကျွန်တော်တို့ဆီကို နမူနာပို့တယ်။ အဲဒီနမူနာကို သုံးမျိုးစစ်ဆေးပါတယ်။ ပထမဦးဆုံးတစ်မျိုးအနေနဲ့ မျက်မြင်နဲ့ စစ်ဆေးတယ်။ နောက်ဓာတ်ခွဲစစ်ဆေးတယ်။ ဓာတ်ခွဲစစ်ဆေးတဲ့နေရာမှာလည်း BPI ဆေးဝါးစက်ရုံမှာရှိတဲ့ Retain Sample လို့ခေါ်တဲ့ အရန်ဆေးဝါးတွေနဲ့ တိုက်ဆိုင်စစ်ဆေးကာ Quality Control Lab တွေနဲ့ ဓာတ်ခွဲစစ်ဆေးပါတယ်။ ဆေးဝါးအတုတွေဖော်ထုတ်တဲ့နေရာမှာ စက်မှုဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီပွဲအနေနဲ့ ကျွန်တော်တို့ကတော့ စက်မှုဝန်ကြီးဌာနကို ပူးပေါင်းကူညီတဲ့သဘောပါပဲ။ FDA အနေနဲ့ကတော့ ဆေးဝါးအတုတွေ၊ စံမညီဆေးဝါးတွေ၊ ရောနှောဆေးဝါးတွေ၊ သက်တမ်းလွန်ဆေးဝါးတွေ အဲဒါတွေကို ထိန်းချုပ်နေတာပါပဲ။ ဒါပေမယ့် FDA တစ်ခုတည်းတင်မဟုတ်ဘဲနဲ့ မိမိသက်ဆိုင်ရာ ကုမ္ပဏီတွေအနေနဲ့လည်း မိမိဆေးဝါးတွေကို ဖြန့်ဖြူးပြီးပြီဆိုတာနဲ့ ဈေးကွက်ထဲကို ဆင်းသင့်ပါတယ်။ ကိုယ်ထုတ်လိုက်တဲ့ ဆေးဝါးတစ်ခုဟာ အတုဖြစ်နေလား၊ မဖြစ်ဘူးလားဆိုတာကို မိမိကိုယ်တိုင်လည်း သိသင့်ပါတယ်။ ကိုယ့်ရဲ့ပစ္စည်းကို ဈေးကွက်ထဲမှာ လေ့လာပြီးတော့ အတုဆိုရင် ကျွန်တော်တို့ဆီ ပို့ပြီးတော့ စစ်ဆေးခွင့်ရှိပါတယ်။ ၎င်းတို့ကိုယ်တိုင်လည်း တရားစွဲဆိုခွင့်ရှိပါတယ်။ အဲဒါမျိုးလေးတွေတော့ အကြံပေးချင်ပါတယ်"ဟု အစားအသောက်နှင့် ဆေးဝါးထုတ်လုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဉက္ကာဖြိုးက ပြောသည်။

ဆေးဝါးအတုအပများ ဈေးကွက်အတွင်းဝင်မလာစေရန်နှင့် ပတ်သက်၍ Medi-Tech Biz Co., Ltd. မှ Chairman and Founder ဒေါက်တာမင်းဇော်က "ဆေးဝါးအတုဆိုတာကတော့ BPI ဆေးဝါးမှ မဟုတ်ပါဘူး။ ကျန်တဲ့ဆေးဝါးတွေမှာလည်း အတုတွေရှိပါတယ်။ အခုအခါမှာတော့ BPI ဆေးဝါးကုမ္ပဏီအနေနဲ့ အတုအပတွေကို ဖော်ထုတ်ပြီး လိုက်လံသိမ်းဆည်းတဲ့အတွက် နိုင်ငံတော်အတွက်ရော၊ ပြည်သူအတွက်ရော ကောင်းပါတယ်။ အဓိကကတော့ ပထမအချက်အနေနဲ့ ပြည်သူထုထုကို အန္တရာယ်ဖြစ်စေမယ့် ဆေးဝါးအတုတွေ ဈေးကွက်အတွင်း ဝင်မလာစေဖို့နဲ့ ဒုတိယအချက်ကတော့ BPI ရဲ့ Brand ကို ပိုမိုခိုင်မာအောင် ပြန်ပြီးတော့ မြှင့်တင်တဲ့သဘောပါ။ သောက်ဆေး၊ လူးဆေးကတော့ ဆေးဝါးအတုလုပ်ဖို့လွယ်ပြီး ထိုးဆေးကတော့ ခက်ပါတယ်။ ထိုးဆေးကျတော့ တခြားနိုင်ငံက ဝင်လာတဲ့ဆေးကို ဈေးပိုရအောင် BPI တံဆိပ်ကပ်လိုက်တယ်။ ဆေးဝါးအတုတွေ ဈေးကွက်အတွင်း ဝင်မလာဖို့ဆိုတာကတော့ သက်ဆိုင်ရာတွေအနေနဲ့ ပုံမှန်စစ်ဆေးဖို့လိုပါတယ်။ ပြည်သူလူထုအနေနဲ့ ဆေးဝါးအတုလို့သိပြီး မသင်္ကာဖြစ်ရင် သက်ဆိုင်ရာကို အကြောင်းကြားပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့လိုပါတယ်။ သက်ဆိုင်ရာကလည်း ပြည်သူတွေ ဆက်သွယ်လို့ရမယ့် လမ်းကြောင်းတွေ ဖွင့်ပေးဖို့လိုပါတယ်။ နောက်ပြီး BPI ဆေးဝါးကုမ္ပဏီအနေနဲ့ BPI တံဆိပ်နဲ့ပတ်သက်ပြီး တစ်နှစ်ကို လေးကြိမ်လောက် စစ်ဆေးပြီး ကျွန်တော်တို့ တံဆိပ်ကတော့ ဒီလိုပုံစံမျိုးပါ။ ဆင်တူယိုးမှားတွေ သတိပြုပါဆိုပြီးတော့ ကြေညာသင့်ပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောသည်။

"အခုလိုဆေးဝါးအတုတွေ သိမ်းဆည်းရမိခြင်းအားဖြင့် မြန်မာနိုင်ငံအနေနဲ့လည်း အများကြီးကောင်းပါတယ်။ နိုင်ငံခြားကနေ အတုတွေ တင်သွင်းလာတာရှိတယ်။ ပြည်သူတွေကလည်း မသိတဲ့အတွက် အဲဒီအတုတွေကို သုံးဖြစ်တယ်။ အခုလိုသိရှိရတဲ့အတွက် အစိုးရအနေနဲ့လည်း နောက်ပိုင်းဆိုရင် ပစ္စည်းအစစ်တွေကို ပြည်သူတွေဆီကိုရောက်အောင် ပို့ပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီတွေအနေနဲ့လည်း ဒီပစ္စည်းအစစ်တွေကို ဖြန့်ရတဲ့အတွက် အများကြီးဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို ဝန်ကြီးဌာနအနေနဲ့ တင်ဒါခေါ်ပြီး ကုမ္ပဏီရဲ့ နားလည်တတ်ကျွမ်းတဲ့အပေါ်မူတည်ပြီး ရွေးချယ်ပါတယ်။ ဆေးဝါးအတုတွေ ဈေးကွက်မှာ ရှိနေတယ်ဆိုတာကတော့ ပြည်သူတွေလည်း တချို့တော်တော်သိနေကြပါတယ်။ ဒါပေမယ့် အခု သေသေချာချာထိထိရောက်ရောက် အရေးယူတာတွေကိုတော့ အရင်တုန်းက မကြုံဖူးပါဘူး။ အခု ဒီကိစ္စနဲ့ပတ်သက်ပြီး သေသေချာချာလုပ်လာတဲ့အတွက် ပိုပြီးတော့ကောင်းလာမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ Bio Trust Myanmar အနေနဲ့ကတော့ အတတ်နိုင်ဆုံး ဒီဆေးဝါးတွေနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံး ဆေးဝါးအစစ်အမှန်တွေ ပြည်သူတွေဆီရောက်အောင် ဖြန့်ပေးဖို့ သေသေချာချာစီစဉ်ဆောင်ရွက်နေပါတယ်"ဟု Bio Trust Myanmar Co., Ltd. မှ အထွေထွေမန်နေဂျာ ဦးမင်းဇော်ထွန်းက ပြောသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ BPI ဆေးဝါးအတုပြုလုပ်ရောင်းချသူ ခုနစ်ဦး၊ ဆေးဝါးအတု ပြုလုပ်သူ လေးဦး၊ တံဆိပ်အတုပြုလုပ်သူ နှစ်ဦးနှင့် သက်တမ်းလွန်ဆေးဝါး သိုလှောင်ထားသူ တစ်ဦး စုစုပေါင်း ၁၄ ဦးအား ဖမ်းဆီးခဲ့ပြီး ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များပေးနိုင်ရန်အတွက် ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဆေးဝါးအတု ပြုလုပ်ဖြန့်ဖြူးရောင်းချနေသူများကို အမြစ်ပြတ်ချေမှုန်း တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ယင်းအပြင် ဆေးဝါးအတုများကို တစ်ဆင့်ဝယ်ယူရောင်းချသူများကို မြေပြင်စစ်ဆေးဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၅၈ ခုနှစ်မှစ၍ နှစ်ပေါင်း ၆၀ နီးပါးခန့်ရှိနေပြီဖြစ်သော စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်) ယခင် BPI စက်ရုံသည် ပြည်သူလူထုအတွက် ထိုးဆေး၊ သောက်ဆေးအမျိုးမျိုးနှင့် ပဋိဇီဝပိုးသတ်ဆေးများကို ထုတ်လုပ်လျက်ရှိပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရန် ဆေးဝါးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရန်အတွက် New BPI Project ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၉၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မကြာမီ ဆေးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကိုမင်း၊ အေးအေးမြင့်)**



ဆေးဝါးများအား အရည်အသွေး ဓာတ်ခွဲစစ်ဆေးနေစဉ်။



# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ အသေးစိတ်သုတေသနစာတမ်းသုံးစောင် ထုတ်ပြန်



**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ အသေးစိတ်သုတေသနစာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း စာတမ်း သုံးစောင် ထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါစာတမ်းသုံးစောင်အား သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များကိုအခြေခံကာ နိုင်ငံတကာပညာရှင်များ၊ UNFPA နှင့်ပြည်သူ့အင်အားဦးစီးဌာနတို့က ပူးပေါင်းပြုစု၍ထုတ်ပြန်ခြင်းဖြစ်သည်။

ထုတ်ပြန်သည့် စာတမ်းသုံးစောင်နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောကြားရာတွင် မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ သုတေသနစာတမ်းတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် စုစုပေါင်းကလေးမွေးဖွားနှုန်းအနေဖြင့် အမျိုးသမီးတစ်ဦးလျှင် ကလေး ၂ ဒသမ ၅ ဦး၊ မြို့ပြတွင် ၁ ဒသမ ၉ ဦးနှင့်ကျေးလက်တွင် ၂ ဒသမ ၈ ဦးရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှိုင်းယှဉ်ပါက ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦးလျှင် စုစုပေါင်းကလေးမွေးဖွားနှုန်း ငါးဦးဖြင့် အမြင့်ဆုံးဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးတွင် စုစုပေါင်း ကလေးမွေးဖွားနှုန်း ၁ ဒသမ ၈ ဦးဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း၊ အိမ်ထောင်ရေးအခြေအနေဆိုင်ရာ အချက်အလက်များအရ အသက်(၅၀) အရွယ် အိမ်ထောင်မကျဖူးသူ အမျိုးသမီးများအချိုးအစားသည် သိသိသာသာမြင့်မားနေကြောင်း၊ မြန်မာနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် မြို့ပြ/ကျေးလက်ကြား၊ တိုင်းဒေသကြီး/ပြည်နယ်များကြားတွင် ကွာဟမှုမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါအချက်အလက်များသည် မွေးဖွားမှုနှင့်ပတ်သက်သည့် မူဝါဒများချမှတ်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

ထို့ပြင် သေဆုံးခြင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုမှစ၍ မြန်မာနိုင်ငံတွင် ကလေးငယ်သေဆုံးမှုစံချိန်တင်ကျဆင်းလာသည်ကို တွေ့ရှိရသော်လည်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သေဆုံးနှုန်းမြင့်မားနေဆဲဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သေဆုံးနှုန်းကျဆင်းနေသော်လည်း မြန်မာနိုင်ငံဒေသအားလုံးကို မလွှမ်းခြုံနိုင်သေးကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့သည် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက ကလေးသေဆုံးနှုန်းနှင့် အရွယ်ရောက်ပြီးသူတို့၏ သေဆုံးနှုန်းမြင့်မားနေဆဲဖြစ်ကြောင်း၊ ကျား၊ မ ကလေးသေဆုံးနှုန်းကွာဟမှုသည်လည်း မြင့်မားနေသည်ကိုတွေ့ရှိရပါကြောင်း၊ သန်းခေါင်စာရင်းမှရရှိလာသည့် သေဆုံးမှုဆိုင်ရာတွေ့ရှိချက်များ မှန်ကန်မှုရှိမရှိ စစ်ဆေးရန်အတွက် အဆိုပါဒေသများ၏ သေဆုံးခြင်းဆိုင်ရာ စစ်တမ်းများကောက်ယူရန်လိုအပ်ကြောင်း။

ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်တွင် အရှင်မွေးကလေးဦးရေ ၁၀၀၀၀၀ တွင် သားဖွားမိခင် ၂၈၂ ဦး သေဆုံးသည့်အတွက် သားဖွားမိခင်သေဆုံးနှုန်း မြင့်မားလျက်ရှိကြောင်း၊ အမျိုးသမီးများအတွက် ကလေးမမွေးမီ၊ ကလေးမွေးဖွားစဉ်နှင့် ကလေးမွေးဖွားပြီးကာလများတွင် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရေးတို့အတွက် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms.Janet Jackson က အဆိုပါထုတ်ပြန်ချက် ကိန်းဂဏန်းများသည် အမျိုးသမီးများခံစားရသည့် အန္တရာယ်များအပြင် ကျန်ရစ်သူမိသားစုများကြုံတွေ့ရသည့် ဒုက္ခများပါ ဖော်ပြနေပါကြောင်း၊ အမျိုးသမီးများအနေဖြင့် ကလေးယူသည့်နှုန်းအား ကိုယ်တိုင်စိတ်ကြိုက် လျှော့ချနိုင်မည်ဆိုပါက ကိုယ်ဝန်ဆောင်စဉ်အမျိုးသမီးများသေဆုံးနှုန်းသည် သိသိသာသာလျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုထွက်ရှိလာသည့်အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သည့် မိသားစုစီမံကိန်းများ လိုအပ်နေသည်ကို ပြသနေပါကြောင်း။

ကိုယ်ဝန်ဆောင်မိခင်များသေဆုံးမှု လျှော့ချနိုင်ရေးအတွက် အစိုးရသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ အကူအညီများဖြင့် ကိုယ်ဝန်ဆောင်မိခင်များ အသက်ဆုံးရှုံးရခြင်းကို စောင့်ကြည့်မှတ်တမ်းတင်ကာ တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နေပြီး ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးမှု စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော ရလဒ်အစီရင်ခံစာများအပေါ်မူတည်၍ အသေးစိတ် သုတေသနစာတမ်း ၁၅ စောင်ရေးသားပြုစုလျက်ရှိပြီး လက်ရှိတွင် စာတမ်းသုံးစောင်ရေးသားပြုစုထုတ်ပြန်နိုင်ခဲ့ကာ ကျန်ရှိသည့် စာတမ်း ၁၂ စောင်ကို ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း အသေးစိတ်သုတေသနစာတမ်းကို ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုး၊ သေဆုံးခြင်း အသေးစိတ်သုတေသနစာတမ်းကို ညွှန်ကြားရေးမှူး ဒေါက်တာညီညီ၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း အသေးစိတ်သုတေသနစာတမ်းကို Mr.Fredrick Okwayo တို့က အသေးစိတ်ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်နှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ် Ms.Janet Jackson နှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မွေးဖွားခြင်းပေါ်လစီ၊ ပြောင်းရွှေ့ခြင်းပေါ်လစီနှင့် သေဆုံးခြင်းပေါ်လစီများကိုပေါင်းစပ်ကာ အပြန်အလှန်ဆွေးနွေးခြင်းဖြင့် လူဦးရေမူဝါဒကို ရေးဆွဲရမည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ အသေးစိတ်သုတေသနစာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း စသည့်စာတမ်းသုံးစောင်ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါစာတမ်းသုံးစောင်ထုတ်ပြန်ခြင်းအခမ်းအနားတွင် မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း အသေးစိတ်သုတေသနစာတမ်းကို ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးကလည်းကောင်း၊ သေဆုံးခြင်းအသေးစိတ်သုတေသနစာတမ်းကို ညွှန်ကြားရေးမှူး ဒေါက်တာညီညီကလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း အသေးစိတ်သုတေသနစာတမ်းကို Mr.Fredrick Okwayo ကလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညီညီက "မြန်မာနိုင်ငံရဲ့ သေဆုံးမှုအခြေအနေကို ကလေးသေဆုံးနှုန်းနဲ့ အသက်ကြီးတဲ့သူတွေ သေဆုံးနှုန်းဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ ၁၉၇၀ လောက်ကစပြီး လေ့လာလိုက်မယ်ဆိုရင် ၁၉၉၀ အထိကို ကလေးသေဆုံးနှုန်းက အတော်လေးကျဆင်းခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နည်းနည်းနှေးသွားပြီးတော့မှ မကြာသေးခင်ကာလမှာတော့ ကလေးသေဆုံးမှုနှုန်းက ထပ်ပြီးကျလာပါတယ်။ ကလေးသေဆုံးနှုန်းမှာ မိန်းကလေးနဲ့ ယောကျ်ားလေးကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ယောကျ်ားလေးတွေရဲ့ သေဆုံးမှုနှုန်းက မိန်းကလေးတွေရဲ့သေဆုံးမှုထက် အများကြီးမြင့်နေပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကိုတော့ အသေးစိတ်လေ့လာဖို့ သုတေသနလုပ်ငန်းတွေ ဆက်လုပ်သွားဖို့လိုအပ်ပါတယ်"ဟု ရှင်းပြသည်။

ထို့ပြင် သက်ကြီးပိုင်းသေဆုံးမှုတွင်လည်း အမျိုးသားသေဆုံးနှုန်းသည် အမျိုးသမီးသေဆုံးနှုန်းထက် ပိုမိုမြင့်မားနေပြီး အသေးစိတ်သိရှိနိုင်ရန်အတွက်လည်း ရှေ့ဆက်သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။မွေးဖွားနှုန်းများပါက သေဆုံးမှုနှုန်းသည်လည်း မြင့်မားလေ့ရှိပြီး အိမ်ထောင်ရှင်အမျိုးသမီးများ၏ မွေးဖွားနှုန်းကို လျှော့ချပေးနိုင်မည်ဆိုပါက ကလေးမွေးဖွားနှုန်းသည်လည်း ကျဆင်းသွားမည်ဖြစ်သည်။

"သေဆုံးမှုနှုန်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် သေဆုံးမှုနှုန်းမြင့်မားတာတော့ နိုင်ငံအတွက်မကောင်းပါဘူး။ မျှော်မှန်းသက်တမ်းကိုကြည့်မယ်ဆိုရင် အမျိုးသားက အသက်(၆၀)ဆို အမျိုးသမီးက အသက်(၆၉)နှစ်ဆိုတော့ အမျိုးသားနဲ့ အမျိုးသမီးဟာ ကိုးနှစ်လောက်ကွာတယ်။ အခုဆိုရင် သုတေသနလုပ်နေတဲ့အဖွဲ့အစည်းတွေအများကြီးရှိပါတယ်။ အဲဒီအဖွဲ့တွေအနေနဲ့ သုတေသနဆက်ပြီးလုပ်မယ်ဆိုရင်တော့ ကောင်းတာပေါ့။ အဲဒီအခါကျမှ အဖြေထွက်မှာပါ။ သန်းခေါင်စာရင်းကတော့ အဲဒီအတွက် အဖြေထုတ်ပေးဖို့မဖြစ်နိုင်ပါဘူး"ဟု ညွှန်ကြားရေးမှူး ဒေါက်တာညီညီက ပြောသည်။

"အမျိုးသမီးတစ်ယောက်က ပျမ်းမျှကလေးနှစ်ယောက်ခွဲနှုန်းမွေးနေပါတယ်။ မြန်မာနိုင်ငံက အာရှနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အလယ်အလတ်အနေအထားမှာရှိနေတယ်။ လေ့လာချက်တွေအရ ဆယ်စုနှစ်တစ်စုမှာ ကလေးတစ်ယောက်နှုန်း မွေးနှုန်းကျလာတယ်။ အခုလက်ရှိ နှစ်ယောက်ခွဲအထိကျလာတယ်။ အဲဒါဟာ အမျိုးသမီးတစ်ယောက် ကလေးမွေးနှုန်းက အမျိုးသမီးအားလုံးကို အခြေခံ



ဒေါက်တာညီညီ



ဒေါက်တာခိုင်ခိုင်စိုး

ပြီးတွက်တာပါ။ အိမ်ထောင်ကျဖူးတဲ့ အမျိုးသမီးတွေကို အခြေခံပြီးတွက်တဲ့အခါမှာတော့ ကလေးမွေးနှုန်းက ငါးယောက်ဖြစ်သွားပါတယ်။ မြို့တော်တော်များများနဲ့ ပညာတတ်အသိုင်းအဝိုင်းတွေမှာ ကလေးမွေးနှုန်း နည်းလာတာတွေ့ရပေမယ့် ကျေးလက်ဒေသတွေမှာတော့ ခြောက်ယောက်၊ ခုနစ်ယောက်ထိမွေးပါတယ်။ ဒါကြောင့် ကလေးမွေးနှုန်းကျတယ်ဆိုတာက ကိုယ့်နိုင်ငံအနေအထားနဲ့ နှိုင်းယှဉ်ရင်တော့ ကျလာတာမှန်ပါတယ်။ အာဆီယံနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင်တော့ ဒီလောက်ကြီးမကျပါဘူး"ဟု ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက ပြောသည်။

"သေဆုံးမှုနှုန်းကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဆိုပြီး ကြည့်လိုက်မယ်ဆိုရင် အမြင့်မားဆုံးက ဧရာဝတီတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးပါ။ အနိမ့်ဆုံးကတော့ မွန်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးပါ။ အဲဒါကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်လေ့လာတာပါ။ မြို့နယ်အဆင့်ထိ လေ့လာလိုက်မယ်ဆိုရင်တော့ မြို့နယ်တော်တော်များများမှာ သေဆုံးနှုန်းက မြင့်မားနေဆဲဖြစ်ပါတယ်။ အမျိုးသားတွေ သေဆုံးမှုနှုန်းပိုများတာကတော့ အမျိုးသားတွေဟာ ကျန်းမာရေးကိုထိခိုက်စေတဲ့အရာတွေကို အမျိုးသမီးတွေထက် ပိုပြီးလုပ်တယ်လို့ ယူဆရလို့ပါ။ အလုပ်လုပ်တဲ့နေရာမှာလည်း ပိုပြီးစွန့်စားရတဲ့အလုပ်တွေလုပ်ရတာလည်း တစ်ချက်ဖြစ်နိုင်တယ်။ အသေးစိတ်သုတေသနတွေလုပ်မယ်ဆိုရင်တော့ ဘာကြောင့်ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိရမှာပါ"ဟု ညွှန်ကြားရေးမှူး ဒေါက်တာညီညီက ရှင်းပြသည်။

ထိုသို့ မွေးဖွားနှုန်းနည်းခြင်းများခြင်း၊ သေဆုံးနှုန်းများခြင်း နည်းခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနပြုမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင်လည်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသော ရလဒ်အစီရင်ခံစာများအပေါ်မူတည်၍ အသေးစိတ် သုတေသနစာတမ်း ၁၅ စောင်ရေးသားပြုစုလျက်ရှိရာ ယနေ့တွင်စာတမ်းသုံးစောင် ရေးသားပြုစုထုတ်ပြန်နိုင်ခဲ့ပြီး ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း၊ မသန်စွမ်းမှု၊ လူဦးရေပြောင်းလဲခြင်း၊ လူဦးရေခန့်မှန်းခြင်း၊ ကလေးသူငယ်နှင့် လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ လုပ်သားအင်အား၊ အိမ်ထောင်စု၊ အိမ်အကြောင်းအရာနှင့် အိမ်ထောင်စုရှိပစ္စည်းများ၊ ကျား/မ အလိုက်ခွဲခြားလေ့လာခြင်း၊ သန်းခေါင်စာရင်းရလဒ်မြေပုံများနှင့် ဆန်းစစ်လေ့လာခြင်းစသည့် စာတမ်း ၁၂ စောင်ကို ဆက်လက်ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၁၇ ခုနှစ် ဇွန်လတွင် စာတမ်းအားလုံးထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘာကြောင့် အိမ်ထောင်ကျဖူးတဲ့အမျိုးသမီးတွေရဲ့ ကလေးမွေးနှုန်းဟာ စုစုပေါင်းအမျိုးသမီးတွေရဲ့ ကလေးမွေးနှုန်းနဲ့ ဘာလို့ကွာလဲဆိုတော့ ကျန်တဲ့ အိမ်ထောင်မကျတဲ့ အမျိုးသမီးရာခိုင်နှုန်းက အလွန်များနေပါတယ်။ အိမ်ထောင်ကျတဲ့အသက်အရွယ်ရဲ့ နောက်ဆုံးအုပ်စု ကလေးမွေးနိုင်တဲ့အသက်အရွယ်ရဲ့ နောက်ဆုံးအုပ်စုလို့ပြောလို့ရတဲ့ ၄၅ ကနေ ၄၉ အထိပေါ့။ အဲဒီအုပ်စုရဲ့ ၁၀၀ မှာ ၁၄ ယောက်၊ ၁၅ ယောက်က အိမ်ထောင်မပြုကြပါဘူး။ အဲဒါဟာ မွေးနှုန်းကျဆင်းစေတဲ့အကြောင်းရင်းတစ်ရပ်ပါ။ အဲဒီအတွက် ကျွန်မတို့အနေနဲ့ မိသားစုစီမံကိန်းတွေလိုပါတယ်။ ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်မှုတွေ၊ တစ်နှစ်အောက်ကလေးစောင့်ရှောက်မှုတွေ ဒါတွေလုပ်ဖို့ အများကြီးလိုပါတယ်။ အိမ်ထောင်မပြုတဲ့သူတွေ ဘာကြောင့်အိမ်ထောင်မပြုတာလဲဆိုတာကိုရော ဆန်းစစ်လေ့လာဖို့လိုပါတယ်။ အမျိုးသမီးတွေက လွတ်လပ်မှုကို နှစ်သက်ကြတယ်။ ပညာရှာမယ်၊ အလုပ်အကိုင်ရှာမယ် ဒီအထိကအဆင်ပြေပါတယ်။ ဒီအမျိုးသမီးတွေ အသက်ကြီးလာတဲ့အချိန်မှာ သူတို့တွေ မှီခိုအားထားပြုစရာ သားသမီးမရှိဘူး။ အသိုင်းအဝိုင်းမရှိဘူးစသည်ဖြင့် ဒီလိုအနေအထားမျိုးတွေကြုံလာခဲ့ရင် ဒီအမျိုးသမီးတွေအတွက် ကျွန်မတို့ ဘာလုပ်ပေးရမလဲဆိုတာ စဉ်းစားပေးဖို့လိုပါတယ်။ ပြီးတော့ အိမ်ထောင်မပြုတာဟာ ဘာကြောင့်လဲဆိုတာကို သုတေသနလုပ်ဖို့ လေ့လာဆန်းစစ်ဖို့လိုလာပါတယ်"ဟု ဒေါက်တာခိုင်ခိုင်စိုးက ပြောသည်။

မည်သို့ပင်ဆိုစေ ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေဒေသအကျယ်အဝန်းနှင့် အသင့်တော်ဆုံးဖြစ်မည့် လူဦးရေကို သတ်မှတ်ရမည်ဖြစ်ပြီး လူကအရေးကြီးသလား၊ ကျန်သည့်အရင်းအမြစ်က အရေးကြီးသလား၊ အရည်အသွေးပိုင်းဆိုင်ရာက အရေးကြီးသလား စသည်တို့နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးဘယ်နှယောက်မွေးပါက မည်သည့်အချိန်တွင် နိုင်ငံ၏လူဦးရေ မည်မျှဖြစ်လာမည်ဆိုသော မွေးဖွားခြင်းပေါ်လစီ၊ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်သောပေါ်လစီ၊ သေဆုံးခြင်းနှင့်ပတ်သက်သော ပေါ်လစီများကိုပေါင်းကာ လူဦးရေမူဝါဒကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ သို့ရာတွင် အပြန်အလှန်ဆွေးနွေးမှုများ လုပ်ဆောင်ပြီးမှသာ နိုင်ငံအတွက် သင့်တော်မည့်လူဦးရေကို သတ်မှတ်နိုင်လိမ့်မည်ဖြစ်ကြောင်း ဒေါက်တာခိုင်ခိုင်စိုးက ပြောသည်။

လက်ရှိတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ အသေးစိတ်သုတေသနစာတမ်းများအနက် စာတမ်းသုံးစောင်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ကျန်ရှိနေသည့်စာတမ်းများကိုလည်း ထုတ်ပြန်နိုင်ရန်အတွက် UNFPA နှင့် နိုင်ငံတကာပညာရှင်များ၊ ဌာနဝန်ထမ်းများပူးပေါင်းလျက် ဆက်လက်ရေးသားပြုစုလျက်ရှိကြောင်း၊ စာတမ်းတစ်စောင်ချင်းအလိုက် စနစ်တကျ အချိန်ယူသုံးသပ်စစ်ဆေးဆောင်ရွက်မှု၊ စာတမ်းများအပေါ် အချက်အလက်အသုံးပြုသူများက ရေးဆွဲမည့်စီမံကိန်းများအတွက် အခြေခံအချက်အလက်များအဖြစ် ထိထိရောက်ရောက်အသုံးပြုနိုင်ရေးနှင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောကြားသည်။

**နိုင်လင်းကြည်၊ ခင်စုစုလှိုင်**

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၅ မှ

လုယက်ခံရခြင်းများကို ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်နေသည့် ကုမ္ပဏီများ၊ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ တရားဝင်လိုင်စင် ရှိ၊ မရှိ၊ တရားဝင်စေလွှတ်ခြင်း ရှိ၊ မရှိ၊ တာဝန်ခံစေလွှတ်သည့် ကုမ္ပဏီနှင့် အေဂျင်စီများအနေဖြင့် ပြည်ပတွင် မိမိတို့အလုပ်သမားများလုပ်ခလစာများအပြည့်အဝရရှိမှု ရှိ၊ မရှိ၊ အလုပ်ချိန်အတိုင်းစေခိုင်းခြင်း ရှိ၊ မရှိ၊ အလုပ်သမားအခွင့်အရေးအပြည့်အဝပေးထားခြင်း ရှိ၊ မရှိ တို့ကို ပုံမှန်စုံစမ်းစစ်ဆေးခြင်းနှင့် နိုင်ငံသားများ အခက်အခဲဒုက္ခ ကြုံတွေ့ချိန်တွင် နှစ်နိုင်ငံအစိုးရအချင်းချင်း ချိတ်ဆက်၍ အမြန်ဆုံးကူညီဆောင်ရွက်သွားရန်လိုအပ်နေပါကြောင်း ဆွေးနွေးသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်က အာဆီယံနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်သည် ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားအားလုံး၏ ၉ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ၊ မတရားဖိနှိပ်ခံရမှု၊ သတ်ဖြတ်ခံရမှုများကို အကာအကွယ်ပေးရေးသည် အရေးတကြီးလိုအပ်ချက်တစ်ခုဖြစ်လာပါကြောင်း၊ ၁၉၉၀ ခုနှစ်နောက်ပိုင်း အလုပ်အကိုင်ရှားပါးမှုနှင့် လယ်ယာမြေအသိမ်းခံရမှုများကြောင့် မြန်မာနိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံများသို့ အလုပ်အကိုင်များရွှေ့ပြောင်းလုပ်ကိုင်ကြပါကြောင်း၊ နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် အစိုးရတစ်ရပ်၏ ပထမဆုံးခြေလှမ်းအဖြစ် ကြေညာချက်တစ်ခုထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဖြစ်စေရန် Government to Government လမ်းကြောင်းဖြစ်ရန် ဆောင်ရွက်ပေးသင့်ကြောင်း။

လက်ရှိတွင် တရားဝင်လမ်းကြောင်းများသည် ခက်ခဲရှုပ်ထွေးကြန့်ကြာသည့်အတွက် အလုပ်သမားများအား ဆွဲဆောင်မှုနည်းနေပါကြောင်း၊ ထို့ကြောင့်တရားမဝင်လမ်းကြောင်းများ၊ တရားမဝင် Agency များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေမဲ့ ပြုကျင့်ခြင်းများကို ခံနေရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် တရားဝင်လမ်းကြောင်းများကို ရိုးရှင်းလွယ်ကူစေသော နည်းလမ်းများဖြင့် ဖြေလျှော့ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ပြည်ပသို့ရောက်ရှိနေသည့် တရားဝင်၊ တရားမဝင် အလုပ်သမားစာရင်းများကို သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် စီမံချက်များချမှတ်၍ ကောက်ယူဆောင်ရွက်သင့်ပါကြောင်း။

မြန်မာအလုပ်သမားများရှိသည့် နိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် အလုပ်သမားများနှင့် တွေ့ဆုံ၍ အလုပ်သမားများ၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်နိုင်ငံများ၏ ဥပဒေများကို အသိပညာပေးခြင်း၊ ပြဿနာအများဆုံးဖြစ်ပွားနိုင်သည့် နေရာများတွင် ဌာနခွဲနှင့် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သင့်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး နှစ်နိုင်ငံသဘောတူညီချက်အဆင့်အထိ ရောက်ရှိရန် ဆောင်ရွက်သင့်ပါကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာခြင်း ရှိ၊ မရှိကို အဆက်မပြတ်စောင့်ကြည့်ခြင်းနှင့် ထိန်းညှိခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်မှရသည့် ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှပြန်လာမည့် လုပ်သားများအတွက် အလုပ်အကိုင်များဖန်တီးပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လယ်ယာမြေပြဿနာများနှင့် ပြည်တွင်းအလုပ်သမားပြဿနာများကို မှန်ကန်မြန်ဆန်စွာ ဖြေရှင်းခြင်းဖြင့် ပြည်ပရောက်မြန်မာအလုပ်သမားများကို ယုံကြည်မှုပေးသင့်ကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့စတင် ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး နှစ်ပတ်လည်အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဖိုရမ်၏အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး၊ ၂၀၁၇-၂၀၂၁ အတွက် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ မဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ၊ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပြီး အစည်းအဝေးအပြီးတွင် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကိစ္စနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်မည်ဖြစ်သည်။

(၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ဖိုရမ်၏ လက်ရှိဥက္ကဋ္ဌတာဝန်ယူထားသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ဖိုရမ်ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးမည်ဖြစ်သည်။

အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း နှစ်ပတ်လည်နေ့ကျင်းပ




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၇**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက ခက်ခဲကြမ်းတမ်းသည့် ၂၈ နှစ်တာကာလအတွင်း မိမိတို့ပါတီဝင်များနှင့် ပြည်သူလူထုသည် အခြေအနေကို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရနှင့် အကဲဖြတ်ခဲ့ကြပြီး အခြေခံအပြောင်းအလဲများနှင့် အသွင်ကူးပြောင်းမှုများ မလွဲမသွေပြုလုပ်ရန် အင်အားနှင့်သတ္တိကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ဖြစ်ပါကြောင်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်၏ လက်တွေ့ပကတိတရားဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးကို အဓိကဦးတည်ချက်ထားပြီး ဆောင်ရွက်နေပါကြောင်း၊ အာဏာနှင့် အကျိုးစီးပွား ခုံမင်တပ်မက်မှုအပေါ် မေတ္တာတရားက ကျော်လွှားနိုင်သည့်အချိန်တွင် မြန်မာနိုင်ငံ၏ နာတာရှည် လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးကို သိနားလည်ကြမည်ဆိုသည့် မွန်မြတ်သောရည်ရွယ်ချက်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊ လွတ်လပ်မှုနှင့် တန်းတူညီမျှမှု၊ အပြန်အလှန် အသိအမှတ်ပြုလေးစားမှုနှင့် သွေးစည်းညီညွတ်မှုများသည် (၂၁)ရာစု ပင်လုံညီလာခံ၏ ပုံရိပ်များဖြစ်ပါကြောင်း။

မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း အဖွဲ့ချုပ်၏ ပဓာနမူဝါဒဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံသော ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးအတွက် ဦးလည်မသုန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြပါဟု အဓိဋ္ဌာန်ပြုတိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ကြေညာချက်ကို ဒေါက်တာမျိုးညွန့်က ဖတ်ကြားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များကလည်း ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယနေ့ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ "ငြိမ်းချမ်းရေးသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ အမြင့်ဆုံးနှုန်းစံတန်ဖိုး၊ ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာသည် လူ့ယဉ်ကျေးမှု၊ လူ့အခွင့်အရေးသည် လူ့ယဉ်ကျေးမှုအဖြစ် လေးနက်စွာခံယူရင်း လွတ်လပ်မှု၊ ချမ်းသာကြွယ်ဝမှု၊ ဂုဏ်သိက္ခာရှိမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုရှိသော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်သစ်ကို လက်တွဲညီညီ တည်ဆောက်ကြပါ" ဟု ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး(ပဏီတ)**

❁ ဝူရှူးပြိုင်ပွဲမှ

တို့ကလည်းကောင်း၊ အသက်(၁၂)နှစ်အောက် အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် ပထမ ကြည်ဖြူခင် (ရှမ်းပြည်နယ်)၊ ဒုတိယ ဟန်ဆုနွေး (ကချင်ပြည်နယ်)၊ တတိယ ပွံ့ပွံ့ (ဧရာဝတီတိုင်းဒေသကြီး)တို့ကလည်းကောင်း၊ ချန်းချွမ်အကြီးတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ နှင်းသီရိမောင် (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယ ခိုင်ဇင်သန့် (မန္တလေးတိုင်းဒေသကြီး)၊ တတိယ သူဇာထွန်း (ရှမ်းပြည်နယ်) တို့ကလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

အသက်(၁၂)နှစ်အောက် အမျိုးသားနန်းချွမ်ပြိုင်ပွဲတွင် ပထမ ကောင်းထက် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယ ထက်စိုးနိုင် (မန္တလေးတိုင်းဒေသကြီး)၊ တတိယ စောသို့သောထူးကျော် (ဧရာဝတီတိုင်းဒေသကြီး)တို့က လည်းကောင်း၊ နန်းချွမ်အကြီးတန်းအမျိုးသားပြိုင်ပွဲတွင် ပထမ အောင်မြင့်မြတ် (ချင်းပြည်နယ်)၊ ဒုတိယ ပြည့်စုံအောင် (ရန်ကုန်တိုင်းဒေသကြီး)၊ တတိယ ဇော်ထက်အောင် (နေပြည်တော်ကောင်စီနယ်မြေ) တို့က လည်းကောင်း၊ အသက် (၁၂)နှစ်အောက် အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် ပထမ မြတ်သင်းနွယ် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယ နှင်းဆုလွင် (မန္တလေးတိုင်းဒေသကြီး)၊ တတိယ မိုးပြည့်ပြည့်ဇော် (ရခိုင်ပြည်နယ်)တို့က လည်းကောင်း၊ နန်းချွမ်အကြီးတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ ဆောင်းနှင်းဖြူ (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယ ဇာခြည်မိုး(ပဲခူးတိုင်းဒေသကြီး)၊ တတိယ ဖြူစင်ဇော် (ပဲခူးတိုင်းဒေသကြီး)တို့က လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

အသက် (၁၂)နှစ်အောက် အမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲတွင် ပထမ ခန့်ဖြိုးအောင် (ဧရာဝတီတိုင်းဒေသကြီး)၊ ဒုတိယ ဖြိုးကိုကိုအောင် (စစ်ကိုင်းတိုင်းဒေသကြီး)၊ တတိယ မင်းသုတ(ရှမ်းပြည်နယ်)တို့က လည်းကောင်း၊ ထိုက်ချီချွမ်အကြီးတန်းအမျိုးသားပြိုင်ပွဲတွင် ပထမ ခန့်မင်းထက် (မကွေးတိုင်းဒေသကြီး)၊ ဒုတိယ စွမ်းရည်ထက်နိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တတိယ ဟိန်းထက်လင်း (ကယားပြည်နယ်)တို့ကလည်းကောင်း၊ အသက်(၁၂)နှစ်အောက် အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲတွင် ပထမ အိန္ဒြေသန့် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယ အေးရည်မွန် (မန္တလေးတိုင်းဒေသကြီး)၊ တတိယ သံစဉ်ဝဏ်ဟန် (ရှမ်းပြည်နယ်)တို့ကလည်းကောင်း၊ ထိုက်ချီချွမ်အကြီးတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ မြတ်နိုးအိမ် (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယ ထက်ထက်လှိုင် (စစ်ကိုင်းတိုင်းဒေသကြီး)၊ တတိယ ယမင်းခင် (စစ်ကိုင်းတိုင်းဒေသကြီး)တို့က လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့နောက် ဝူရှူးအားကစား ဆန်းဆိုပွဲစဉ်များအဖြစ် အမျိုးသမီး(၄၅)ကီလိုပြိုင်ပွဲ၊ (၄၈)ကီလို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ၊ (၅၂)ကီလို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ၊ (၅၆)ကီလို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ၊ (၆၀)ကီလို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ၊ အမျိုးသား (၆၅) ကီလိုပြိုင်ပွဲ၊ အမျိုးသား (၇၀)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၇၅)ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်း ၁၅ သင်း၊ အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး စက်တင်ဘာ ၂၇ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစ၍ လယ်ဝေးမြို့ (TC-2)၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

ကြေးမုံ ရုပ်ရှင်အညွှန်း

# အေးမြတ်သူ၏ 'မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်' ဇာတ်ကား ယခုတစ်ပတ် ရုံတင်မည်

**ရုပ်ရှင်ချစ်ပရိသတ်များအားလုံး စိတ်ဝင်တစား မျှော်လင့်နေကြသည့် ရုပ်ရှင်သရုပ်ဆောင် အေးမြတ်သူ ပါဝင်သရုပ်ဆောင်ထားသည့် 'မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်'ဇာတ်ကားကို ယခုတစ်ပတ်တွင် ကြည့်ရှုနိုင်ကြပြီ ဖြစ်သည်။**




ဒါရိုက်တာ သီဟကျော်စိုး၏ လက်ရာဖြစ်ပြီး နေမင်းနှင့် အေးမြတ်သူတို့က ခေါင်းဆောင်ပါဝင်ထားသည်။ အေးမြတ်သူက အမြွာညီအစ်မဖြစ်သည့် မအေးပွင့်နှင့် မြင့်မြင့်စန်းအဖြစ် နှစ်ကိုယ်ခွဲဇာတ်ရုပ်ဖြင့် သရုပ်ဆောင်ကွက်များမှာ ပီပြင်လှသည်။

၁၉၈၀ ပြည့်နှစ်ခန့် က တောတွင်းမှ လူရမ်းကားတစ်စုနှင့် ၎င်းတို့လက်အတွင်း ရောက်ရှိနေသည့် နိုင်ငံတော်၏ အရေးကြီးအချက်အလက်များကို ရအောင်ယူပြီး အခက်အခဲများကြားမှ သက်ဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့ပုံကို စွန့်စားခန်းများနှင့် ရင်သပ်ရှုမောဖွယ် အချစ်ဇာတ်ဝင်ခန်းလေးများကိုပါ ထည့်သွင်းပုံဖော်ပေးထားသည်။

မအေးပွင့်ကို လူရမ်းကားလက်ထဲမှ ကယ်တင်ပြီးအမြဲအတူရှိပေးခဲ့သူ ကိုဘခက်အဖြစ် နေမင်းနှင့် မအေးပွင့်နှင့် မြင့်မြင့်စန်း အမြွာညီအစ်မနှစ်ဦးအဖြစ် သရုပ်ဆောင် အေးမြတ်သူတို့က ပါဝင်သရုပ်ဆောင်ထားသည်။

ထို့အပြင် 'မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်' ဇာတ်ကားသည် ၁၉၉၀ ခုနှစ်က ရောင်းအားအကောင်းဆုံး ဝတ္ထုတစ်ပုဒ်ကို ပြန်လည်ပုံဖော်ထားခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိအဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် လာမည့် စက်တင်ဘာ ၃၀ ရက်မှ စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။

ယင်းအပြင် ယခင်တစ်ပတ်က အသစ်ရုံတင်ပြသခဲ့သည့် မြန်မာလူငယ်ပရိသတ်အချစ်တော် စိုင်းစိုင်းခမ်းလှိုင် ပါဝင်သရုပ်ဆောင်ထားသည့် 'ကာလာစုံလက်စင်' မြန်မာဇာတ်ကား၊ အနူးဘစ်၊ ဘောစိနှင့် ခိုးဆိုးလုန့်ုက် ဇာတ်ကားတို့ကိုလည်း ယခုတစ်ပတ်တွင် မြို့ကြီးအချို့ရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများ၌ ဆက်လက်ပြသလျက်ရှိသည်။

ဒါရိုက်တာမီးပွား၏ ကာလာစုံလက်စင်ဇာတ်ကားကို ရွှေဆောင်(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။ ထို့အပြင် တောင်ငူမြို့ရှိ New 3D Cinema တွင် ဒါရိုက်တာစတီးလ်၏ ခိုးဆိုးလုန့်ုက်ဇာတ်ကားကိုလည်းကောင်း၊ ပဲခူးမြို့ရှိ မင်္ဂလာရုပ်ရှင်ရုံတွင် ဘောစိ ဟာသဇာတ်ကားနှင့် ခိုးဆိုးလုန့်ုက်ဇာတ်ကားတို့ကို လည်းကောင်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့်**



**နိုင်ငံပေါင်းစုံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြပြီး (၅၁)ကြိမ်မြောက်အဖြစ် ကျင်းပသည့် Miss All Nations World အလှမယ်ရွေးချယ်ပွဲကြီး၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကို တရုတ်နိုင်ငံ Jiangsu ပြည်နယ်၌ စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့ရာ ၂၀၁၆ ခုနှစ်၏ Miss All Nations World ပြိုင်ပွဲ၏ Global Champion အဖြစ် လတ်ဗီးယား အလှမယ်ကလည်းကောင်း၊ Runner-up ဆုရှင်များအဖြစ် ဩစတြေးလျအလှမယ်နှင့် ဘရာဇီးအလှမယ်တို့က ဆွတ်ခူးရရှိခဲ့ကြကာ ယင်းပြိုင်ပွဲသို့ နိုင်ငံ ၅၀ မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။**



# Sexy ကျလွန်းသည့်ဖျော်ဖြေပွဲတွေ ဘယ်တော့မှမလုပ်ဘူးဆိုတဲ့ Apink

အကကောင်းလှသည့် ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သဖြင့် ဂီတဆုပေးပွဲ အတော်များများတွင် အကပိုင်းဆိုင်ရာဆုများရရှိထားသည့် Apink ကေပေါ့ပ်အဖွဲ့အနေဖြင့် နောင်တွင် Sexy ကျလွန်းသည့် ဖျော်ဖြေပွဲများကို ဘယ်သောအခါမျှ ကျင်းပမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်မတို့အဖွဲ့အနေနဲ့က ဆက်ဇီကျလွန်းတဲ့ ဖျော်ဖြေပွဲတွေကို ဘယ်တော့မှလက်ခံကျင်းပမှာမဟုတ်ပါဘူး။ ဂီတအနှစ်သာရပါဝင်တဲ့ဖျော်ဖြေပွဲတွေကိုပဲ တစ်ဖွဲ့လုံးကနှစ်သက်တာမို့ အဲဒီလိုဂီတဖျော်ဖြေပွဲမျိုးကိုလည်း ငြင်းဆိုမှာပါ။ ရလဒ်အနေနဲ့ ပရိသတ်ကြီးကို အကောင်းဆုံးလက်ဆောင်ပေးနိုင်မှာပါ" Apink မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Hayoung က ဆိုသည်။

ထို့အပြင် သာမန်ဂီတဖျော်ဖြေပွဲများဖြင့် ပရိသတ်များကိုလည်း ပျော်ရွှင်မှုပိုမိုပေးနိုင်သလို အဲဒီအတွက်လည်း ပိုမိုအားထုတ်ကြိုးစားသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုလ ၂၆ ရက်က Pink Revolution အမည်ဖြင့် တတိယမြောက်အဖွဲ့လိုက် စတူဒီယိုအယ်လ်ဘမ်ကို ပရိသတ်ထံအရောက်ပို့ခဲ့ပြီးလည်းဖြစ်သည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**

# အမျိုးသမီးများ အခွင့်အရေးတန်းတူညီမျှရရှိရေးအတွက် ရုန်းကန်လှုပ်ရှားပုံများအကြောင်း ရိုက်ကူးထားသည့် Hurdles ဇာတ်ကားတွင် အမ်မာဝပ်စတန် ပါဝင်မည်

နာမည်ကျော် ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများတွင် ပင်တိုင်အဖြစ်ပါဝင်သရုပ်ဆောင်ခဲ့သူ၊ ဗြိတိန်မင်းသမီးနှင့် မော်ဒယ်တစ်ဦးဖြစ်သူ အမ်မာဝပ်စတန်အား ကမ္ဘာပေါ်ရှိ အမျိုးသမီးများ အမျိုးသားများနှင့် အခွင့်အရေးတန်းတူညီမျှရရှိရေးအတွက် ရုန်းကန်လှုပ်ရှားပုံများကို အဓိကဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် Hurdles ဟု အမည်ပေးထားသည့် ဇာတ်လမ်းတိုတစ်ပုဒ်တွင် ခေါင်းဆောင်အဖြစ် ထပ်မံမြင်တွေ့ကြရမည်ဖြစ်သည်။

"ဒီဇာတ်လမ်းတိုလေးကို ပရိသတ်ကြီးကို ပြဖို့ စိတ်လှုပ်ရှားနေပါတယ်။ ဒီဇာတ်လမ်းတိုလေးကို ကျွန်မအများကြီး ကူညီပံ့ပိုးပေးထားပါတယ်။ ဒီကနေပြီးတော့ အမျိုးသမီးတွေအားလုံး တန်းတူအခွင့်အရေးတွေရရှိဖို့ဝိုင်းဝန်းကူညီကြပါစို့"ဟု အမျိုးသမီးများအရေးတွင် တက်ကြွစွာလှုပ်ရှားသူတစ်ဦးဖြစ် သည့် အမ်မာဝပ်စတန်က ဗီဒီယိုဖိုင်တစ်ခုနှင့်အတူ ၎င်း၏တွစ်တာစာမျက်နှာတွင်ရေးသားခဲ့သည်။

"ကမ္ဘာပေါ်တွင်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အခက်အခဲများစွာနဲ့ ရင်ဆိုင်နေကြရသော်လည်း ၎င်းတို့အနေဖြင့် စိတ်ပျက်အားလျော့သွားခြင်းမရှိကြပါဘူး"ဟု အမ်မာဝပ်စတန်က ဆိုသည်။

အမျိုးသမီးအရေးလှုပ်ရှားသူတစ်ဦးပီပီ ဘင်္ဂလားဒေ့ရှ်နှင့် ဇမ်ဘီးယားနိုင်ငံတို့သို့သွားရောက်ကာ အမျိုးသမီးငယ်များ၏ ပညာရေးကဏ္ဍ မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မင်းသမီး အမ်မာအား ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ၏ အမျိုးသမီးများအရေးဆိုင်ရာ အထူးသံတမန်တစ်ဦးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင် HeForShe ဟု အမည်ပေးထားသည့် ကုလသမဂ္ဂအမျိုးသမီးကမ်ပိန်းတစ်ခုတွင် မိန့်ခွန်းတက်ရောက်ပြောကြားခဲ့သည်။

အမ်မာ၏ ကုလသမဂ္ဂ၏အမျိုးသမီးများအရေးဆိုင်ရာ အထူးသံတမန်တစ်ဦးအနေဖြင့် ပထမဆုံးခရီးစဉ်မှာ ဥရုဂွေးနိုင်ငံဖြစ်ပြီး ယင်းခရီးစဉ်၏ မိန့်ခွန်းတွင် နိုင်ငံရေးဖြစ်စဉ်များတွင် အမျိုးသမီးများပါဝင်ရန် လိုအပ်နေသေးကြောင်း မီးမောင်းထိုးပြခဲ့သည်။

အသက်(၂၆)နှစ်အရွယ် ဟယ်ရီပေါ်တာမင်းသမီးသည် AskMen အွန်လိုင်းကဖော်ပြသည့် ၂၀၁၅ ခုနှစ်၏ အအောင်မြင်ဆုံးအမျိုးသမီး ၉၉ ယောက် စာရင်းတွင်ထိပ်ဆုံးမှရပ်တည်ခဲ့ပြီး တိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာ့ဩဇာအကြီးဆုံးပုဂ္ဂိုလ် အယောက် ၁၀၀ စာရင်းတွင်လည်း နံပါတ် ၂၆ တွင် ရပ်တည်ခဲ့သည်။



ထို့အပြင် အမ်မာသည် ၂၀၁၄ ခုနှစ်က British Artist of the Year နှင့် Best British Style ဆုများကို ရရှိခဲ့သူလည်းဖြစ်သည်။

# ယခုနှစ် မန်စီးတီးအသင်း ချန်ပီယံလိဂ်တွင် ဗိုလ်စွဲရန်မဖြစ်နိုင်သေးဟု ဂွါဒီယိုလာဖွင့်ဟ



ဂွါဒီယိုလာ တာဝန်ယူကိုင်တွယ်နေသည့် မန်စီးတီးအသင်းမှာ ပြိုင်ပွဲစုံတွင် ၁၀ ပွဲဆက်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဂွါဒီယိုလာကမူ ယခုနှစ် ဘောလုံးရာသီအတွင်းမှာပင် မန်စီးတီးအသင်း ချန်ပီယံလိဂ်တွင် ဗိုလ်စွဲရန် မဖြစ်နိုင်သေးဟု တုံ့ပြန်လိုက်သည်။ မန်စီးတီးအသင်းသည် လက်ရှိတွင်ရာနှုန်းပြည့် နိုင်ပွဲဆက်နေသလို အကောင်းဆုံးကစားဟန်လည်း ပြသနိုင်သဖြင့် ပရီမီယာလိဂ်တွင် ဗိုလ်စွဲရန် ရေပန်းစားမှု အမြင့်ဆုံးအဆင့်ရောက်ရှိနေသလို ချန်ပီယံလိဂ်တွင် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်ပြီးလျှင် စတုတ္ထမြောက် ဗိုလ်စွဲရန်ရေပန်းစားနေသည့် အသင်းဖြစ်သည်။

ဂွါဒီယိုလာက ချန်ပီယံလိဂ်ပြိုင်ပွဲသည် ဥရောပ ထိပ်တန်းအသင်းများ အပြိုင်အဆိုင်ခြေစွမ်းပြကာ ဖလားယူရေး ကြိုးပမ်းကြသဖြင့် အလွန်အင်မတန်ခက်ခဲသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ရာ ယခုနှစ်ရာသီမှာပင် မန်စီးတီးအသင်း ချန်ပီယံလိဂ်ဖလားဆွတ်ခူးရန် မဖြစ်နိုင်သေးကြောင်း အစောပိုင်းကပင် ပြောကြားခဲ့ပြီးဖြစ်သည်။ သို့သော် မန်စီးတီးအသင်း၏ ရလဒ်ကောင်းများကြောင့် အားကစားကျွမ်းကျင်သူများက ချန်ပီယံလိဂ်ဗိုလ်စွဲရန်အထိပါ ခန့်မှန်းလာရာ ဂွါဒီယိုလာက နောက်တစ်ကြိမ် ထပ်မံငြင်းဆိုလိုက်ခြင်းဖြစ်သည်။

အုပ်စုတွင် ထိပ်တိုက်တွေ့ဆုံနေသည့် ဘာစီလိုနာကဲ့သို့ မည်သည့်အသင်းမျှကောင်းမွန်အောင်ကစားနိုင်မည်မဟုတ်သည့်အပြင် ပရီမီယာလိဂ်မှာလည်း ချန်ပီယံလိဂ်ဖလားကဲ့သို့ပင် ခက်ခဲသည့် ပြိုင်ပွဲဖြစ်သဖြင့် ထိပ်ဆုံးလေးသင်းစာရင်း ဝင်ရောက်ရန်ပင် မလွယ်ကူဟုလည်း ဂွါဒီယိုလာက မှတ်ချက်ပြုခဲ့သည်။

သူသည် အသက်(၃၇)နှစ်အရွယ်မှာပင် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်နိုင်သည့် အသက်ငယ်ဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သလို ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင်လည်း ဘာစီလိုနာအတွက် ချန်ပီယံလိဂ်ဖလားကို နောက်တစ်ကြိမ် ထပ်မံရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့သော် ဘိုင်ယန်မြူးနစ်အသင်းကို ကိုင်တွယ်ခဲ့စဉ် သုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်ကို တစ်ကြိမ်၊ ဘာစီလိုနာကို တစ်ကြိမ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်ကြိမ်စီ အရေးနိမ့်ကာ ဗိုလ်လုပွဲသို့ပင် တက်ရောက်နိုင်ခြင်းမရှိသည်ဖြစ်ရာ ဂွါဒီယိုလာသည် စပိန်လူမျိုးဖြစ်သော်လည်း စပိန်ကလပ်အသင်းများကို အနိုင်ယူနိုင်ခြင်းမရှိသည့် မှတ်တမ်းကိုပါရရှိခဲ့သည်။ **(မေလှဲ့သင်း)**

# ဒီဘရိုင်းနှင့် ကွန်ပနီတို့နှစ်ဦး ဘာစီလိုနာနှင့် ပွဲစဉ်တွင် အချိန်မီဝင်ရောက်ကစားနိုင်ရန် အထူးကုထုံးဖြင့် ကုသသွားမည်



ဒဏ်ရာပြဿနာများရင်ဆိုင်နေရသည့် ဒီဘရိုင်းနှင့် ဗင်ဆင့်ကွန်ပနီတို့နှစ်ဦးလုံး စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ ဆေးရုံတွင် အထူးကုထုံးဖြင့် ကုသမှုခံယူရန် စက်တင်ဘာ ၂၇ ရက်တွင် စပိန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့သည်ဟု မေးလ်အွန်လိုင်းက ဖော်ပြသည်။ လာမည့် အောက်တိုဘာ ၁၉ ရက်တွင် ယှဉ်ပြိုင်မည့် ဘာစီလိုနာနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အဆိုပါမန်စီးတီးကြယ်ပွင့်ကစားသမားနှစ်ဦး အချိန်မီဝင်ရောက်ကစားနိုင်ရန်အတွက် ယခုကဲ့သို့ စပိန်နိုင်ငံသို့ စေလွှတ်ကုသရန် မန်စီးတီးတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကွန်ပနီမှာ ပြီးခဲ့သည့် ဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရင်ဆိုင်ရသည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် ပေါင်ကြွက်သား စုတ်ပြဲခဲ့ပြီးနောက် ငါးလကျော်ကြာ အနားယူနေရသူဖြစ်သည်။ မန်စီးတီးအသင်းသည် အစောပိုင်းကာလကပင် ကွန်ပနီအား ထိပ်တန်းခွဲစိတ်ဆရာဝန် ဒေါက်တာရာမွန်ကူဂတ်နှင့် ကုသပေးခဲ့ပြီးနောက် အထူးကုထုံးဖြင့် ထပ်မံကုသပေးသွားရန် စီစဉ်လာခြင်းဖြစ်သည်။ ဒီဘရိုင်းသည်လည်း ဆွမ်ဆီးအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သဖြင့်လေးပတ်ခန့် အနားယူရမည်ဖြစ်ရာ ၎င်းအား ကွန်ပနီနှင့်အတူ တစ်ပြိုင်နက်တည်း ကုသပေးသွားမည်ဖြစ်သည်။ ဂွါဒီယိုလာလက်အောက်တွင် မန်စီးတီးကျန်းမာရေးဌာနစိတ်ခေါင်းဆောင်အဖြစ် ယခင်အက်စ်ပန်ညိုကစားသမားဟောင်း မော်ရီကို ခန့်အပ်တာဝန်ပေးထားရာ မော်ရီ၏ စီစဉ်မှုဖြင့် ကွန်ပနီနှင့် ဒီဘရိုင်းတို့နှစ်ဦးလုံး စပိန်သို့သွားရောက်ကုသမှုခံယူစေခြင်း ဖြစ်သည်။

**(ရွှင်ယန်ဟေဒင်)**

## အက်သလက်တီကိုအသင်းအား ဘိုင်ယန်မြူးနစ် ပြန်လည်အနိုင်ကစားမည်

ဘိုင်ယန်မြူးနစ်အနေဖြင့် ယမန်နှစ် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် အက်သလက်တီကိုအသင်းအား အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းကို သင်ခန်းစာယူ၍ အကောင်းဆုံးပြင်ဆင်ထားသဖြင့် ယခုတစ်ကြိမ် ပြိုင်ဘက်ကို သေချာပေါက် ပြန်လည်အနိုင်ယူမည်ဖြစ်ကြောင်း ဘိုင်ယန်ကစားသမား အယ်လ်ကန်တာရာက သူ၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားလိုက်သည်။ အက်သလက်တီကိုမှာ ကမ္ဘာ့အကောင်းဆုံး နောက်တန်းခံစစ်ကို ပိုင်ဆိုင်ထားသည့်အသင်းဖြစ်သည်ကို သတိပြုရမည်ဖြစ်သော်လည်း ဘိုင်ယန်အနေဖြင့် ယခုတစ်ကြိမ်တွင် ပြန်လည်အနိုင်ယူရန် လုံလောက်သည့် စွမ်းအင်ရှိထားပြီးဖြစ်ကြောင်း အယ်လ်ကန်တာရာက သုံးသပ်ခဲ့သည်။

အက်သလက်တီကိုအသင်းသည် ပြီးခဲ့သည့်နှစ်က ချန်ပီယံလိဂ်တွင် ဗိုလ်စွဲရန် ရေးပန်းစားနေသည့် နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ကစားပြကာ သူတို့အသင်း အလွန်တောင့်တင်းသည်ဟူသောအချက်ကို သက်သေပြခဲ့သည်။

အယ်လ်ကန်တာရာက “ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က သူတို့နဲ့ ရင်ဆိုင်ခဲ့ပြီးဖြစ်တာကြောင့် သူတို့ဘယ်လိုကစားမလဲဆိုတာ သိပြီးသားပါ။ ဒါပေမယ့် ဒါက အုပ်စုအဆင့်ပွဲဖြစ်တာကြောင့် အကြိုဗိုလ်လုပွဲလောက်တော့ စိတ်ခံစားမှု ပြင်းထန်မှာမဟုတ်ပါဘူး။ အဝေးကွင်းမှာ ရမှတ်အနည်းငယ်ယူပြီး အိမ်ကွင်းမှာတော့ ရမှတ်ပြည့်ရယူနိုင်ဖို့ ရည်မှန်းထားပါတယ်”ဟု ဆိုလိုက်သည်။

ထို့ပြင် အယ်လ်ကန်တာရာက နည်းပြသစ် အန်စလော့တီမှာ ယမန်နှစ်ရှုံးနိမ့်ခဲ့မှုမှ အမှားများကို သင်ခန်းစာယူ၍ အသေအချာ ညွှန်ကြားပြသပေးထားသည်ဖြစ်ရာ မည်သို့မျှ ရှုံးနိမ့်စရာအကြောင်း မရှိကြောင်း ဆိုခဲ့သည်။ ဘိုင်ယန်သည် ချန်ပီယံလိဂ်ပွဲစဉ်(၁)တွင် ရုရှားကလပ် ရော့စ်တော့ဗ်အသင်းအား ငါးဂိုးပြတ်အနိုင်ကစားခဲ့ပြီး အက်သလက်တီကိုမှာလည်း မာကျောသည့်ပြိုင်ဘက် နယ်သာလန်ကလပ် ပီအက်စ်ဗွီကို အဝေးကွင်းတွင် အနိုင်ကစားခဲ့သဖြင့် အဆိုပါအသင်းများမှာ ဇယားထိပ်ကို ဦးဆောင်ထားနိုင်သည့် အသင်းနှစ်သင်းလည်း ဖြစ်သည်။ **(ရွှင်ယန်ဟေဒင်)**


# ဒေါ့မွန်မှ ထွက်ခွာကာ ရီးယဲလ်မက်ဒရစ်သို့ အော့ဘာမီယန်ပြောင်းမည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဂါဘွန်ကစားသမား အော့ဘာမီယန်သည် လက်ရှိကလပ် ဒေါ့မွန်အသင်းမှ ထွက်ခွာကာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း စပိန်သတင်းစာမာကာက သတင်းဖော်ပြသည်။

လက်ရှိအချိန်တွင် ဆွေးနွေးညှိနှိုင်းမှုမပြုလုပ်ရသေးသော်လည်း ဒေါ့မွန်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့အကြား တည်ရှိနေသည့် အပြုသဘောဆောင်သော ဆက်ဆံရေးကြောင့် မကြာမီကာလအတွင်း သဘောတူညီချက်ရရှိလိမ့်မည်ဟု စပိန်သတင်းစာမာကာ၏ သတင်းဖော်ပြချက်အရ သိရသည်။

အဆိုပါသတင်းတစ်ရပ်သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် စပိန်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဟု အော့ဘာမီယန်အနေဖြင့် အဘိုးဖြစ်သူအား ကတိပြုထားသည်ဆိုသည့်အချက်ကို အခြေခံကာ ထွက်ပေါ်လာခြင်းလည်း ဖြစ်သည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းကလည်း တိုက်စစ်မှူး အော့ဘာမီယန်ကို လာမည့်ဘောလုံးရာသီအတွက် ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး အော့ဘာမီယန်အနေဖြင့်လည်း စပိန်နိုင်ငံတွင် မွေးဖွားခဲ့သည့် ၎င်း၏ မိခင် ပျော်ရွှင်မှုရရှိရန်အတွက် စပိန်လာလီဂါသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့ခြင်းဖြစ်သည်။ ဂါဘွန်တိုက်စစ်မှူး အော့ဘာမီယန်အား စာချုပ်ချုပ်ဆိုခဲ့မည်ဆိုပါက ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းအနေဖြင့် မိုရာတာနှင့် ဘင်ဇီမာအကြား ရွေးချယ်မှုတစ်ရပ်ကို ပြုလုပ်ရတော့မည်ဖြစ်သည်။



အော့ဘာမီယန်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက ဒေါ့မွန်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ဒေါ့မွန်အသင်းနှင့်အတူ ဘောလုံးရာသီသုံးရာသီအတွင်း ဂိုးသွင်းစံချိန်တင်ထားခဲ့သည့်အပြင် ပြီးခဲ့သည့်ရာသီကမူ ၄၉ ပွဲတွင် ၃၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင်မူ ဒေါ့မွန်အသင်းအတွက် ခုနစ်ပွဲကစားပေးခဲ့ရာတွင် ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဖရိုင်းဘတ်အသင်းအား ဒေါ့မွန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်သည် အော့ဘာမီယန်အတွက် ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၀၀)ပြည့်မြောက်သည့် ပွဲစဉ်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင်လည်း ဂိုးသွင်းယူနိုင်ခဲ့သည်။ အော့ဘာမီယန်သည် ဒေါ့မွန်အသင်းနှင့်အတူ ပွဲပေါင်း ၁၀၀ ကစားပေးပြီးချိန်တွင် သွင်းဂိုး ၅၉ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးပေးနိုင်မှု ၁၅ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သည်။

**(ငွေကြယ်)**

## စက်တင်ဘာ ၂၉ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များ

လူဒိုဂိုရက်စ် - ပီအက်စ်ဂျီ
နံနက်-၁း၁၅

အာဆင်နယ် - ဘေဆယ်လ်
နံနက်-၁း၁၅

ဘီဆီတပ် - ဒိုင်နမိုကိဗ်
နံနက်-၁း၁၅

နာပိုလီ - ဘင်ဖီကာ
နံနက်-၁း၁၅

မိုချန်ဂလက်ဘတ် - ဘာစီလိုနာ
နံနက်-၁း၁၅

ဆဲလ်တစ် - မန်စီးတီး
နံနက်-၁း၁၅

အက်သလက် - ဘိုင်ယန်မြူးနစ်
နံနက်-၁း၁၅

ရော့စ်တော့ဗ် - ပီအက်စ်ဗွီ
နံနက်-၁း၁၅

**မောင်မောင်ဇော်**

# ညောင်ဦးမြို့နယ် စဉ့်ကူ ကျေးရွာတွင် အိမ်သာကျင်း တူးရာမှ စစ်ကျန်ဟု ယူဆရသည့် ကျည်ဆံ ဟောင်းများ တွေ့ရှိ

**ညောင်ဦး စက်တင်ဘာ ၂၇**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာနေ ဦးတင်ဝင်း၏ နေအိမ်နောက်ဘေး ခြံစည်းရိုးအနီးတွင် စက်တင်ဘာ ၂၄ ရက်က အိမ်သာကျင်းတူးရာမှ စစ်လက်ကျန်ဟုယူဆရသည့် ကျည်ဆံဟောင်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာနေ ဦးတင်းဝင်းဆိုသူသည် မိမိ၏နေအိမ်နောက်ဘေး ခြံစည်းရိုးအနီးတွင် အိမ်သာကျင်းတူးဖော်စဉ် ကျည်အမျိုးအစားမသိ ကျည်ဆံထိပ်ဖူးခဲရောင် ၄၀၀ ခု၊ ကျည်အမျိုးအစားမသိ သစ်သားကျည်ဆံ ထိပ်ဖူးတပ် တစ်ကတ်လျှင် ငါးတောင့်ပါ ကျည်ကတ် ၅၀ ခု (ယမ်းမပါ)၊ကျည်အမျိုးအစားမသိ ခဲကျည်ဆံထိပ်ဖူးတပ် တစ်ကတ်လျှင်ငါးတောင့်ပါ ကျည်ကတ်နှစ်ခု၊ တစ်ကတ်လျှင် လေးတောင့်ပါ ကျည်ကတ်တစ်ခု တို့ကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ရှိသည့်ကျည်ဆံဟောင်းများအား တွေ့ရှိသူဦးတင်ဝင်းက စဉ့်ကူတိုက်နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့ရာ ရဲအုပ်အောင်မိုးကျော်က လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရဲအုပ်အောင်ကျော်မိုးမှတစ်ဆင့် ညောင်ဦးမြို့နယ် အမှတ်(၄၁၅) ခြေမြန်တပ်ရင်းသို့ ဆက်လက် စစ်ဆေးမှုများလက်ခံဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လူငယ်မူဝါဒများရေးဆွဲရေးတွင်ပါဝင်ရန် ပျဉ်းမနား၌ လူငယ်ကွန်ရက်ဖွဲ့စည်း

**နေပြည်တော် စက်တင်ဘာ ၂၇**

ပျဉ်းမနားလူငယ်ကွန်ရက် ဖွဲ့စည်းမှုမိတ်ဆက်ခြင်းအခမ်းအနားကို နေပြည်တော် ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက် ပဒုံမာလမ်းရှိ အေးငြိမ်းချမ်းသာ ဂီလာနဘိုးဘွားရိပ်သာ (စိုးလျှပ်စစ်ဖောင်ဒေးရှင်း)၌ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းကကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်လူငယ်မောင်မယ်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

မူးယစ်ဆေးဝါးအန္တရာယ်လျော့ကျရေး၊ ပညာရေး၊ လူမှုရေးနှင့် အားကစားတိုးတက်မြင့်မားရေးနှင့် လူငယ်များ၏ အနာဂတ် ရည်မှန်းချက်များ ပိုမိုအားကောင်းလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမှုများကို ပျဉ်းမနားလူငယ်များ ဝိုင်းဝန်းကူညီဆောင်ရွက်ရန်ရည်ရွယ်၍ ပျဉ်းမနားလူငယ်ကွန်ရက်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးလူငယ်ရေးရာမူဝါဒများ ရေးဆွဲရာတွင် နေပြည်တော် ရှစ်မြို့နယ်မှ လူငယ်များ မန္တလေးတိုင်းဒေသကြီး လူငယ်ကွန်ရက်တွင်ပါဝင်ရမည်ဖြစ်ကြောင်း ပျဉ်းမနားလူငယ်တာဝန်ခံ ကိုသိန်းသန်းဦးက ပြောသည်။

မြို့နယ်အလိုက် လူငယ်များ တစ်လခွဲ ဆွေးနွေးပြီးပါက ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုလျှင် လူငယ်ခေါင်းဆောင် ၂၈ ဦးစီရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တာဝန်ခံ ၁၅ ဦးဖြင့်သာ ဖွဲ့စည်းထားကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများလည်း ပါဝင်ရေးဆွဲသွားမည်ဖြစ်ကြောင်း ကိုသိန်းသန်းဦးက ဆက်လက်ပြောကြားသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တာ၊ ပျဉ်းမနားလူငယ်ကွန်ရက်တာဝန်ခံ ကိုသိန်းသန်းဦး၊ မျှဝေသောလက်များပရဟိတအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာပေါ်မြင့်ဦး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်မြမြဝင်းနှင့်ဒေါက်တာလှလှကြည်တို့က အမှာစကားပြောကြားပြီး တက်ရောက်သည့်လူငယ်များက သိလိုသည်များမေးမြန်းကာ လူငယ်မူဝါဒရေးရာရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားစေလိုသောလူငယ်များ၏ ခံယူချက် သဘောထားများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ပြဿနာများကို မေးမြန်းဆွေးနွေးကြရာ လူငယ်တာဝန်ခံများက ပြန်လည်ဖြေကြားခဲ့သည်။

**(သန့်ဇင်ဝင်း)**

# ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်

**မလှိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြတောင်းခံမှုဖြင့် မိတ္ထီလာခရိုင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယ ရက် ၁၀၀ စီမံချက်ဖြင့် ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များကို စက်တင်ဘာ ၂၅ ရက်က မလှိုင်မြို့နယ်အတွင်း ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“အရင်တုန်းက လိုင်စင်လုပ်ရင် တစ်ရက်ကို တစ်မြို့နယ်လုံး လုပ်ရတဲ့အတွက် ဘယ်လိုမှ မပြီးနိုင်ပါဘူး။ ကျွန်မတို့ မလှိုင်မှာ တိုက်နယ်လေးခုရှိပါတယ်။ တစ်နေရာစီကို ကွင်းဆင်းဆောင်ရွက်ပေးဖို့ ကျွန်မတို့ လွှတ်တော် ကိုယ်စားလှယ်တွေက တင်ပြတဲ့အတွက် ခုလိုဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မိတ္ထီလာမှာ ဆောင်ရွက်သလိုပဲ ပညာပေးသင်တန်းတွေ၊ လက်တွေ့ယာဉ်မောင်းခိုင်းတာတွေလုပ်ပြီး စစ်ဆေးသွားမှာပါ။ ဒီနေ့တိုက်နယ်နှစ်ခုကိုဆောင်ရွက်သွားပြီး နောက်လတွေမှာ ကျန်တဲ့တိုက်နယ်ကို ဆောင်ရွက်ပေးသွားမှာပါ” ဟု မလှိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းကပြောပြခဲ့သည်။

အဆိုပါနေ့ မနက်ပိုင်းက ကျောက်တန်းတိုက်နယ် ကိုယ်စား ကျောက်တန်းကျေးရွာတွင် ၅၇၈ ဦးနှင့် နေ့လယ်ပိုင်းတွင် နွားကန်တိုက်နယ် ကိုယ်စား ရွာတန်းရှည်ကျေးရွာတို့တွင် ၆၇၀ ဦးတို့အား မိတ္ထီလာခရိုင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိ ဦးအောင်ဇော်ဦး ဦးဆောင်၍ စစ်ဆေးရေးမှူး ဦးကျော်မင်းထွေးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေး ခဲ့သည်။

ဆိုင်ကယ်ယာဉ်မောင်း လိုင်စင်ကို အသက် ၁၆ နှစ် ပြည့်ပြီးသူများကိုသာ ဆောင်ရွက်ပေးပြီး ယာဉ်မောင်းလိုင်စင်အသစ် လျှောက်ထားသူများကို ကညနလိုင်စင်ကြေးနှင့် အာမခံကြေး အပါအဝင် စုစုပေါင်း ငွေကျပ် ၉၀၀၀ ဖြင့် အပြီးဆောင်ရွက် ပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယာဉ်မောင်းလိုင်စင်အသစ်လျှောက်ထားသူများကို လိုင်စင်ထုတ် မပေးမီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးသင်တန်းများလည်း ပို့ချခဲ့သည်။ ကွင်းဆင်း ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးချစ်မင်းသိန်း၊ ဒေါ်သီတာငြိမ်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **အောင်ဧွေး (မလှိုင်)**



# နဘား–အင်းတော်ကြား အမှတ်(၄၁) အဆန်ရထားစက်ခေါင်းတိမ်းမှောက်ခဲ့သဖြင့် မော်လူးဘူတာတွင်ရပ်နားထားသော ရထားအမှတ် (၅၈) အထူးအမြန်ရထားစီးခရီး သည်များအား ထမင်းထုပ်များကို ကုသိုလ်ဖြစ်ဝေငှပေး

**မော်လူး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် စက်တင်ဘာ ၂၄ ရက်က နဘား-အင်းတော်အကြား မခွေးရေပေါက်တံတားတွင် စက်ခေါင်းတိမ်းမှောက်ခဲ့သဖြင့် ခရီးသွားလာမှုရပ်ဆိုင်းထားသော ရထားစီးခရီးသည်များ၏ အခက်အခဲများကို ကူညီနိုင်ရေးအတွက် စက်တင်ဘာ ၂၅ ရက်က အမှတ်(၅၈) အစုန်အထူးအမြန်ရထားမှ ခရီးသည်များအားထမင်းထုပ်များကို ကုသိုလ်ဖြစ်ဝေငှ ပေးလျက်ရှိကြောင်း သိရသည်။



မန္တလေး-မြစ်ကြီးနား အမှတ်(၄၁)အဆန် စက်ခေါင်းအမှတ် DD.961 ဒုတိယ အမြန်မီးရထားသည် အင်းတော်-နဘားမီးရထား မိုင်တိုင် အမှတ်-၅၈၇/၆ နှင့် ၅၈၇/၇ အကြား တံတားအမှတ် (၄၃၁)တံတားအရှည် ၄၀ ပေ အမြင့် ၂၀ ပေရှိသော မခွေးရေပေါက်တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က တိမ်းမှောက်ခဲ့ရာ ခရီးသည်များ တစ်စုံတစ်ဦးမှ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း မီးရထားခရီးစဉ်များကို ယာယီရပ်ဆိုင်းခဲ့ရပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများက မီးရထားခရီးစဉ်များကို အချိန်မီပြေးဆွဲနိုင်ရေးအတွက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၎င်းဖြစ်စဉ်ကြောင့်မော်လူးဘူတာတွင် ခေတ္တရပ်နားခဲ့သော အမှတ်(၅၈) အစုန် အထူးအမြန်ရထားစီးခရီးသည်များ၏ အခက်အခဲများကို မော်လူးဘူတာမှ မီးရထားဝန်ထမ်းများ၊ စေတနာရှင်များနှင့် မေတ္တာအားမာန် လူမှုကူညီရေးအသင်း(နာရေး)က ဦးဆောင်၍ ခရီးသည်များကို ထမင်းဟင်းလျာများဖြင့် လိုက်လံပေးဝေခဲ့ကြောင်း သိရသည်။

“ဒီကနေ့ ကျွန်တော်တို့ မေတ္တာအားမာန်လူမှုကူညီရေးအသင်း (နာရေးအသင်း) က ကိုအောင်အောင်နှင့်အတူ ကျွန်တော်တို့ဦးဆောင်တဲ့ အဖွဲ့ဟာ မော်လူးမြို့အတွင်း ရပ်ကွက်ထဲလှည့်လည်ပြီး တစ်အိမ်တက်တစ်အိမ်ဆင်း ထမင်းထုပ်တွေကို အလှူခံစုဆောင်းတယ်။ နံနက်စာ၊ ညစာအတွက် အဲဒီစေတနာရှင်တွေရဲ့ ထမင်းဟင်းလျာတွေကို စနစ်တကျကုသိုလ်ဖြစ် လိုက်လံဝေငှပေးနေတာပါ” ဟု မေတ္တာအားမာန် လူမှုကူညီရေးအသင်းမှအဖွဲ့ခေါင်းဆောင် ကိုဆံရှည်ကပြောပြသဖြင့် သိရသည်။

မြန်မာ့မီးရထားမှတာဝန်ရှိသူတစ်ဦးကလည်း “ကျွန်တော်တို့မီးရထားလမ်းပြုပြင်ရေးအဖွဲ့တွေဟာ ရထားလမ်းအမြန်ပေါက်ဖို့နေ့ရောညပါ မနားတမ်း ပြုပြင်ဆောင်ရွက်နေပါတယ်။ ဒီကနေ့ ညနေပိုင်းရထားလမ်းစပေါက်တော့မှာပါ တဖြည်းဖြည်းချင်း စမ်းသပ်မောင်းနှင်နေပါတယ်” ဟုပြောပြခဲ့သည်။ **(ဝ၅၈)**

# ရွှေ့လျားဆေးခန်းနှင့် လူကုန်ကူးမှု ပညာပေးဆောင်ရွက်

**တပ်ကုန်း စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ နေပြည်တော်တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ခြုံကြီးကျေးရွာတွင် အခမဲ့ရွှေ့လျားကျန်းမာရေးဆေးခန်းနှင့် လူကုန်ကူးမှုအသိပညာပေးဟောပြောခြင်းအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်တင်တင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာခိုင်နွယ်ဟန်က ဇီကာရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် သက်ကြီးရွယ်အိုများအား အာဟာရဖြစ်စေမည့်ပစ္စည်းများ ထောက်ပံ့ပေး၍လည်းကောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုလည်း တစ်ခါသုံးမွေးထုပ်များ၊ ကွေကာအုပ်၊ အိုင်အိုဒင်းဆား၊ သွားတိုက်ဆေး၊ သွားတိုက်တံများနှင့် ဆပ်ပြာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက်မေတ္တာစမ်းရေဆေးခန်းမှ ဒေါက်တာစမ်းစမ်းလှိုင်က ကိုယ်ဝန်ဆောင်များ အန္တရာယ်ကင်းသော မိခင်ဘဝနှင့် ပတ်သက်သည့် အကြောင်းအရာများဟောပြောပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးခဲ့သည်။

နေပြည်တော် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲမှူးမင်းနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ အခမဲ့ရွှေ့လျားကျန်းမာရေးဆေးခန်းတွင် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ ကင်မွန်းတန်း (န)၊ကင်မွန်းတန်း(ရှ)၊ ဆင်သေ၊ ခြုံကြီး၊ သာယာဝှမ်း၊ လက်ပန်တော၊ ကြံဘိုကျေးရွာဒေသခံပြည်သူများ လာရောက်ပြကြရာ အဘိုးအဘွား ၂၅၂ ဦး၊အထွေထွေ ၁၂၅ ဦး၊ မျက်စိ ၇၀ ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၀ ဦး၊ သွား ၃၂ ဦး စုစုပေါင်း ၅၁၉ ဦးတို့အား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ကလေးလူငယ်များ စားသုံးရန် မသင့်သောမုန့်များ ရောင်းချခြင်းများ တားမြစ်၊ မီးရှို့ဖျက်ဆီးဆောင်ရွက်

**ကသာ စက်တင်ဘာ ၂၇**

ကသာခရိုင် ကသာမြို့နယ်တွင် ကလေးလူငယ်များ စားသုံးရန်မသင့်သောမုန့်များရောင်းချခြင်းအား တားမြစ်အသိပေးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီမှစ၍ ကွင်းဆင်းစစ်ဆေးပြီး ကုန်သွယ်ရေးစည်းကမ်းနှင့် မကိုက်ညီသော စားသောက်ကုန်များ သိမ်းဆည်းဖျက်ဆီးခြင်းကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်ရှိ ဌာနဆိုင်ရာများမှ ကသာမြို့တွင် ဈေးကြီး၊ ဈေးလေးနှင့် ဈေးအပြင်မုန့်မျိုးစုံရောင်းချနေသောဆိုင်များ၊ ပညာသင်စာသင်ကျောင်းများတွင် တရားမဝင်သော တရုတ်စာတန်းပါမုန့်များ၊ စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ၊ တရုတ်စာတန်းပါ ခေါက်ဆွဲခြောက်ထုပ်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို မြို့မရဲစခန်းမှူးရဲမှူး ဦးလှဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌဦးလှဝေနှင့်စည်ပင်ဝန်ထမ်းများ၊ စားသုံးသူရေးရာခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းနှင့်ဝန်ထမ်းများ၊ ခရိုင်ကျန်းမာရေးမှဒေါက်တာဝဏ္ဏသောင်း၊ မွေးမြူရေးနှင့်ကုသရေးမြို့နယ် ဦးစီးမှူးဒေါက်တာဝင်းထွန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေး ဦးစီးမှူး ဒေါ်အေးမြမွန်၊ သတင်းမီဒီယာများပူးပေါင်း၍ လက်လီလက်ကားဆိုင်ကြီးများနှင့် ပညာသင်ကျောင်းများတွင် သက်တမ်းလွန်မုန့်များ၊ အချိုရည်ဘူးများ ဆိုးဆေးအသုံးပြုထားသောမုန့်များ ရောင်းချမှု ရှိ၊ မရှိစစ်ဆေးခဲ့ကြပြီး အသိပညာပေး၍ တားမြစ်ထားရှိသောမုန့်များကို သိမ်းဆည်းခဲ့ရာ တရုတ်စာတန်းပါ ခေါက်ဆွဲခြောက် ၁၇၉ ထုပ်၊ Yongri Wang မလိုင်ချောင်း ငါးခု၊ စီးကရက်အတုပုံစံဘူး မလိုင်ချောင်း ၁၄ ခု၊ စီးကရက်ပုံအချိုပြား ကိုးခုအား မီးရှို့ဖျက်ဆီးခဲ့ကြကြောင်းသိရသည်။

ထိုနောက် ဈေးကွက်အတွင်းရောင်းချနေသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများကို စစ်ဆေးရာ အမှတ်တံဆိပ်များမှာအဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိဘဲ ခွင့်မပြုဆိုးဆေးများပါဝင်နေကြောင်း၊ စားသုံးရန်မသင့်ကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဩဂုတ် ၂၅ ထုတ်ပြန်ကြေညာထားသဖြင့် ဆက်လက်ထုတ်လုပ်ရောင်းချပါက အစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်၍ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ပြည်သူများ စားသုံးနိုင်ရန်လစဉ်မပြတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံစိတ်ချရမှုမရှိသောအစားအသောက်များတွေ့ရှိခြင်း၊ စားသုံးသူအန္တရာယ်ဖြစ်ခြင်း၊ အငြင်းပွားခြင်းဖြစ်ပေါ်ပါက ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။ **ငွေအိုး(ကသာ)**

## မီးသတ်ယာဉ်တစ်စီး၊ ကြက်ခြေနီသူနာတင်ယာဉ်တစ်စီးနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက်မှ မီးသတ်စခန်းအတွက် မီးသတ်မော်တော်ယာဉ်တစ်စီးနှင့် အမရဌာနီအရှေ့ရပ်ကွက် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အတွက် ကြက်ခြေနီသူနာတင်ယာဉ်တစ်စီးပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ၇၆ လမ်း ၇၈ လမ်းကြား လှည်းတန်းရပ်ရှိ အလှူရှင်မိသားစုတို့၏ နေအိမ်တွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်မိသားစုတို့က လှူဒါန်းရသည့်အကြောင်း ရှင်းလင်းတင်ပြကြသည်။

"ကျွန်မတို့က လူမှုကရုဏာလုပ်ငန်းတွေအတွက် အားထုတ်ကြိုးပမ်း လှူဒါန်းနေမှာပါ။ ဘာလို့လည်းဆိုတော့ လူသားချင်းစာနာထောက်ထားသောစိတ်ဓာတ် လူတိုင်းမှာရှိကြရမှာမို့ပါ။ ကိုယ်စွမ်းနိုင်သမျှ လောကကောင်းကျိုးပြုကြရမှာမို့ပါ" ဟု အလှူရှင်မိသားစုကပြောသည်။

အလှူရှင်မိသားစုများဖြစ်သော မန္တလေးမြို့ အမရဌာနီအရှေ့လှည်းတန်းရပ်(ဦးသက်ရင်)အားရည်စူး၍ သုခမ္မသိင်္ဂီသီဟသုခမ္မသိင်္ဂီ ဒေါ်စမ်းစမ်းရွှေပြည်သာကျောက်စိမ်းတူးဖော်ထုတ်လုပ်ရောင်းဝယ်ရေးသမလီမိတက်က မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် ကြက်ခြေနီသူနာတင်ယာဉ်ကားတစ်စီးတို့အား စာရွက်စာတမ်းများနှင့်အတူ လှူဒါန်းခဲ့ပြီး ရပ်ရွာအခြေပြု ဌာနီမေတ္တာရှင်ဆေးခန်းအတွက် အလှူငွေကျပ်ငါးသိန်းကိုလည်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် ဦးဘုန်းကျော်တို့ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဆေးအိတ်တစ်အိတ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်ဦးဘုန်းကျော်က ပေးအပ်ရာ အမရဌာနီအရှေ့ရပ်ကွက် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တာဝန်ခံက လက်ခံရယူသည်။

ဆက်လက်ပြီး လှူဒါန်းထားသော မီးသတ်ယာဉ်နှင့် ကြက်ခြေနီသူနာတင်ယာဉ်တို့အား အလှူရှင်မိသားစုများနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ မန္တလေးတိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညီမင်းဟန်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီဝင် ဦးဘုန်းကျော်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် တာဝန်ရှိသူများက နံ့သာရေများ ပက်ဖျန်းကာ အောင်မြင်စွာလှူဒါန်း လက်ခံခဲ့ကြကြောင်း သိရသည်။ **ကျော်စိုးဦး(မန္တလေး)**

## ငွေကျပ်သိန်း ၄၅၀ အကုန်ကျခံ တည်ဆောက်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ခရမ်း စက်တင်ဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု နလူးစုကျေးရွာနှင့် ဦးဖော်လုံးတဲစုကျေးရွာတို့ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျေးရွာထိပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာဦးမြင့်ဆွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးသိန်းဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ညောင်ပင်ကွင်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယမှ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်၍ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဦးဖော်လုံးတဲစုကျေးရွာ အ. မ. ကတွင်ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ဆောင်ရွက်ခဲ့ပုံနှင့် ကျန်ရှိနေအိမ်များ မီးလင်းရေး ဆောင်ရွက်သွားမည့်အစီအစဉ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နလူးစုနှင့် ဦးဖော်လုံးတဲစုကျေးရွာတို့ မီးလင်းနိုင်ရေးအတွက် ကုန်ကျငွေမှာ ကျပ်သိန်း ၄၅၀ ကျော်ကုန်ကျ၍ ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **ကိုမင်း(ခရမ်း)**

## ရင်သွေးငယ်လေးများဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ မုံရွာမူလတန်းကြိုကျောင်းတွင်ပြုလုပ်




**မုံရွာ စက်တင်ဘာ ၂၇**

ရင်သွေးငယ်လေးများ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာစေရန်၊ ဂီတသံစဉ်များ၏ အခြေခံများ သိရှိလာပြီး စည်းချက်ညီညီလှုပ်ရှားတတ်လာရန်၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်လာစေပြီး စုပေါင်းလုပ်ဆောင်တတ်စေရန်ဟူသည့် ဉာဏပိုင်းဆိုင်ရာများ တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မူလတန်းကြိုကျောင်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အငယ်ဆင့်၊ အကြီးဆင့် ရင်သွေးငယ်လေးများက တပင်တိုင်အက၊ သကြာန်အက၊ ပုံပြောပြိုင်ပွဲ၊ အုပ်စုအလိုက် (မြန်မာ/အင်္ဂလိပ်) သီချင်းဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို အလှည့်ကျ ပါဝင်ယှဉ်ပြိုင်ကြရာ ရင်သွေးငယ်လေးများ၏ ယှဉ်ပြိုင်မှုများအား သဘာင်အစည်းအရုံးမှ ပုဂ္ဂိုလ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မုံရွာ၊ ဆည်တည်း၊ ဇီးတော၊ ဝက်မှေး၊ ကံတော မူကြိုကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများက အချိုးအဆစ်ပြေပြစ်မှု၊ စည်းဝါးကျနမှု၊ ဟန်ပန်အမူအရာ၊ တေးသွားနားလည်မှုတွေကို အခြေခံပြီး အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်၊ မုံရွာမူကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်နှင့် ဆရာမများ၊ ဆားလင်းကြီးမြို့နယ် ဆည်တည်း ဇီးတော၊ ဝက်မှေး၊ ကံတော မူကြိုကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများ၊ မိဘဆရာအသင်း နာယကနှင့် အဖွဲ့ဝင်များ၊ ရင်သွေးငယ်လေးများ၏ မိဘများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **ဖိုးချမ်း(မုံရွာ)**

## ထူးချွန်ဆရာဆု တတိယအကြိမ်အတွက် ဝင်ရောက်ဖြေဆိုသည့်ဆရာ၊ဆရာမများအား ရေးဖြေနှင့် လူတွေ့စစ်ဆေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇**

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ထူးချွန်ဆရာဆု တတိယအကြိမ်ရွေးချယ်နိုင်ရေးအတွက် မြို့နယ်အဆင့်စိစစ်ရွေးချယ်ခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မကွက်သစ်အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါထူးချွန်ဆရာဆုအတွက် အကဲဖြတ်စိစစ်ခြင်းကို ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ဗဟိုအဆင့်အထိ အဆင့်ဆင့် ရွေးချယ်စိစစ်သွားမည်ဖြစ်ပြီး ရေးဖြေနှင့် လူတွေ့၊ နှုတ်ဖြေစစ်ဆေးခြင်းများအပြင် ဗဟိုအဆင့်တွင် လက်တွေ့သင်တန်းပြသင်ကြားမှုများကိုပါ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အဆင့်မှစတင်၍ လူတွေ့စစ်ဆေးရာတွင်လည်း ဆရာ၏ ကိုယ်ရည်ကိုယ်သွေး၊ သွက်လက်ချက်ချာမှု၊ ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်မှု (ဉာဏ်စမ်း)၊ ဗဟုသုတရှိမှု၊ ဆရာ့စိတ်ဓာတ်နှင့် ဆရာ့ခံယူချက် အစရှိသည့်အချက်များအပေါ်တွင် အကဲဖြတ်အမှတ်ပေးစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်အဆင့် စစ်ဆေးရွေးချယ်ရေးအဖွဲ့တွင် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အဖွဲ့ဝင်လေးဦးပါ မြို့နယ်အဆင့် ထူးချွန်ဆရာဆု စိစစ်ရွေးချယ်ရေးကော်မတီဖြင့် စစ်ဆေးရွေးချယ်ခြင်းဖြစ်သည်။

ဝင်ရောက်ဖြေဆိုရန် ဆရာ၊ ဆရာမ ၁၄၈ ဦး အဆိုပြုစာရင်းပေးသွင်းခဲ့ကြပြီး ယနေ့ဖြေဆိုရာတွင် အထက်တန်းအဆင့် ခြောက်ဦး၊ အလယ်တန်းဆင့် ၄၁ ဦးနှင့်မူလတန်းအဆင့် ၄၂ ဦး စုစုပေါင်း ၈၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ရေးဖြေစစ်ဆေးခြင်းကို နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျင်းပ၍ လူတွေ့စစ်ဆေးခြင်းကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီခွဲအထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ပညာရေးဌာနသို့ မဟော်သဓာကျောင်းဆောင်သစ်လွှဲပြောင်း

**ဝမ်းတွင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် ဆပ်ခင်း (နေပူကုန်း) အခြေခံပညာအထက်တန်းကျောင်းသို့ နေပူကုန်းကျေးရွာအုပ်စု နေပူကုန်းကျေးရွာနေ အလှူရှင်ဦးကျော်မြင့်+ဒေါ်မြသန်းမိသားစုတို့မှ ပညာရေးဌာနသို့ မဟော်သဓာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မဟော်သဓာကျောင်းဆောင်သစ်အား မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်ဆန်းဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပျိုနှင့် အလှူရှင် ဦးကျော်မြင့်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားကို ဆက်လက်ကျင်းပရာတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်သန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အလှူရှင် ဦးကျော်မြင့်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက အခမ်းအနားကိုတက်ရောက်လာသူများနှင့် အလှူရှင်မိသားစုများအား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သည် အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ (အာစီ) တစ်ထပ်ကျောင်းဆောင်အမျိုးအစားဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ စာသင်ခုံ၊ စားပွဲ၊ ကုလားထိုင်နှင့် ရေအိုးစင်စုစုပေါင်းငွေကျပ်သိန်း ၂၅၀ အကုန်ကျခံလှူဒါန်းခဲ့သည်။ မွန်းလွဲပိုင်းတွင် စာရေးဆရာများဖြစ်သော ဦးဘုန်း(ဓာတု)နှင့် ဇော်ခိုင်ဦး(မန္တလေး)တို့က စာပေဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဒွေးလှိုင်(ဝမ်းတွင်း)**

## ဘက်စုံထူးချွန်ဆရာရွေးချယ်ရေးစာမေးပွဲ ကျင်းပ

**ကျွန်းလှ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား ဘက်စုံထူးချွန်ဆရာရွေးချယ်ရေးစာမေးပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အ. ထ. ကကျွန်းလှကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို အရည်အချင်းပြည့်ဝပြီး ဘက်စုံပညာထူးချွန်သော ဆရာ၊ ဆရာမများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်း ကျောင်းများမှ အထက်တန်းပြခုနစ်ဦး၊ အလယ်တန်းပြ ၂၆ ဦးနှင့် မူလတန်းပြဆရာ၊ ဆရာမ ၂၆ ဦးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူး ဦးအောင်ရီက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ခွေးအကောင် ၈၀ ကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေး

**ခင်ဦး စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၈ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြီး ခွေးရူးရောဂါကာကွယ်ဆေးကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါက်တာလှလှပြုံးနှင့် ဒုတိယဦးစီးမှူးတို့က စက်တင်ဘာ ၂၆ ရက်က အခမဲ့ထိုးနှံပေးခဲ့သည်။

ခွေးရူးရောဂါကာကွယ်ဆေးကို မိမိတို့မွေးမြူထားသော ခွေးများ၊ ဘုန်းကြီးကျောင်းရှိခွေးများ၊ ခွေးလေခွေးလွင့်များကို လိုက်လံထိုးနှံပေးရာ စုစုပေါင်း ခွေးအကောင် ၈၀ ကို အခမဲ့ထိုးပေးခဲ့ကြောင်း ဒေါက်တာလှလှပြုံးက ပြောသည်။

"အခုလို ခွေးရူးရောဂါကာကွယ်ဆေးကို အခမဲ့ထိုးပေးတဲ့အတွက် မိမိတို့အိမ်မှာမွေးထားတဲ့ခွေးတွေ တခြားခွေးများနဲ့ ကိုက်တဲ့အခါမှာ ခွေးရူးအန္တရာယ်မှကာကွယ်ပြီး မိမိအိမ်ကခွေးက အမှတ်မထင်ကိုက်မိရင်တောင် စိုးရိမ်စိတ်နည်းတာပေါ့။ မိမိအိမ်မှာမွေးထားတဲ့ခွေးတွေကို အခုလိုအခမဲ့ထိုးပေးတဲ့အချိန်မှာ လိုလိုလားလားနဲ့ သွားရောက်ထိုးပေးသင့်ပါတယ်" ဟု ခွေးမွေးမြူသူ ဒေသခံတစ်ဦးက ပြောသည်။

**ခင်ဦးစိုးဝေ**

# ရောဝတီမြစ်ကူးတံတား(ရတနာပုံ)အနီးရှိနှာပေါက်မှာ ခရီးသည်များကားစောင့်စီးရာ ဂိတ်သဖွယ်ဖြစ်နေ၍ ခရီးသွားများအဆင်ပြေ

**မန္တလေး စက်တင်ဘာ ၂၇**

ဧရာဝတီတံတား(ရတနာပုံ)အရှေ့ဘက်ရှိဒေသအခေါ် နှာပေါက်သည် လမ်းဆုံနေရာဖြစ်သည့်အတွက် ကားစောင့်စီးသည့်ခရီးသည်များ ကားစောင့်ရာနေရာတစ်ခု ဖြစ်လာခဲ့သည်။

မန္တလေးမြို့တွင် တိုးတက်များပြားလာသောယာဉ်များအတွက် လမ်းကြောမပိတ်ရေးကြံဆပေးလာခဲ့သည်။ ရွှေဘို-မုံရွာနှင့် အခြားအထက်ပိုင်းပြေးဆွဲသည့်ကားများကို ဧရာဝတီမြစ်ဆိပ်ဖြစ်သည့် ကမ်းနားလမ်းတွင် ဂိတ်ထိုးကြသည်။

ခရီးသည်များသည် ကမ်းနားလမ်းသို့သွားရောက်စီးကြရသည်။ အများစုမှာ မြို့ထဲမှကား၊ ဆိုင်ကယ်၊ တက္ကစီများဖြင့်လာရောက်ကာ စီးကြရသည်။ အချို့သောခရီးသည်များသည် မန္တလေး-စစ်ကိုင်းလမ်းပေါ်ရှိ အုတ်နဲ့ဘုတ်ကျေးရွာနှင့် နှာပေါက်တို့မှ အဆင်သင့်သလို စောင့်စီးကြရသည်။ စစ်ကိုင်းနှာပေါက်သည်လည်း ခရီးသည်များခေတ္တနားခိုရာ ခေတ်သစ်ဇရပ်တစ်ကားဂိတ်တစ်ခုသဖွယ်ဖြစ်နေသည်။



နှာပေါက်မှာ မီးရထားသံလမ်းအောက် လှိုဏ်ခေါင်းဖောက်ထားခြင်းဖြစ်ပြီး လူတစ်ဦး၏ နှာခေါင်းပေါက်နှင့်တူ၍ နှာပေါက်ဟုခေါ်ခြင်းဖြစ်သည်။ ယခုအခါ တိုးတက်လာမှုနှင့်အတူ ယာဉ်စီးသည့်နေရာများ ပြောင်းလဲလာခဲ့ပြီး နှာပေါက်သည် ခရီးသွားများ နားခိုကားစောင့်ရာနေရာတစ်ခုဖြစ်လာပြီး နေ့စဉ်လူစည်ကားလျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

## မူခင်းကျဆင်းရေး မိုဘိုင်းဖုန်းဆိုင်များသို့ အသိပညာပေး ဟောပြော

**တမူး စက်တင်ဘာ ၂၇**

တမူးမြို့ မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၅ ရက်က မူခင်းကျဆင်းရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်ရှင်များ၊ ပြုပြင်ရေးဆိုင်ရှင်များ၊ ပြည်သူများနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်၊ လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ၂၀၁၆ ခုနှစ် မုဒိမ်းမှုပိုမိုဖြစ်ပွားလာရခြင်း၏အကြောင်းအရင်းများမှာ လက်ကိုင်ဖုန်းများမှတစ်ဆင့် ညစ်ညမ်းဗီဒီယိုကားများကြည့်ရှုရာမှ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ပြီး ဖုန်းအရောင်းဆိုင်များနှင့် ပြုပြင်ရေးဆိုင်များမှ ညစ်ညမ်းသည့် Application ထည့်သွင်းရောင်းချခြင်းများ မပြုရေးအတွက် ပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မောင်တောမြို့တွင် အခမ်းအနားမှူးသင်တန်း (၁/ ၂၀၁၆) ဆင်းပွဲကျင်းပ

**မောင်တော စက်တင်ဘာ ၂၇**

မောင်တောခရိုင်တွင် အခမ်းအနားမှူးကောင်းများပေါ်ထွက်လာစေရေးအတွက် အခမ်းအနားမှူးသင်တန်း (၁/ ၂၀၁၆) ကို မောင်တောခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၂၈ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မောင်တောခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးတွင်ဖွင့်လှစ်၍ အခမ်းနားမှူးသင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မောင်တောမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စီစီစိုးဦးက အခမ်းနားမှူးကောင်းတစ်ယောက်ဖြစ်ရန်ကြိုးစားရမည့်အချက်များနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် သင်တန်းနည်းပြများနှင့် အမှတ်ပေးဒိုင် အဖွဲ့ဝင်များအား မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် မောင်တောခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်က သင်တန်းကာလအတွင်းနှင့် အရည်အချင်းဆန်းစစ်မှုအချိန်တို့တွင် သင်တန်းသား၊ သင်တန်းသူများ၏ အားသာချက်၊ အားနည်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စီစီစိုးဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများသည် အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသားထားသည့် စာအုပ်ပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများက ပြည်သူများအား စာပေဖတ်ရှုမှု အလေ့အထများရရှိစေရန် ရည်ရွယ်၍ 'စာဖတ်ပါ ' စာသားကို ကိုင်ဆောင်ပြသခဲ့ကြောင်း သိရသည်။

**မောင်တောခရိုင်(ပြန်/ဆက်)**

## ကြံစံပြကွက်နှင့် ဒုရင်ဗိုလ်ပညာပေးရေးစခန်းသို့ စိုက်ပျိုးရေးဦးစီးဌာန ကွင်းဆင်းစစ်ဆေး

**အောင်လံ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမင်းဇော်အောင်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးမြစံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးမောင်တို့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ဒုရင်ဗိုလ်ရေပေးရေးဝန်းအတွင်းတွင် စိုက်ပျိုးထားသော ကြံသီးနှံစံပြကွက် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် ဒုရင်ဗိုလ်ပညာပေးရေးစခန်းနယ်မြေရှိ RTOP မြေဩဇာစမ်းသပ်ကွက်များ၊ စိုက်စနစ်ငါးမျိုး ယှဉ်ပြိုင်ကွက်စပါးစိုက်ခင်းများနှင့် မျိုးသန့်မျိုးပွား စိုက်ခင်းများ ပထမအကြိမ်မျိုးကွဲပယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**သိန်းလွင်(ပြန်ဆက်)**

## ဘုန်းတော်ကြီးကျောင်း ပညာတော်သင် ကျောင်းသားများအား စာရေးကိရိယာများလှူဒါန်း

**ယင်းမာပင် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ အမျိုးသမီးရေးရာအဖွဲ့မှ ဘုန်းတော်ကြီးကျောင်း ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းကို ဇောတိကဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က ဘုန်းတော်ကြီးပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌမှ ကနီမြို့နယ် သဘာဝဘေးအတွက် ငွေကျပ်တစ်သိန်းကို ခရိုင်အမျိုးသမီးရေးရာကြီးကြပ်မှုဥက္ကဋ္ဌ ဒေါ်အေးအေးလွင်ထံသို့ ပေးအပ်လှူဒါန်းပြီး ယင်းမာပင်မြို့နယ် သဘာဝဘေးအတွက် ငွေကျပ်တစ်သိန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအား နို့ဘူးနှင့် မုန့်များ ပေးအပ်လှူဒါန်းပြီး တောရသီလရှင်ကျောင်းနှင့် ရွှေပေါက်ပင် သီလရှင်ကျောင်းသို့ ဆန် ၊ဆီ၊ ဆပ်ပြာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မေသရဖူဖူး**

# ညီညာဆင်နွှဲ ဆွမ်းလုံးပွဲ

**မျိုးဝင်းထွန်း(မုံရွာ)**

“လောက၌ ဂုဏ်ကျေးဇူးအနှစ်သာရမရှိကုန်သောများစွာသောသူတို့၏ရန်ကို စည်းလုံးမှုဖြင့် အောင်မြင်နိုင်၏။ မြက်များစုပေါင်းထားသောမြက်လွန်ကြိုးဖြင့် ဆင်ပြောင်ကိုလည်း မလှုပ်မယှက် ငြိမ်သက်အောင် တုပ်နှောင်ဖွဲ့နိုင်၏” ဟု လောကနီတိဆရာကြီးများက မိန့်ဆိုထားသည်။

စည်းလုံးညီညွတ်ခြင်းကြောင့် အင်အားကြီးမားမှုဖြစ်လာကာ ရန်သူဟူသမျှကို ကြံ့ကြံ့ခံအောင်မြင်နိုင်ပုံ ကြီးပွားတိုးတက်လာပုံတို့သည် ဘုရားဟောဇာတ်နိပါတ်တော်တို့တွင်လည်း တွေ့ရှိနိုင်သလို မျက်မြင်လက်တွေ့အားဖြင့်လည်း တွေ့ကြရဆဲဖြစ်သည်။ နှစ်စဉ် မုံရွာမြို့၌ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့တွင် လှည်းနေလှေအောင်းမြင်း ဇောင်းမကျန်ဆိုသကဲ့သို့ တစ်မြို့လုံးရပ်ကွက်အလိုက်ခွဲပြီး ဆွမ်းလုံးပွဲကို ကုသိုလ်ပြုဆင်နွှဲလာသည်မှာ ယခုနှစ်ဆိုလျှင် ၁၂၂ ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ဆွမ်းလုံးပွဲဟူသော အမည်ဖြင့် ကုသိုလ်ပြုသောမြို့ဟူ၍ မရှိသေးသလိုဆွမ်းလုံးပွဲဟူသောအမည်သည် ထူးဆန်းသလောက်လေးနက်သော အဓိပ္ပာယ်ကိုဆောင်သည်။ ‘ဆွမ်း’ ဆိုသော စကား၌ ဆွမ်းသက်န်း၊ ထီးဖိနပ်စသော ပစ္စည်းဝတ္ထုအစုစုတို့ကို ဆိုလို၍ ‘လုံး’ ဆိုသော စကားလုံး၌ တစ်လုံးတစ်စည်းတည်း စည်းစည်းလုံးလုံး ပြုလုပ်လှူဒါန်းကြသည်ကိုစွဲ၍ ဆွမ်းလုံးပွဲဟု အမည်တွင်ခြင်းဖြစ်သည်။

အဆိုပါဆွမ်းလုံးပွဲတွင် အလှူပေးပုဂ္ဂိုလ်တို့ ဘက်မှ သက်ကြီးရွယ်အိုများမှအစ ကလေးများ တိုင်အောင်ပါဝင်သလို အလှူခံပုဂ္ဂိုလ်ဘက်မှကြည့်လျှင်လည်း ဆုတောင်းပြည့်ရွှေစည်းခုံဘုရားကြီး များမှအစ ဆရာတော်ကြီးများအလယ် သာမဏေများသို့တိုင် ပါဝင်လှူဒါန်း အလှူခံကြသည့် ‘ညီညာဆင်နွှဲဆွမ်းလုံးပွဲ’ အဖြစ်ယနေ့တိုင် ရပ်တည်ကျင်းပနေသည်။

ဆွမ်းလုံးပွဲ၏ အစသည်လယ်တီဆရာတော်ကြီးဖြစ်သည်။ မုံရွာမြို့၏ အကျော်ဒေးယျဆုတောင်းပြည့် မြတ်စွာဘုရားကြီး မူလဉာဏ်တော် ၄၅ တောင်သည် ၁၂၅၁ ခုနှစ်တွင် မိုးကြီးသည်းထန်ရွာလေရာ အင်္ဂါဒေါင့်မှ စတင်ပြိုကျခဲ့သည်။ အဆိုပါအပျက်အစီးများကို ပြင်ဆင်ရန် လယ်တီဆရာတော်ကြီးအမှူးရှိသော ဆရာတော်ကြီးများနှင့် မြို့တာဝန်ရှိသူများ စုဝေးတိုင်ပင်ကြရာ မူလအပျက်အစီးမှ ကြွင်းကျန်သော စေတီတော်ကိုင်း၍ တည်ရာ ၁၂၅၄ ခုနှစ်တွင် ပြီးစီးသည်။ စေတီတော်နေကဇာတင်အောင်ပွဲကြီး ပြုလုပ်ခြင်းနှင့်အတူ လယ်တီဆရာတော်ဘုရားကြီးသည် မုံရွာမြို့သို့ လာရောက်မှီတင်းသီတင်းသုံးပြီး ပရိယတ္တိစာပေများ သင်ကြားနေကြကုန်သော ရဟန်းသာမဏေများအတွက် ဝါတွင်းကာလ ဆွမ်းကွမ်းအခက်အခဲမရှိရလေအောင် ရည်ရွယ်၍ ဆွမ်းလုံးပွဲပြုလုပ်၍ မြို့လုံးကျွတ်ပြုလုပ်ကြခြင်းဖြစ်သည်။ မုံရွာမြို့တွင် ဆွမ်းလုံးပွဲကို ၁၂၅၄ ခုတွင် စတင်ပြုလုပ်လာခဲ့ရာ ယခု ၁၃၇၈ ခုတွင် ၁၂၄ နှစ်တိုင် လှူဒါန်းလာခဲ့ကြရာ နှစ်ကြိမ်သာအကြောင်းကြောင်းကြောင့် ပျက်ခဲ့သော်လည်း ကျန်နှစ်အများအပြားတွင် နှစ်စဉ်လှူဒါန်းနိုင်သော မြို့လုံးကျွတ်အလှူပွဲကြီးအဖြစ် ရပ်တည်နေသည်။

ပထမဦးဆုံးကျင်းပခဲ့သော ဆွမ်းလုံးပွဲတွင် လယ်တီဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးနှင့် စာသင်သားသံဃာတော်များသည် ဗုဒ္ဓသာသနာတော် ကုသိုလ်အဖြစ် စေတိယဝေယျာဝစ္စများကို အင်တိုက်အားတိုက် ပြုလုပ်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရ၍ ကြည်ညိုခြင်းသဒ္ဓါတရားဖြစ်ကာ သံဃာတော်အရှင်မြတ်များကို ဆွမ်းသင်္ကန်းစသော ပစ္စည်းဝတ္ထုအစုစုကို မပင်ပန်းတော်မူကြစေရန် ဂေါပကအဖွဲ့ လူကြီးများဖြစ်သော စစ်ကဲကြီးဦးရိုက်မြို့ပိုင်ဦးနွေး၊ လှေကူးသူကြီး ဦးဒူးညိုတို့က ဦးဆောင်၍ စာရေးတံ ဆွမ်းလုံးပွဲဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ဆရာဒကာလက်တွဲ၍ ဆုတောင်းပြည့်ဘုရားကြီး ပြီးမြောက်ရေးအတွက် ညီညွတ်စွာဆောင်ရွက်လာခဲ့ကြရာ ၁၂၅၉ ခုနှစ်တွင် ဆုတောင်းပြည့်ဘုရားကြီးကို ဉာဏ်တော် ၁၀၅ တောင်နှင့် ဖိနပ်တော် ၆၅ တောင်တစ်မိုက်စီ ပတ်လည် တိုးမြှင့်ပြုလုပ်နိုင်ကြပြီး ထီးတော်ကြီးတင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပပြီးစီးခဲ့ကြောင်း ဆုတောင်းပြည့်သမိုင်းတွင်ပြဆိုထားသည်။

၁၂၆၀ ခု ဆဋ္ဌမအကြိမ်ဆွမ်းလုံးပွဲတွင် ရွှေစည်းခုံဘုရားကြီးနှင့် အသစ်အသစ်သော ဘုန်းတော်ကြီးကျောင်းများကို မြို့၏ဂေါစရဂါမ်ရပ်ကွက်၏ ဆွမ်းလုံးတစ်လုံးနှင့်တွဲစေပြီး တိုးတက်လှူဒါန်းနိုင်ခဲ့ကြောင်း ဆွမ်းလုံးပွဲမှတ်တမ်းမှ သိရသည်။



ဆွမ်းလုံးပွဲလှူဒါန်းပုံစနစ်သည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် ဆွမ်းလုံးတစ်လုံးကျစီ ပထမဦးစွာ လျာထားပြီး ကျန်အပိုဆွမ်းလုံးများကို သံဃာတော်များရာအလိုက် ရာခိုင်နှုန်းတွက်၍ သံဃိက ဆွမ်းလုံးများလျှင် သံဃာတော် ၃၅ ပါးလျှင် ဆွမ်းလုံးတစ်လုံး၊ ဆွမ်းလုံးနည်းလျှင် သံဃာတော် အပါး ၅၀ လျှင်တစ်လုံး လှူဒါန်းကြောင်း သိရသည်။

စာရေးတံမဲချ လှူဒါန်းပုံမှာ နှစ်စဉ် တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့ နံနက် ၇ နာရီမှစ၍ ဆွမ်းလုံးအလှူခံမည့် သံဃာတော်များ ဆွမ်းလုံးကုသိုလ်ရှင်များကို ပင့်ဖိတ်ပြီးလျှင် မုန့်ဆွမ်းများဆက်ကပ်ကျွေးမွေးဧည့်ခံပြီးလျှင် သံဃာတော်နှင့် ကြွရောက်လာသော လူကြီးများရှေ့တွင် ဂေါပကအဖွဲ့ဝင်များက ယခင်က မဲလိပ်နှိုက်လှူဒါန်းခဲ့ရာမှ ယခုအခါ ကွန်ပျူတာဖြင့် မဲနှိုက်သတ်မှတ်ကာ ကုသိုလ်ရှင်က ရေစက်ချလှူဒါန်းကြပြီး ကျောင်းတိုက်အရောက်သွားပို့လှူဒါန်းကြရခြင်းဖြစ်ကြောင်း သိရသည်။

၁၂၂ ကြိမ်မြောက် ဆွမ်းလုံးပွဲကျင်းပချိန်တွင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနေချိန်နှင့် တိုက်ဆိုင်နေသည့်အတွက် ရွှေသင်္ကန်းဖိုး လှူဒါန်းသူများရှိသလို စေတီတော်၏ ထီးတော်ကြီးကိုချ၍ ရောင်တော်ပြန်ဖွင့်ကာအပူဇော်ခံထားရှိသောကြောင့် ဆွမ်းလုံးပွဲလာများအနေဖြင့် ထူးမြတ်သောဖူးမြော်ခွင့်ရရှိသည်ကို တွေ့ရသည်။

## ကျေးလက်ကျောက်ချောလမ်းများရှိ ရေကျော်များ ရေတိုက်စားမှုကြောင့် ပျက်စီး

**ငါးသရောက် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ်တွင် စက်တင်ဘာ ၂၅ ရက်နေ့ညက မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး အဆိုပါမိုးရွာသွန်းမှုကြောင့် ငါးသရောက်-ညောင်ဦးကျောက်ချောလမ်းပေါ်ရှိ ရေကျော် ခြောက်စင်းခန့်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများ မိုးရေတိုက်စားပြီး ပျက်စီးမှုများဖြစ်ကာ ဒေသခံပြည်သူများ သွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန်လိုအပ်နေကြောင်း ငါးသရောက်မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများထံမှ သိရသည်။

“ကျွန်တော်တို့ ငါးသရောက်မြို့နယ်မှာ မနေ့ညက ရွာသွန်းခဲ့တဲ့မိုးက တော်တော်ကိုသည်းသွားတာပါ။ မိုးက အရမ်းသည်းတဲ့အတွက် ကျွန်တော်တို့ ငါးသရောက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာချင်းဆက် ကျောက်ချောလမ်းအချို့နဲ့ ငါးသရောက်-ညောင်ဦးသွားလမ်းပေါ်က ရေကျော်များ မိုးရေတိုက်စားမှုကြောင့် ပျက်စီးမှုတွေဖြစ်ခဲ့ပါတယ်။ ဒီလို မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့ ကျောက်ချောလမ်းတွေထဲမှာ ကျွန်တော်တို့ရပ်ကွက်နားက ဒေသခံပြည်သူတွေနဲ့ မြို့နယ်အတွင်းကျေးရွာက ဒေသခံပြည်သူတွေ နေ့စဉ်သွားလာ အသုံးပြုနေတဲ့ ငါးသရောက်-ဂျမ်းလှီး ကျောက်ချောလမ်းပေါ်ရှိ အရှည်ပေ ၂၀၀ ခန့် ဝက်ကျရေကျော်ချောင်းကလည်း ပျက်စီးမှုများခဲ့ပါတယ်။ အဲဒီ ဝက်ကျရေကျော်ချောင်းဟာ ပြီးခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းက ရွာသွန်းခဲ့တဲ့ မိုးနဲ့တုန်းကလည်း မိုးရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းကလည်း ဒေသခံပြည်သူတွေနဲ့ ခရီးသွားပြည်သူတွေ သွားလာရေး အဆင်ပြေအောင်ဆိုပြီး ငါးသရောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် သဲအိတ်တွေဆင့်ပြီး ပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ ဒါပေမယ့် အခုတစ်ခါ မနေ့ညက ရွာတဲ့မိုးနဲ့ ပျက်စီးသွားခဲ့ပြန်ပါတယ်။ ဒါတင်မကပါဘူး ကျွန်တော်တို့ ငါးသရောက်မြို့တွင်းမှာ ခင်းထားတဲ့ ကတ္တရာလမ်းဆိုရင်လည်း ကျွန်တော်တို့ရပ်ကွက်မြောက်ဘက်က ရေကျော်ချောင်း မိုးရေတိုက်စားမှုကြောင့် ကတ္တရာလမ်းအကျယ် ၁၂ ပေခန့်ကို ၄ ပေလောက်က ပျက်စီးသွားပါတယ်။ ဒါ့ကြောင့် မြို့တွင်းသွားလာကြတဲ့ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် အန္တရာယ်ရှိနိုင်ပါတယ်။ နောက်ထပ် ကျွန်တော်သိရသလောက်တော့ ငါးသရောက်-ညောင်ဦး ကျောက်ချောလမ်းကလည်း မိုးရေတိုက်စားမှုကြောင့် ရေကျော်ခြောက်စင်းခန့် ပျက်စီးသွားတယ်လို့ သိရပါတယ်။ အဲဒီ ရေကျော်ခြောက်စင်းထဲမှာ ပျက်စီးမှု အများဆုံးဖြစ်တာကတော့ တဲမကျေးရွာအလွန် ဂေါတမရေကျော်ချောင်းပါပဲ။ အဲဒီရေကျော်က ဘယ်လောက်ပျက်စီးသွားသလဲဆိုရင် ကားနဲ့ ဆိုင်ကယ်တွေ မောင်းလို့မရအောင်ကိုပဲ ဖြစ်သွားတာပါ။ ဒီနေ့ မနက် ငါးသရောက်က ကားတွေ၊ ဆိုင်ကယ်တွေ အဲဒီဂေါတမ ရေကျော်ချောင်းနားရောက်ရင် တောင်ဘက်နားကနေ ကွေ့ပတ်ပြီးတော့ မောင်းသွားရပါတယ်။ အလားတူ ငါးသရောက်-လက်ပံခြေပေါ် ကျောက်ချောလမ်းတွေမှာလဲ ဒီလို မိုးရေတိုက်စားမှုကြောင့် ရေကျော်နေရာတွေမှာ ပျက်စီးမှုတွေဖြစ်သွားတယ်လို့ သိရပါတယ်ဗျ။ ဒါ့ကြောင့် အခုဆိုရင် မိုးရေတိုက်စားမှုကြောင့် ကျွန်တော်တို့မြို့နယ်မှာ ရှိသမျှလမ်းတွေ ပျက်စီးမှုတွေဖြစ်နေတဲ့အတွက် ငါးသရောက်မြို့ပေါ်က ဒေသခံတွေနဲ့ ကျေးရွာတွေက ပြည်သူတွေ သွားလာရေး အခက်အခဲဖြစ်နေရပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေအနေနဲ့ ဒေသခံပြည်သူတွေ ဒေသထွက်ကုန်စည်စီးဆင်းမှုတွေ မနှောင့်နှေးရအောင်၊ ရာသီမရွေး သွားလာရေးလွယ်ကူစေအောင် ပျက်စီးနေတဲ့ လမ်းတွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေချင်ပါတယ်” ဟု ငါးသရောက်မြို့ပေါ်မှ ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကွန်ကရစ်ပစ္စည်းမျိုးစုံနှင့်အတူ ကျောက်စားပွဲများကို တွဲဖက်ပြုလုပ်ရောင်းချ

**မန္တလေး စက်တင်ဘာ ၂၇**


ကွန်ကရစ်ပစ္စည်းမျိုးစုံဈေးကွက်တွင် ကျောက်စားပွဲခုံကလေးများပါ တွဲဖက်လုပ်ကိုင်လာကြသည်။ ကျောက်စားပွဲပြုလုပ်ရန်အတွက် အပိုင်းများခွဲခြားပြုလုပ်ပေးရသည်။ ပထမဦးစွာ စားပွဲခြေထောက်များကို သီးသန့်ပုံလောင်းကာ ပြုလုပ်ပေးကြရသည်။ စားပွဲမျက်နှာပြင်အတွက် ပုံစံခွက် (မို)ကို သီးသန့်ပြုလုပ်ထားပြီး ကျောင်ထိုင်ခုံအတွက် သီးသန့်ပုံလောင်းကာ ပေါင်းစပ်ပေးကြရသည်။ ပထမအဆင့် အရန်သင့်ပုံလောင်းထားသော ကျောက်စားပွဲအစုံခြောက်သွားပါက ကော်ဖတ်စားခြင်းကို ပြုလုပ်ပေးရသည်။

ကော်ဖတ်စားခြင်းဖြင့် ဘိလပ်မြေအတွင်းပါဝင်သည့် ကျောက်ပွင့်များပေါ်လာကာ လှပသော ခုံကလေးများရရှိသည်။ ကျောက်စားပွဲ ပြုလုပ်သည့် ဘိလပ်မြေအဖြူကို ထိုင်းနိုင်ငံမှ တိုက်ရိုက်ဝင်သည်။ ယခင်က စားပွဲအလယ်တွင် ကြွေပြားကိုအသုံးပြုပြီး အလှဆင်ကြသည်။ နောက်ပိုင်းတွင် သဘာဝကျောက်ခဲကလေးများကို ထည့်သွင်းအလှဆင်လာကြသည်။ စားပွဲဒီဇိုင်းကို လိုသလိုမိုပုံစံပြုလုပ်ကာ အမျိုးမျိုးပြောင်းလဲလုပ်ကိုင်လျက်ရှိပြီး အများအားဖြင့် တာရာစိုကျောက်စားပွဲဟုပင် ခေါ်ဝေါ်ကြသည်။

တာရာစိုကျောက်စားပွဲတစ်စုံရရှိရန်အတွက် သုံးရက်ခန့်ကြာသည်။ ပုံလောင်းပြီးသည်နှင့် အချောကိုင်ခြင်း၊ ပြန်ဖာခြင်းများ ပြုလုပ်ပြီး အနုစိတ်လုပ်ကိုင်ပေးရသည်။လက်ရှိကာလတွင် တာရာစိုကျောက်စားပွဲတစ်စုံလျှင်ငွေကျပ်သုံးသိန်းဖြင့် ရောင်းချလျက်ရှိသည်။ အခြားပစ္စည်းများအနေဖြင့် အလှဆင်ပန်းအိုး၊ ရေပန်းကလပ်များပါ ထပ်မံပြုလုပ်ရန်အတွက် စီစဉ်ထားကြောင်း သိရသည်။

**တိမ်တမန်**

# မိမိဘ၀ကို အင်အားအပြည့်ဖြင့် ချီတက်ပါ



ပါမောက္ခနွယ်နွယ်

**နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ယခုနှစ် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကမ္ဘာတစ်လွှား၌ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း ကမ္ဘာနှင့်တစ်လွှား နှလုံးကျန်းမာရေးလှုပ်ရှားမှုနှင့်အညီ ပါ၀င်ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Power your life" ဖြစ်ပြီး မြန်မာဘာသာဖြင့် 'မိမိဘ၀ကို အင်အားအပြည့်ဖြင့် ချီတက်ပါ' ဟု သင့်လျော်အောင် ဘာသာပြန်ဆိုထားပါသည်။

ကမ္ဘာတစ်ဝန်းရှိ အသက်ဆုံးရှုံးမှုများသောရောဂါများတွင် နှလုံးနှင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါတို့သည် နံပါတ်(၁)နေရာတွင် ရပ်တည်ဆဲဖြစ်သည်။

ကမ္ဘာပေါ်ရှိသေဆုံးမှုအားလုံး၏ ၃၁ ရာခိုင်နှုန်းမှာ နှလုံးနှင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းတို့ကြောင့်ဖြစ်သည်။ ဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများတွင် အဓိကဖြစ်နေပြီး ကမ္ဘာပေါ်ရှိ အမျိုးသမီးများသေဆုံးရခြင်း အဓိကအကြောင်းရင်းတွင်လည်း တတိယနေရာတွင်ရှိနေသည်။

၂၀၃၀ ပြည့်နှစ်တွင်မူ သေဆုံးမှုဦးရေ ၂၃ သန်းအထိ မြင့်တက်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။ နှလုံးနှင့် နှလုံးသွေးကြောရောဂါအများစုသည် ဖြစ်နိုင်ခြေ အန္တရာယ်များကိုသိရှိပြီး ကုသခြင်း၊ ထိန်းထားခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၅ တွင် နှလုံးသွေးကြောရောဂါကြောင့် အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းကို ၂၅ ရာခိုင်နှုန်းထိ လျှော့ချရန် ရည်မှန်းချက်ချကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာတစ်ဝန်း နှလုံးနှင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါတို့ ဖြစ်နိုင်ခြေမြင့်တက်လာရခြင်း အကြောင်းရင်းများမှာ

- ကလေးငယ်များတွင် အဝလွန်မှုများလာခြင်း (ကျောင်းနေကလေးများ ၁၀ ဦးလျှင် တစ်ဦး၊ ၅ နှစ်အောက်ကလေးများတွင် ၄၂ သန်းခန့်)
- ကမ္ဘာတစ်ဝှမ်း ဆေးလိပ်သောက်သုံးသူများလာခြင်း (သန်း ၁၀၀၀)၊ နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါ ကာကွယ်ရန်အတွက် ဆေးလိပ်သောက်သုံးခြင်းဖြင့် အဓိကရှောင်ရှားရန်လို အပ်သည်။
- ၁၀ နှစ်အတွင်း ဥရောပနိုင်ငံများတွင် ဆီးချိုရောဂါဖြစ်ပွားနှုန်း ၅၀ ရာခိုင်နှုန်းကျော်ထိတိုးလာခြင်း၊
- ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်း သွေးတိုးရောဂါရှိမှန်းမသိရှိသောကြောင့် သွေးပေါင်ချိန်မထိန်းထားနိုင်သောသွေးတိုးရောဂါ လူနာပေါင်း သန်း ၆၀၀ မှ သန်း ၁၀၀၀ ထိတိုးများလာခြင်း၊
- ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း (၂၀၁၀ ပြည့်နှစ် စာရင်းများအရ ကမ္ဘာတစ်ဝှမ်းရှိ လူလတ်ပိုင်းများတွင် ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းသည် ၂၃ ရာခိုင်နှုန်းထိရှိနေခြင်း)တို့ဖြစ်သည်။

ထို့အပြင် အရွယ်မတိုင်မီသေဆုံးမှုများလာခြင်း၊ ဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများတွင် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါတို့ကြောင့် သေဆုံးမှုနှုန်း ၈၀ ရာခိုင်နှုန်းထိ မြင့်တက်လျက်ရှိနေခြင်းနှင့် ကမ္ဘာတစ်ဝှမ်း နှလုံးသွေးကြောရောဂါ နှင့် လေဖြတ်ရောဂါတို့အတွက် ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၈၆၅၀၀၀ သန်းခန့်ရှိနေခြင်းတို့ကြောင့် မြင့်တက်လာသောနှလုံးနှင့်နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါ ဖြစ်ပွားနှုန်းကို လျှော့ချရန်အတွက် ရင်းနှီးမြှုပ်နှံမှုနည်းလမ်းများ ချမှတ်လုပ်ဆောင်ရန်လိုအပ်ပါသည်။

သင်နေထိုင်ရာ ပတ်ဝန်းကျင်တွင်သင်နှင့် သင့်မိသားစု၏ နေထိုင်စားသောက်မှုပုံစံများကိုအနည်းငယ်ပြောင်းလဲခြင်းဖြင့် သင်နှင့် သင့်မိသားစု၏ နှလုံးနှင့် လေဖြတ်ရောဂါဖြစ်ပွားမှုအန္တရာယ်တို့ကို လျှော့ချနိုင်ပြီး ကျန်းမာသောနှလုံးဖြင့် ဘ၀ကို အားအင်အပြည့်ဖြင့် ချီတက်သွားနိုင်မည်ဖြစ်ပါသည်။

သင့်နှလုံးသည် သင်၏ ခန္ဓာကိုယ်တစ်ခုလုံးကိုအားဖြည့်ပေးသည်။ သင်၏ နှလုံးသည် သင့်အားချစ်ခွင့်ပေးသည်။ ရယ်မောပျော်ရွှင်ခွင့်ပေးသည်။ စိတ်ချမ်းသာပျော်ရွှင်စွာနေခွင့်ပေးသည်။ ထို့ကြောင့် နှလုံးကျန်းမာရေးကို ဂရုစိုက်ရမည်။ ဂရုမစိုက်မိပါက နှလုံးသွေးကြောရောဂါ (နှလုံးနှင့် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်း)များ ဖြစ်နိုင်သည်။ သို့သော် သတင်းကောင်းမှာ အစားအသောက်ဆင်ခြင်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်းဖြင့် နှလုံးသွေးကြောရောဂါကိုကာကွယ်နိုင်သည်။ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် သင်နှင့် သင့်မိသားစုဝင်များအားလုံး နှလုံးကျန်းမာရေးကိုဂရုပြုကြရန် တိုက်တွန်းပါသည်။

- သင့်နှလုံးကိုအားဖြည့်ပါ။
- သင့်နှလုံးကိုလှုပ်ရှားပါ။
- သင့်နှလုံးကိုချစ်မြတ်နိုးပါ။
- သင့်ဘ၀ကို အင်အားအပြည့်ဖြင့် ချီတက်ပါ။

**သင့်နှလုံးကိုအားဖြည့်ပါ**

သင့်တင့်ကောင်းမွန်စွာစားသောက်ခြင်းဖြင့် သင်၏ နှလုံးသားကိုအားဖြည့်ပါ။

- သကြားနှင့် အဆီဓာတ်များစွာ ပါဝင်သည့် အသင့်ထုပ်ပိုးပြင်ဆင်ထားသော အစားအစာများကို မကြာခဏမစားမိပါစေနှင့်။
- အချိုဓာတ်များသော ဖျော်ရည်များနှင့် အသီးဖျော်ရည်များအစား ရိုးရိုးရေနှင့် အချိုဓာတ်နည်းသော ဖျော်ရည်များကိုရွေးချယ်ပါ။
- အချိုဓာတ်များသော သရေစာများအစား လတ်ဆတ်သောအသီးအနှံများကို စားသုံးပါ။
- အသီးအနှံ သို့မဟုတ် ဟင်းသီးဟင်းရွက်များကို လက်တစ်ဆုပ်စာနေ့စဉ် စားသုံးပါ။ (လတ်ဆတ်သော သို့မဟုတ် အအေးခံထားသော အသီးအနှံများနှင့် စည်သွတ်ဘူးများ၊ အခြောက်ခံထားသောအသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်ပါသည်။)
- အရက်သေစာများကိုအသင့်အတင့်သာချင့်ချိန်၍ သောက်သုံးပါ။
- ကျောင်း (သို့မဟုတ်) အလုပ်တွင် စားသုံးမည့် နေ့လယ်စာကိုကျန်းမာရေးနှင့် ညီညွတ်အောင်ပြင်ဆင်ချက်ပြုတ်ပါ။

**သင့်နှလုံးကို အလုပ်ပေးပါ**

လှုပ်ရှားတက်ကြွစွာ နေထိုင်ခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ချပါ။

- တစ်နေ့လျှင် နာရီဝက်၊ တစ်ပတ်လျှင် ငါးရက်၊ အတန်အသင့် ပြင်းထန်သောလေ့ကျင့်ခန်းများ ပြုလုပ်ပါ။
- ပြေးလွှားကစားခြင်း၊ လမ်းလျှောက်ခြင်း၊ အိမ်မှုကိစ္စများပြုလုပ်ခြင်းနှင့် ကခုန်ခြင်းများလည်းပြုလုပ်နိုင်ပါသည်။
- ဓာတ်လှေကားအစားလှေကားကို အသုံးပြုပါ။ ကားမောင်းသွားမည့်အစား လမ်းလျှောက်သွားပါ။ စက်ဘီးစီးပါ။
- သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် လေ့ကျင့်ခန်းအတူတူလုပ်ခြင်းသည် သင့်ကိုပိုမိုလှုပ်ရှားပျော်ရွှင်စေပါသည်။
- လေ့ကျင့်ခန်းများစတင်၍ မပြုလုပ်မီ တတ်ကျွမ်းသော ဆရာဝန်နှင့် ဦးစွာတိုင်ပင်ပါ။
- လေ့ကျင့်ခန်းအစီအစဉ်များ၊ လမ်းလျှောက်နှုန်းတိုင်းတာသောမီတာများကိုအင်တာနက်မှ ကြည့်ရှုအသုံးပြုခြင်းဖြင့် တိုးတက်မှုကိုသုံးသပ်နိုင်ပါသည်။

**သင့်နှလုံးကိုချစ်မြတ်နိုးပါ**

ဆေးလိပ်ဖြတ်ခြင်းသည် သင့်ကျန်းမာရေးအတွက် သင်၏ အကောင်းဆုံးလုပ်ဆောင်ချက်ဖြစ်သည်။

- နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေသည် ဆေးလိပ်ဖြတ်ပြီး နှစ်နှစ်အတွင်းတွင် သိသာစွာကျဆင်းစေပါသည်။
- ဆေးလိပ်ဖြတ်ပြီး ၁၅ နှစ် အကြာတွင် ဆေးလိပ်မသောက်သုံးသူများနှင့် တန်းတူဖြစ်လာနိုင်ပါသည်။
- တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်မိသောသူများတွင်လည်း နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ပါသည်။
- ထို့ကြောင့် ဆေးလိပ်ဖြတ်ခြင်းသည် သင့်ကျန်းမာရေးအတွက်သာမက သင့်ပတ်ဝန်းကျင်ရှိ လူများ၏ ကျန်းမာရေးအတွက်ပါ အထောက်အကူ ဖြစ်စေပါသည်။
- ဆေးလိပ်ဖြတ်ရန်အတွက် ကျွမ်းကျင်သော ဆရာဝန်များထံမှ အကြံဉာဏ်ကောင်းများရယူပါ။ သင့်ကျန်းမာရေးအန္တရာယ်ကိုသတိပြုပါ။ သင့်နှလုံးကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သောအခြေအနေများကိုသင်သတိပြုမိရန်လိုပါသည်။ တတ်ကျွမ်းသော ဆရာဝန်နှင့် တွေ့ဆုံ၍ သင့်ခန္ဓာကိုယ်အညွှန်းကိန်း၊ သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ်နှင့် သကြားဓာတ်များကိုပုံမှန်စစ်ဆေးပါ။
- သင်၏ သွေးတွင်းသကြားဓာတ်ကိုအချိန်မှန်မှန်တိုင်းတာပါ။

သွေးတွင်းသကြားဓာတ် မြင့်တက်နေခြင်းသည် ဆီးချိုရောဂါရှိနေကြောင်း ညွှန်းဆိုသည်။ ဆီးချိုရောဂါရှင်များအနက် ၆၀ ရာခိုင်နှုန်းသည် နှလုံးသွေးကြောရောဂါကြောင့် အသက်ဆုံးရှုံးကြရသည်။

ထို့ကြောင့် ဆီးချိုရောဂါရှိကြောင်းမသိလျှင်၊ သိပြီးမကုဘဲထားမိလျှင် နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းတို့ ဖြစ်စေနိုင်သည်။

- သွေးပေါင် မှန်မှန်ချိန်ပါ။ သွေးတိုးခြင်းသည် နှလုံးသွေးကြောရောဂါ ဖြစ်စေသောအဓိကတရားခံ၊ 'အသံတိတ် လူသတ်သမား' ဖြစ်သည်။

ရောဂါလက္ခဏာမပြသည့်အတွက် သင့်တွင် သွေးတိုးရောဂါရှိနေကြောင်းကို သတိမထားမိဘဲဖြစ်နေတတ်သည်။

- သင်၏ သွေးတွင်းအဆီဓာတ်နှင့် ခန္ဓာကိုယ် အညွှန်းကိန်းတို့ကိုပုံမှန် စစ်ဆေးပါ။ တစ်နှစ်လျှင် လူ လေးသန်းခန့် သွေးတွင်းကိုလက်စထရောများခြင်းကြောင့် အသက်ဆုံးရှုံးကြရသည်။တတ်ကျွမ်းသော ဆရာဝန်နှင့် တွေ့ဆုံ၍ သွေးတွင်းအဆီဓာတ်၊ ကိုယ်အလေးချိန်နှင့် ခန္ဓာကိုယ်အညွှန်းကိန်းတို့ကို တိုင်းတာစစ်ဆေးပါ။ သင့်တွင် နှလုံးရောဂါဖြစ်နိုင်ခြေရှိ-မရှိ သင့်ဆရာဝန်မှ အကြံပြုဆွေးနွေးပြီး လိုအပ်ချက်များ ညွှန်ကြားပေးပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့နှလုံးအဖွဲ့ချုပ်မှ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ၂၀၁၆ အထိမ်းအမှတ်အဖြစ် လူသားတိုင်းမိမိနှလုံးကျန်းမာရေးအတွက် ကောင်းမွန်သော အလေ့အကျင့်အပြုအမူများ ပေါ်ပေါက်လာစေရန်ပညာပေးဖော်ပြထားပါသည်။

# အလုပ်အကိုင်အခွင့်အလမ်းများပြားလာခြင်းနှင့်အတူ စက်ရုံများတွင် ကုန်တင်ကုန်ချအလုပ်သမားတည်ငြိမ်မှုနည်းပါးလာ



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့အမှတ်(၃) ရဲဒေသမှူး ရဲမှူးကြီးဇော်မင်းဦး ကြီးကြပ်လျက် အမှတ်(၃)လုံခြုံရေးရဲတပ်ခွဲတပ်ဖွဲ့ခွဲမှူး ရဲမှူးကြီး ဇော်မင်းထွန်းတို့ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၁၆ ဦး၊ အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး မျိုးမင်းလတ်ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၅ ဦး စုစုပေါင်း ၄၁ ဦးတို့သည် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- ၃၂၉

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးမြို့ရှိ စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂) တို့တွင် စက်ရုံအလုပ်ရုံများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခဲ့သည်။ စက်ရုံများ ပေါ်များလာခြင်းနှင့်အတူ အနီးအနားကျေးရွာများနှင့် နယ်မှ အလုပ်သမားများ လာရောက်လုပ်ကိုင်ကြသည်။ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားခန့်ထားမှုမှာ လခစားဝန်ထမ်းအဖြစ်ခန့်အပ်ခြင်း၊ နေ့စားပုတ်ပြတ်စနစ်ဖြင့် လုပ်ကိုင်သည့် အလုပ်သမားများခန့်ခြင်းဖြင့် နှစ်မျိုးထားလေ့ရှိသည်။ပုတ်ပြတ်အများစုမှာ အိတ်ပြတ်ဖြင့်ပေးလေ့ရှိသည်။ ဝန်ထမ်းများသည်လည်း ရရှိသည့်လစာပေါ်မူတည်ကာ အလုပ်ပြောင်းလဲမှုများပြားကာ အလုပ်ပြောင်းလျှောက်ခြင်းများပြုလုပ်လာကြသည်။ အထူးသဖြင့် စက်ရုံအလုပ်ရုံများတွင် နေ့စား ပုတ်ပြတ်အလုပ်သမားများမှာ တည်ငြိမ်မှုနည်းလျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်(၂) ဗုဒ္ဓစွယ်တော်မြတ်စေတီအနီးတွင် အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းကားကြီးကွင်းရှိနေခြင်းကြောင့် နေ့စားအိတ်ပြတ် ကုန်တင်ကုန်ချ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာခဲ့သည်။ ကားကြီးကွင်းကုန်တင်၊ ကုန်ချ လုပ်သားများသည် တစ်နေ့လျှင် အနည်းဆုံး ငွေကျပ်တစ်သောင်းငါးထောင်ကျော်အထိဝင်ကြောင်း သိရသည်။

စက်ရုံအလုပ်ရုံများသည် အလုပ်ပါးချိန်နှင့် အလုပ်များချိန်တို့မှာ ရာသီအလိုက် ကွာခြားမှုရှိတတ်သည်။ အလုပ်များချိန်တွင် နေ့စားပုတ်ပြတ်များသည် မိုးလုံလေလုံ အလုပ်အကိုင်ကောင်းကာ နေ့ထွက်ကိုက်ပြီး အလုပ်ပါးချိန်တွင် ရရှိငွေနည်းပါးလေ့ရှိသည်။

ထိုသို့သောကာလများတွင် နေ့စားပုတ်ပြတ် အလုပ်သမားများသည် အလုပ်ကောင်းရာ ကားကြီးကွင်းနှင့်တကွ အခြားအလုပ်ကောင်းရာ စက်ရုံများသို့ ပြောင်းရွှေ့လုပ်ကိုင်သည့်အတွက် အလုပ်သမားထိန်းသိမ်းမှု ခက်ခဲကြောင်း သိရသည်။

လက်ရှိကာလတွင် မွေးမြူရေးအစာစက်ရုံများနှင့်အချို့သောစက်ရုံများတွင် နေ့စားပုတ်ပြတ်အလုပ်သမားများကို ထိန်းနိုင်ရန် အလုပ်ပါးသည့်အခါ နေ့စားခ ၃၆၀၀ ပြည့်အောင် စိုက်ပေးခြင်းများအထိပါ ပြုလုပ်ကာထိန်းလေ့ရှိကြသည်။ စက်ရုံများတွင်အိတ်ထမ်းခမှာနည်းပါးပြီး ပြင်ပကားကြီးကွင်းများတွင် အိတ်ထမ်းခငွေလုပ်အားခမှာ များပြားသည်။

စက်ရုံအတွင်း အလုပ်များချိန်တွင်အိတ်အထမ်းသမားတစ်ဦးလျှင် အများဆုံး ငွေကျပ် ၇၀၀၀ အထိသာရရှိပြီး ထို့ထက်ပိုခြင်း မရှိပေ။ကုန်ထမ်းသမားများအတွက် ပင်ပန်းသည့်အတွက် ငွေကျပ်တစ်သောင်းကျော်မှသာ အဆင်ပြေမည်ဖြစ်သည်။ သို့အတွက် အများစုသော အိတ်ထမ်း ကုန်တင်ကုန်ချအလုပ်သမားများမှာ စက်ရုံအလုပ်ရုံထက် ကားကြီးကွင်းနှင့် သင်္ဘောဆိပ်များတွင်သာ သွားရောက်လုပ်ကိုင်မှုများပြီး စက်ရုံများတွင် ကုန်ထမ်းအလုပ်သမားများ ပုံမှန်မရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# အမရပူရဒေသထွက်ချည်ထည်နှင့် ချိတ်လုံချည်များကို ခေတ်မီဒီဇိုင်းဖြင့်ချုပ်လုပ်ရောင်းချမှုအားကောင်းလာ

**မန္တလေး စက်တင်ဘာ ၂၇**

လက်ရှိကာလတွင် နာမည်ကျော်ဦးပိန်တံတားဘေးတွင်အမရပူရထွက် ချည်ထည်အမျိုးမျိုး၊ ချိတ်ထည်အမျိုးမျိုးကို အသင့်ချုပ်ပြီး ဒီဇိုင်းများဖြင့် ခေတ်မီအောင်ချုပ်လုပ်ရောင်းချလာသည်။ ဦးပိန်တံတားနှင့် မန္တလေးတောင်သို့ လာရောက်သော ဧည့်သည်များမှာအမရပူရထွက် အထည်အမျိုးမျိုးကို လက်ဆောင်အဖြစ် အမှတ်တရဝယ်ယူသည့်အတွက် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့သည် ရက်ကန်းပညာ ထွန်းကားပြီး နာမည်ကြီးသော ဒေသပင်ဖြစ်သည်။ အထူးသဖြင့် ချည်ထည်၊ ပိုးထည်၊ ချိတ်လုံချည်ဒီဇိုင်းများနှင့် လွန်းတစ်ရာ အထည်မှာနာမည်ရသည်။ အမရပူရဒေသတွင်လက်ရက်ကန်းအစား စက်ရက်ကန်းများ အစားထိုးဝင်ရောက်လာသည်။ ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးသည် စက်ရက်ကန်းထောင်ပါက အနည်းဆုံးခြောက်စင်မှ စတင်လုပ်ဆောင်ကြသည်။

စက်ရက်ကန်း စက်ပိုင်ရှင်လုပ်ငန်းအသေးစားများသည် အထည်ကုန်သည်ရှာဖွေခြင်းထက် လုပ်ငန်းရှင်ကြီးများနှင့်ဆက်သွယ်ကာ ချည်ပေးအထည်သွင်းစနစ်ဖြင့် လုပ်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်ရခြင်းမှာ အထည်ဈေးကွက်အေးနေ၍ ပြုလုပ်ရခြင်းဖြစ်သည်။ ကုန်သည်ကြီးများမှာ ဖောက်သည်များပြီး ကုန်သိုလှောင်နိုင်စွမ်းရှိကြသည်။ ရက်ကန်းလုပ်ငန်းသည် အရင်းအနှီးကြီးသည်ဟု သိရပြီး စက်ရက်ကန်းစင် တစ်စင်လျှင်ငွေကျပ် ၁၈ သိန်း ခန့်ပေးရပြီး စက်အမျိုးအစားပေါ်မူတည်ကာ တန်ဖိုးကွာခြားသွားတတ်သည်။

စက်ရက်ကန်းနှင့်အတူ ရက်ဖောက်ယက်သည့် စက်များပါအစုံဝယ်ယူ ကြရသည်။စက်ရက်ကန်းတစ်စင်လျှင် ချည် ၁၀ ထုပ်ခန့်ကုန်သည်။ စက်ရက်ကန်းတစ်တန်းအတွက် ချည်တန်ဖိုးမှာ ငွေကျပ်ငါးသိန်းကျော်ပေးရသည်။ တစ်တန်းလျှင်အထည်ကွင်း ၂၅၀ ကွင်းရရှိသည်။ စက်ရက်ကန်းခြောက်စင်အတွက် အလုပ်သမားခြောက်ဦးသုံးရသည်။ လက်ရှိကာလတွင် ချိတ်လုံချည်တစ်ကွင်းလျှင် ဖောက်သည်သွင်းဈေး ငွေကျပ် ၃၈၀၀၊ ပြောင်ကွင်းတစ်ကွင်းလျှင် ငွေကျပ်၂၃၅၀ ဖြင့် သွင်းရကြောင်းသိရသည်။

**တိမ်တမန်**





# ပညာသင်ဆုနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၂၇**

မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများအား ပညာသင်ဆုနှင့်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌဗိုလ်မှူး(ငြိမ်း)ဘရန်ရှောင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူး ဖြင့် အောင်မြင်ခဲ့သည့် တပ်ကြပ်ကြီးစာရေးအောင်ဆန်းဦး(ငြိမ်း)၏ သမီး မသဲနှင်းဖြူအား ပညာသင်ဆုချီးမြှင့်ငွေကျပ် ၂၅၀၀၀၀၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် တပ်ကြပ် စိုးညွန့်လွင်(ငြိမ်း)၏ သမီး မဝါဝါအောင်အား ပညာသင်ဆုချီးမြှင့်ငွေကျပ် ၂၀၀၀၀၀၊ ရိုးရိုး အောင်မြင်သူ ကျောင်းသားကျောင်းသူ ၁၂ဦးအတွက် ချီးမြှင့်ငွေ ၆၀၀၀၀၀ နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၆၆ဦးအား ပညာသင်ထောက်ပံ့ငွေကျပ် ၂၉၉၅၀၀၀ နှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၄ ဦးအား ငွေ ကျပ် ၁၂၀၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးမှူး ၃၁ ဦးအတွက် ထောက်ပံ့ငွေ ၃၇၂၀၀၀ ကျပ် စုစုပေါင်း ချီးမြှင့်ငွေကျပ် ၅၆၁၇၀၀၀အား ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# ကျေးလက်လမ်းများဆောင်ရွက်မှုကြည့်ရှု

**ကလော စက်တင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်စိုး၊ ကလောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုးလွင်၊ ဦးစီးအရာရှိ(နည်းပညာ)ဦးဇေယျဝင်းနှင့်တာဝန်ရှိသူများသည် ကလောမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသလမ်းများ ဆောင်ရွက်မှုကို စက်တင်ဘာ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါအဖွဲ့သည် ရေချိုကျေးရွာ ဇောတိ-တံတားဦး လွယ်မယ်ကျောက်ချောလမ်း(၁/၂) မိုင်ခွင့်ပြုငွေကျပ် ၉၆ ဒသမ ၂၉၃၉ ကျပ်သန်းဖြင့် KZEN ကုမ္ပဏီမှ တာဝန်ယူခင်းကျင်းဆောင်ရွက်မှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဦးစီးမှူးနှင့် အဖွဲ့သည်လမ်းများအား သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး တို့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အပတ်စဉ်အနီးကပ်ကြီးကြပ်ဆောင်ရွက်သွား ရန်မှာကြားခဲ့သည်။

**(၄၇)**

# ဗိသုကာလူမှုကူညီရေးအသင်း (၈)နှစ်မြောက်သွေးလှူဒါန်းပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

ဗိသုကာလူမှုကူညီရေးအသင်း သွေးလှူရှင်အဖွဲ့ (၈)နှစ်မြောက်သွေးလှူဒါန်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန် မြို့နယ်ရှိဗိသုကာလူမှုကူညီရေးအသင်းရုံး၌ စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါသွေးလှူဒါန်းပွဲအား ဗိသုကာလူမှုကူညီရေးအသင်းဥက္ကဋ္ဌမှ ဦးဆောင်၍ မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး၊ သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာ၊ဆရာမများက လာရောက်စီစဉ် ဆောင်ရွက်ပေးခဲ့ကြပြီး ငါးကြိမ်နှင့်အထက်သွေးလှူရှင်များကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းလှူဒါန်းပွဲသို့မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကိုနှင့် ဦးဇော်မောင်မောင်၊ မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီး၊ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဗိသုကာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမြသိန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းမှ သွေးလှူရှင်များ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရွှေကျင်မြို့၌ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကျင်းပ

**ရွှေကျင် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အမှတ်(၅၇) ခြေလျင်တပ်ရင်း ဘောလုံးကွင်း၌ စက်တင်ဘာ ၂၄ ရက် ညနေ၄ နာရီကဇေယျာရွှေမြေ FC အသင်းသားများပါဝင်သော SOE J FC အသင်းနှင့် ရွှေကျင်မြို့နယ် SG ALL STAR FC အသင်းတို့ချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပရာ နှစ်သင်းစလုံး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ကြရာ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပြီး SOE J FCအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

**သန်းခွေးနှင့်ဆောင်းရင်းများ၏ သိတင်းကျွတ်ဘုရားဖူးခရီး**

Oct 14, 21, 28 ထွက်မည်

ကျိုက်ထီးရိုး ရွှေနဒီ ချောင်းသာ

Ph: 01-380141, 01-241863, 09-43043109, 09-73251422

**ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်မှတ်သင်တန်း**

ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အစေးကုန်ကြမ်းဆိုင်

EAC

76, ... ကြည့်မြင်တိုင် 09-5385522

09-402520073, 09.793565900, 01.2315072

အင်းလေးချစ်သူ (Travels & Tours)

အဆင်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

| | |
|---|---|
| ပုဂံ (ဖွယ်တော်လေးဆူ) ပုပ္ပား ပေါ့ပ္ပါ | 14-28/10 |
| တောင်ကြီး အင်းလေး ကလော ... ပင်းတယ | 7-21/10 |
| ပြင်ဦးလွင် မန္တလေး မုံရွာ | 7-21/10 |
| မြဝတီ ... | 28/10 |

ခရီးစဉ်အားလုံး (၃) ညအိပ် (၄) ရက်၊ 99000/-

ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး Guide Service

09-4210 30 814, 09-97 925 2020,
09-97 925 2121, 09-2636 95 301

လပြည့် 09-50-37438 532200

မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ဆုံသစ္စာ

Ph : 0973174066
095504667

aoGnftouf

ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ။

ဖုန်း-၀၉-၅၁၅၂၈၆၅၊
၀၉-၇၉၉၉၃၀၅၆၀

တားရောင်းမည်

Vanguard . 2007/ စတီ

Alphard . 2003 / စတီ

Ph : 09-794999927

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ကြီးဌာနကိုယ်စားပြု ရင်ထိုးတံဆိပ်များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဝယ်ယူမည်ဖြစ်ပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တံဆိပ်အမျိုးအစား၊ အရောင်နှင့် အရွယ်အစား၊ ရင်ထိုးတံဆိပ်မျက်နှာပြင်တွင် ပါရှိရမည့်အချက်များကို တင်ဒါပုံစံတွင် ဖော်ပြပါရှိမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်မှာ ၂၂-၉-၂၀၁၆ရက်(ကြာသပတေးနေ့) ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့်ရက်မှာ ၃၀-၉-၂၀၁၆ ရက် (သောကြာနေ့) ၁၅:၀၀ နာရီ ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်၊ ဝန်ကြီးရုံး(ဌာနခွဲ-၃)၊ ဖုန်းအမှတ်-၀၆၇-၄၁၀၀၉၈ သို့ ဆက်သွယ်စုံစမ်း ရယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့၊ ဝန်ကြီးရုံး**



လေးစားစွာဖိတ်ကြားအပ်ပါသည် "ရင်သားကင်ဆာအကြောင်း နောက်ဆုံးပေါ် သိကောင်းစရာများ"

Breast Cancer Awareness in **"Latest Update in Breast Cancer"**

*By Dr. Tapanutt Likhitmaskul, Breast Surgeon*
***Bangkok Hospital Pattaya, Thailand***

*(Second Class Honors) Ramathibodi Hospital, Mahidol University 2007*
*Diploma Thai Board of General Surgery 2012*
*Certification of Breast Surgery, Department of Surgery,*
*Phramongkutklao Hospital and College of Medicine, Bangkok 2014*



Date : Saturday 1st October 2016 Time : 01.00 p.m. - 04.00 p.m.
Contact Person : Dr.Su Theingi Myint, Zar & Zar Co., Ltd.
Phone : 01-8604552, 8604553, 8604554 Email : health.zarnzar@gmail.com
Venue : Pyay Conference Room, Novotel Yangon Max Hotel
Lucky Draw : Mammogram Discount/ Free, ရင်သားဓါတ်မှန်ရိုက်ခြင်း အထူးနှုန်း/အခမဲ့ ကံစမ်းမဲ အစီအစဉ်ပါဝင်ပါသည်။

www.bangkokpattayahospital.com | A MEMBER OF BDMS | APEX ASIA | ZAR & ZAR Co.,Ltd



MELIA
WEDDING FAIR

PRESENTED BY
စိန်နန်းတော်
Diamonds & Fine Jewelry

" Celebration Of Love "

1ST & 2ND
OCT 2016
10AM - 7PM
MELIA YANGON HOTEL
(GRAND BALLROOM )
FREE ENTRANCE
Sein Nan Daw Lucky Draw Program

Highlights
* Jewellery Shows
* Bridal Fashion Shows
* Exhibitor Booths
* Special Discounts
(5% to 30% off)
* Bridal Makeup Sessions
* Tips By Wedding Planner
* Music & Entertainment
* Photo Opportunites
* Lucky Draws
* Free Gifts
* Wedding Games

15% off
All Wedding Diamond Rings & Bridal Jewellery

Royal Princess Collection

AYA Bank — Your Trusted Partner — PLATINUM SPONSOR
FOREVER — Wedding One Stop Service Centre — GOLD SPONSORS
KHIN SAN WIN Bridal Makeup & Dress — SILVER SPONSORS
Pyae Soe Aung — Exclusive Bridal Creations

Entertainment
* Fashion Shows by Supermodels & Miss Myanmar,
* Singing Performance by Singer Chan Chan & Po Po
* Dance Performances by Filipino Fusion Dance Troupe & Myanmar Ballet School

JEWEL HOTEL Yangon
ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

မြတ်သဒ္ဒါ
09 5014601, 09 8616567.

**တိုက်ခန်းအမြန်ရောင်းမည်**

BCC ကျပြီး တိုက်သစ်တိုက်ခန်းများ လိုင်စင်ရကန်ထရိုက်ကိုယ်တိုင်ရောင်းမည်။

၁။ (၁၈)၊ အောင်သုခလမ်းနှင့်ရွှေနှင်းဆီ(၂)လမ်းထောင့်၊ ပန်းခြံမှတ်တိုင်အနီး၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်။ (၁၉'× ၅၄')။
မြေညီ (၅၀၀ သိန်း)၊ ပ-ထပ် (၃၈၀ သိန်း)၊ ဒု-ထပ် (၃၅၀ သိန်း)
တ-ထပ် (၃၂၀ သိန်း)၊ စ-ထပ်(၂၈၀ သိန်း)၊ ပဥ္စမထပ်(၂-ခန်း) (၂၅၀ သိန်း)

၂။ (၂)၊ အောင်သုခလမ်းနှင့်ရွှေနှင်းဆီ(၄)လမ်းထောင့်၊ ပန်းခြံမှတ်တိုင်အနီး၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်။ (၁၉'× ၅၄')။
မြေညီ (၅၀၀ သိန်း)၊ ပ-ထပ် (၃၈၀ သိန်း)၊ ဒု-ထပ် (၃၅၀ သိန်း)
တ-ထပ် (၃၂၀ သိန်း)၊ စ-ထပ် (၂၈၀ သိန်း)၊ ပဥ္စမထပ်(၂-ခန်း) (၂၅၀ သိန်း)

- ၀၁-၈၅၅၀၉၈၇၊ ၀၉-၂၅၄၄၈၇၉၃၀၊ ၀၉-၃၁၀၅၃၄၄၄

စိန်ငါးလုံး ကျောက်ကြေးဆေး

ဆီးယို ဆီးနီခြင်း ဆီးနည်း ဆီးကျန်ခြင်း ဆီးအနည်ကျခြင်း ဆီးသွားလျှင်သွေးပါခြင်း ဆီး ကျောက်ကပ် အသည်းနှင့် သည်းခြေကျောက်တည်ခြင်းတို့အတွက် ဆေးသောက်ရုံဖြင့် ကြေပျောက်စေ စိန်ငါးလုံး ကျောက်ကြေးဆေးကို သုံးစွဲပါ။

၀၉-၃၄၁၅၅၃၅၃
၀၉-၄၂၁၀၅၀၀၀၅

အမြို့မြို့ဆေးဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

ကြော်ငြာ

UNIQUE STAR TRAVELS & TOURS

| | | | |
|---|---|---|---|
| ဝန်ကောက် | (6D/5N) | Oct: 8, 15, 22 / Nov: 5, 19, 26 | (320 $ / 400 $) |
| ဗီယက်နမ် | (6D/5N) | Oct: 8, 15, 22 / Nov: 5, 19, 26 | (320 $ / 400 $) |
| ဗီယက်နမ် - ကမ္ဘောဒီးယား | (6D/5N) | Oct: 19 / Nov: 14 | (500$ / 600 $) |
| စင်ကာပူ / စင်ကာပူ-မလေးရှား | (7D/6N) | Oct: 8, 22 / Nov: 5, 12 | (500 $ / 700 $) |
| ဂျပန် / ကိုရီးယား | (9D/8N) | Oct: 15 / Nov: 11 | (2800 $ / 1900 $) |
| ပီကင်း၊ ရှန်ဟိုင်း | (8D/7N) | Oct: 15 / Nov: 5, 12 | (1600 $) |
| ဟောင်ကောင်၊ မကာအို၊ ကွမ်ကျိုး | (8D/7N) | Oct: 15 / Nov: 11 | (1400 $/ 1600 $) |

No(70/A),Kabaaye Pagoda Rd.Ph:09 540 1568 ,09 540 1569, 09 514 8079, 09 7310 9133 - 44.

ရခိုင်ပြည်ဘုရားဖူးခရီး ကောင်းထက်စနှင့်အဖွဲ့ လက်မှတ်အမြဲရပေးသည်

ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးဘုရားပုထိုးများ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ ပိုင်းကပ်စခြေ(သိတ်ပွဲ)ဘုရားများ၊ ငပလီကမ်းခြေ(ဟိုတယ်)တည်းခိုခြင်းနံနက်၊ နေ့လည်၊ ညနေ၊ စား၊ ငြိမ်း (အဆင့်မြင့်ဆိုင်ကျေး)220000/(ရွှေသိဒ်ရက်ခရီး) (14-10-16) (သိတင်းကျွတ်)ထွက်မည်။ ဗီဒီယို မှတ်တမ်း လက်ဆောင်။
Ph:09 448003431,0949660481,09 798860461

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

DADDY (ဒယ်ဒီ) Travels & Tours
ချောင်းသာ
(၂ညအိပ်/၃ရက်)
(Oct 14,28 ထွက်မည်)
Ph:09-448001903

သုခလမ်းညွှန် Travels & Tours
Scania ကားဖြင့် နေ့ချင်းပြန်ခရီးစဉ်များ
ငပလီနေ့စဉ် VIP သွားပြန် ၄၂၀၀၀
ချောင်းသာ နေ့စဉ် VIP သွားပြန် ၂၂၀၀၀
ကျိုက်ထီးရိုးနေ့စဉ် VIP နှစ်ထပ်ကားသွားပြန်
အောက်ထပ်-20000/ ပေါ်ထပ်-15000
Phone-09-252929722/ 33/ 44/ 55/ 66

Fully Light ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင်-၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085

အငှေ့မတန်း၊ ဘာသာစုံ
ပညာချွန်
မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော
၂၀၁၅ မေးခွန်း ၁၅ စုံ နှင့် ၂၀၁၆ မေးခွန်း ၁၅ စုံ ထိုးခဲ့
မေးခွန်းဟောင်းများ နှင့် စံပြအဖြေများ
ထွက်ပြီ
သင်ရိုးအတိုင်း အခန်းလိုက်စုစည်းထားပါသည်။



ပညာစိတန် (ပညာချွန်) စာအုပ်တိုက် အမှတ်(၂၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
LCCI & ACCA
စာရင်းကိုင်သင်တန်းများ




U Aung Naing-LCCI(official page), ASA aung naing
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)၊ ကျောက်တံတား၊ ရန်ကုန်မြို့။
Tel : 01-377610, 09-730 99752, 09-730 66231, 09-320 60060

Number One Directory in Myanmar
The YANGON DIRECTORY
၂၀၁၇ အတွက် ကြော်ငြာလက်ခံမည့်နောက်ဆုံးရက်မှာ (၁၀.၉.၂၀၁၆)




လူဦးရေအများဆုံး အသုံးပြုတဲ့လမ်းညွှန်
ကြည့်ရှုသူအများဆုံး online လမ်းညွှန်
ဖုန်းတိုင်းမှာ သုံးနိုင်တဲ့လမ်းညွှန်
ဘာပဲလိုလို Everything U Need
SALES : 09-448001662 | yangondirectory.com

ဇီဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ကြော်ငြာ


**Asia Top** မှ ဘင်းလေးဖောင်တော်ဦးဘုရားပွဲတော်
ကောင်ကြီး၊ အင်းလေး(ရွှေအင်းတိန်)၊ ပင်းတယ၊ ကုံလုံ၊ ကလော
မှုံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပုဂ္ဂံ–သီတင်းကျွတ်၊ သရက္ခန်ဘုရား
ထားဝယ်၊ ရှင်ကိုရှင်၊ မျောက်ရစ်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်ဆဲ
မန္တလေး၊ မြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(မင်းကွန်း) | အပတ်စဉ်–သောကြာ
ကျိုက်ထီးရိုး/ချောင်းသာ(ငွေဆောင်)
098635520,0949764458,0943164118

**GOLDEN RICH TRAVELS**
ဝန်ကောက် (၂)ည၊ ပတ္တယား၊ အယုဒ္ဓယ၊မဲဇောက် Oct -13
ဝန်ကောက် (၂)ည၊ ပတ္တယား၊ ကမ္ဘောဒီယား Nov-11
09 450587933, 09 250366279,09 786674066

**Possible Travels & Tours**
သီတင်းကျွတ်အားလပ်ရက်ခရီးစဉ်များ
Oct 14
Oct 14
Oct 14
Oct 14
Sep 24, Oct 1,8,15,22,29
Sep 24, Oct 1,8,15,22,29

**GETC** building a better future
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်



Communicative English
General English
Business English
Enroll Now for October Intake!
Get Thadingyut Special Discount

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း(ကမ္ဘာအေး) |
|---|---|---|---|
| 537895, 09262963776 | 549590, 09254148006 | 09259822226/ 7 | 663960, 09259822220 |




**GW** 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

ဦးရဲမင်းပိုင်(သချ်ာ)ဒသမတန်း ၅ လပြတ်
အကြောင်းအမျိုးမျိုးကြောင့်ယခုမှစတင်လေ့လာမည့်သူများအတွက်
အောင်မှတ်ရရန် အကောင်းဆုံးကြိုးစားသင်ကြားပေးပါမည်။
(၁၀)ဦး ဘာသာစုံတသင်တိုင်၊ နေ့စဉ်တက်ရမည်(လစဉ် ၇၅၀၀၀)
ညနေတန်း၌ ၅း၀၀/၇း၀၀ (လစဉ် ၄၀၀၀၀)
၀၉၇၃၁၆၁၁၄၀/၀၉၄၂၀၁၂၉၃၃၃
ဂဏန်း၊ သချ်ာ/အင်္ဂလိပ်စာ တန်းခွဲသစ်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

**WISE College** GROUP CERTIFICATE IN BUSINESS ADMINISTRATION

အချိန်တိုအတွင်းမှာ စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်များကို စုံစုံလင်လင်တက်ရောက်သင်ယူလိုသူများအတွက် Group Certificate In Business Administration သင်တန်းကို (၇.၁၀.၂၀၁၆)ရက်နေ့၌ WISE College (Shwe Gone Daing Campus) တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံရှိသော အရည်အသွေးပြည့်ဝသည့် ပါမောက္ခ/တွဲဖက်ပါမောက္ခများကိုယ်တိုင် သင်ကြားပေးမည်ဖြစ်ပါသည်။ Group Certificate In Business Administration Course တွင် ပါဝင်သော ဘာသာရပ်များမှာ -

1. Certificate in General Management
2. Certificate in Human Resource Management
3. Certificate in Marketing Management

သင်တန်းကာလမှာ တစ်ပတ်လျှင် ၃ ရက်ဖြင့် တစ်လခွဲ ကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ သောကြာ ညနေ ၆ နာရီမှ ၈ နာရီအထိ သင်ကြားပေးမည်ဖြစ်ပါသည်။ စာတွေ့သာမက လက်တွေ့ကျွမ်းကျင်မှုများပါ ရရှိစေရန် Group Activities များနှင့်အတူ Workshops များကို တစ်ပတ်လျှင် ၂ ရက် ထပ်မံတက်ရောက်ရမည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံး အောင်မြင်သူများသည် သက်ဆိုင်ရာ Certificate (၃)ခုနှင့်အတူ Group Certificate (၁)ခုအားထပ်မံ ရရှိပါမည်။ ဘာသာရပ်တစ်ခုချင်းစီအနေဖြင့် လည်း တက်ရောက်သင်ကြားနိုင်ပါသည်။

WISE College : No.1009 (A & B), 10th Floor, Yuzana Tower, Shwe Gone Daing, Bahan Township.
Ph : 09 421 154 862, 09 255 723 388, 01 556183
WISE College-Professional Diploma

selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်
virosava® Brightening BB Balm



